www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဒေါ်ယဉ်မိုးပိုင်
(ဆောင်းညပြာသို စာပေ)
အမှတ်-၄၃၊ ၃ (ဘီ)၊ လမ်း(၉၀)၊
ကန်တော်ကလေး၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ - ဒေါ်နီနီနိုင် (၀၇၁၃၅)
သိရိမေရောင်စုံပုံနှိပ်တိုက်
အမှတ်(၁၉)၊ လမ်း(၉၀)၊
ကန်တော်ကလေး၊
မင်္ဂလာတောင်ညွန့်၊ရန်ကုန်မြို့၊
ဖုန်း - ၀၁ ၃၉၉၀၆၄

အတွင်းဖလင် - ဦးထွန်းဆိုင်

စာအုပ်ချုပ် - သိရိမေ

ကွန်ပျူတာစာစီ - Asia Glory

ပုံနှိပ်ခြင်း - ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ
(ပထမအကြိမ်)

အုပ်ရေ - ၅၀၀

တန်ဖိုး - ၅၀၀ ကျပ်

၈၉၅ ◦ ၈၃

မင်းတခေတ်

**နိုင်းနိုင်းနိုင်း** / မင်းတခေတ်–ရန်ကုန်

ဆောင်းညပြာသိုစာပေ၊ ၂၀၁၃၊ အောက်တိုဘာလ

၂၃၀ စာ၊ အလျား ၁၂ ◦ ၇ စင်တီ၊ အမြင့် ၁၇ ◦ ၇၈ စင်တီ

(၁)**နိုင်းနိုင်းနိုင်း**


## Super Warning

ဤစာအုပ်သည် ဝတ္ထုဖြစ်သည်။

ထို့ကြောင့်. . .

ဤဝတ္ထုသည် စာအုပ်တစ်အုပ်သာ ဖြစ်လေ၏။

Written by,

Min Ta Khit

OK!...Ready...

1...2...3...4...

Let's Go..........

ဆောင်းညပြာသိုစာပေ

www.burmeseclassic.com

www.burmeseclassic.com

တရွှေနကွတ်နဲ့ ကောင်မလေးတစ်ယောက်သည်
'ကြွက်'အမှတ်တံဆိပ် အဖြူရောင်အင်္ကျီတစ်ထည်ကို
ဝတ်ဆင်ပြီး စာအုပ်တစ်အုပ်ကို ဖတ်နေပါသည်။



## Opening

သူမ အလွန်အမင်းထိတ်လန့်နေသည်။ ဆက်တိုက်မှာ ထိုင်ပြီး မျက်လုံးကို စုံမှိတ်ထားမိသည်။

သို့သော်. . မကြာခဏဆိုသလို စားပွဲပေါ်မှာ ချထားသည့် မိုဘိုင်းဖုန်းကလေးကိုလည်း မျက်လုံးဖွင့်ဖွင့်ကြည့်နေမိသည်။

အခန်းနံရံရှိ နာရီစက္ကန့်သံ တချောက်ချောက်က သူမရင်ခုန်သံကို ပိုမိုရှုန်းကြွနေစေ၏။ သူမကို သေသေချာချာ စူးစိုက်ကြည့်မိပါက နားသယ်ဆံစပ်မှာ တွဲလွဲခိုနေသည့် ချွေးသီးချွေးပေါက်အချို့ကိုပါ ထင်ထင်လင်းလင်းမြင်တွေ့နိုင်မည် ဖြစ်ပါသည်။

နောက်. . သူမက ခုံမှာထိုင်ရင်း စိတ်တည်ငြိမ်မှုရရန်အတွက် တတ်သမျှမှတ်သမျှ ဘုရားစာများကိုလည်း ရွတ်ဆိုနေပါသေးသည်။ သို့ပေမယ့်လည်း သူမစိတ်ထဲက စိုးရိမ်ထိတ်လန့်မှုတို့က ဆံခြည်တစ်မျှင်မျှပင် လျော့ပါးမသွား။

စားပွဲပေါ်က ဖုန်းကလေးကို မြင်နေရတိုင်း သူမ စိုးရိမ်စိတ်တို့က ပိုမိုတိုးပွားလာရ၏။

သူမစိတ်ထဲမှာတော့ 'ငါ မစမ်းသပ်ခဲ့မိရင် အကောင်းသား' ဟု အကြိမ်ကြိမ်ညည်းတွားနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက် မကြာခဏဆိုသလို သူမပါးစပ်က 'အဲ့ဒီဖုန်း မမြည်ပါစေနဲ့'ဟုလည်း ဆုတောင်းသလို တီးတိုးရွတ်ဆိုနေမိပါသေးသည်။

သူမ ဘာကြောင့် ဤမျှ စိတ်ဒုက္ခရောက်နေရပါသနည်း။

သူမ ဖုန်းကိုကြည့်ပြီး ဘာအတွက် ထိတ်လန့်ကြောက်ရွံ့နေရပါသလဲ. .

မသိ. . .

ထိုအဖြေကို သူမကိုယ်တိုင်ပင် သိပေလိမ့်မည်။ တခြားမည်သူမျှ ထိုအဖြေကို သိလိမ့်မည်မဟုတ်ပေ။

"ချောက်. . . ချောက်. . . ချောက်. ."

နာရီစက္ကန့်သံ တချောက်ချောက်က အခန်းထဲမှာ ပိုင်စိုးပိုင်နင်း ပြေးလွှားနေ၏။ တိတ်ဆိတ်မှုကို သရုပ်ပြထားသလို သူမ အသက်ရှူသံ ခပ်ပြင်းပြင်းကလည်း ကပိုကရိုအဝင်အထွက်လုပ်နေလေ၏။

ထိုစဉ်. . .

♬ လမ်းပြကြယ်လေး ×× လမ်းပြကြယ်လေး × × နင်ဟာငါ့ဘဝအကွက် × × အလင်းများဖန်ဆင်းပေး ♬

စားပွဲပေါ်က သူမ မိုဘိုင်းဖုန်းကလေး၏ Ringtoneသံလေးက သူမကို အသက်ရှူရပ်တန့်သွားမတတ် ထိတ်လန့်သွားစေသည်။

"ဘုရား. . ဘုရား. . ငါ့ကို ဖုန်းပြန်ခေါ်နေပြီ"

"♬ ×× လမ်းပြကြယ်လေး × × ♬

Ringtoneသံလေးက အဆက်မပြတ်မြည်နေပေမယ့် သူမ





မကိုင်ရဲသေးပါ။ ခေါင်းထဲမှာတော့ သွေးပျက်ထိတ်လန့်မှုနှင့်ကြောက်ရွံ့အားငယ်မှုတို့ကသာ ကြီးစိုးနေကြ၏။

သူမ ဘာလုပ်ရမည်နည်း။

မသိ. . .

ဖုန်းမြည်သံကို သူမ ဘာကြောင့် ထိတ်လန့်နေရသနည်း။

. . . . . . . . . . ။

နောက်ဆုံး. . . .

သူမ ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်ပြင်ပြင်ချလိုက်ပြီး အသက်ခပ်ဝဝ တစ်ချက်ရှူရှိုက်လိုက်၏။ နောက်. . စားပွဲပေါ်က သူမ မိုဘိုင်းဖုန်းလေးကို ယူလိုက်ပြီး screen ပေါ်ကို ရင်တခုန်ခုန်နှင့်ကြည့်လိုက်မိသည်။

"ဟူး. . ."

(သက်ပြင်းချသံ)

"တော်ပါသေးရဲ့"

သူမရဲ့တီးတိုးစကားသံအဆုံးမှာပဲ 'answer'ကို နှိပ်လိုက်ပြီးနားမှာကပ်နားထောင်လိုက်သည်ဆိုသည်နှင့် တစ်ဖက်က မိန်းကလေးတစ်ယောက်၏ ခပ်စွာစွာလေသံလေးကို စူးစူးရှရှ အရင်ကြားလိုက်ရသည်။

"အမယ်လေး. . သဥ္ဇာရယ် ခေါ်လိုက်ရတာဟာ၊ ရှာမှပဲ ဖုန်းကိုင်ဖော်ရတော့တယ်. . ဒါနဲ့ နင် အဆင်ပြေတယ်မို့လား. . သဥ္ဇာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . ခုထိတော့ အဆင်ပြေနေတာပဲ Mickey(မစ်ကီ) ငါ့စိတ်တွေချောက်ချားနေတာတော့ အမှန်ပဲဟာ. . အခု နင့်ဖုန်းခေါ်တာကိုတောင် ဟိုဖုန်းခေါ် သံမှတ်ပြီး တန်းမကိုင်ရဲတာ"

"အဲလောက်ကြီးလည်း စိတ်ထဲစွဲမနေစမ်းပါနဲ့ သဥ္ဇာရယ်. . ဖြစ်ပျက်ခဲ့တဲ့ကိစ္စတွေကလည်း တိုက်ဆိုင်ခဲ့တာနေမှာပါ. . အဲဒီနံပါတ်နဲ့ဘာမှမဆိုင်ပါဘူးဟာ. . ကဲ. . ကဲ. . ဒါပဲပဲ မိသဥ္ဇာ"

"အေးအေး. . မစ်ကီ"

"ငါ. . နင် စိုးရိမ်ထိတ်လန့်နေမှာ သိလို့ တမင်ဖုန်းဆက်ပြီး အားပေးစကားပြောနေတာ. . အကြောင်းထူးရှိရင် ငါ့ဆီကို ဖုန်းချက်ချင်းခေါ် လိုက်နော်"

"အင်း. . ကျေးဇူးပါပဲ မစ်ကီရယ်"

သူငယ်ချင်းဖြစ်သူရဲ့အားပေးနှစ်သိမ့်မှုကြောင့် သူမ အနည်းငယ်နေသာထိုင်သာတော့ ရှိသွား၏။

ဖုန်းကို စားပွဲပေါ် သို့ပြန်တင်ထားလိုက်ပြီး -

"အဖြစ်အပျက်တွေအားလုံးက တိုက်ဆိုင်သွားတာနေမှာပါ လေ. . . "ဟုလည်း အသံတိတ် တွေးတောနေမိသေးသည်။

အခန်းထဲမှာတော့ နာရီသံတချောက်ချောက်က စည်းချက်ညီညီ ထွက်ပေါ် နေမြဲဖြစ်၏။ ထိုစဉ် -

♫ လမ်းပြကြယ်လေး × × လမ်းပြကြယ်လေး × × နင်ဟာ ငါ့ဘဝအတွက် × × အလင်းများဖန်ဆင်းပေး ♫





စားပွဲပေါ်က မိုဘိုင်းဖုန်းလေးက ဒုတိယအကြိမ်မြောက်မြည်လာပြန်သည်။

"မစ်ကီ ငါ့ကို ဘာပြောစရာကျန်ခဲ့လို့လဲ"

အထက်ပါအတွေးနှင့်အတူ ဖုန်းကိုယူလိုက်ပြီး screenပေါ် ကို ကြည့်မိလိုက်သည်။

"ဟို. . "

ဒါ. . ဒါ. . ဘယ်လိုဖြစ်ရတာလဲ. . ။

ဒါဆို ဒီအဖြစ်အပျက်တွေက တကယ်ပဲလား. .

ဟင့်အင်း. . မဖြစ်နိုင်ဘူး. . လုံးဝမဖြစ်နိုင်ဘူး. .

♫ လမ်းပြကြယ်လေး × × လမ်းပြကြယ်လေး × × ♫

တုန်ယင်နေသည့် သူမလက်ထဲမှ မိုဘိုင်းဖုန်းလေးကတော့ အဆက်မပြတ်မြည်နေဆဲ. . သူမ ဘာလုပ်ရမည်မသိဖြစ်နေမိသည်။ နောက်. . ဖုန်းscreen ပေါ်က နံပါတ်က သူမနှလုံးခုန်နှုန်းကို ကစဥ့်ကလျားဖြစ်နေစေ၏။

ဖုန်းscreenပေါ် မှာတော့ ထူးဆန်းသောနံပါတ်တစ်ခု။






www.burmeseclassic.com

www.burmeseclassic.com



သူမ စိုးရိမ်ကြောက်လန့်နေခဲ့သော. . ဖုန်းနံ့ပါတ်တစ်ခုက တကယ်ပဲ အသက်ဝင်ခေါ်ဆိုနေပြီဖြစ်သည်။

ငါ. . ဘာလုပ်ရမလဲ. . .

ဘယ်လိုလုပ်ရပါ့မလဲ. . .

မေးခွန်းအချို့ သူမခေါင်းထဲကို အစုလိုက်အသိုက်လိုက်ပြေးလွှားနေ၏။

နောက်ဆုံး. . သူမ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ပြီး ဖုန်းလက်ခံစကားပြောလိုက်၏။

"ဟယ်လို"

"× × × × × ×"

သူမအသံလှိုင်းတို့က တုန်ယင်ခြောက်သွေ့နေ၏။

"ရှင်"

"× × × ×"

"ဟုတ်ပါတယ်. . ကျွန်မ ရခဲ့ပါတယ်. . ဒါနဲ့. . ဒီဖုန်းနံပါတ်ပိုင်ရှင်က တကယ်ပဲ လူတစ်ယောက်ပဲလား. . နာမည်ရော ဘယ်လိုခေါ်လဲဟင်"

"× × × ×"

"ရှင်၊ ဩော်. . ဟုတ်ကဲ့. . ဟုတ်ကဲ့"

တစ်ဖက်ကဖုန်းပြောသူ၏ ညွှန်ကြားချက်ကြောင့်ထင်. . သူမဖုန်းပြောနေရင်းဖြင့် ပြတင်းမှန်တံခါးကို ဆွဲဖွင့်ပစ်လိုက်၏။





"× × × ×"

"ဟုတ်ကဲ့"

နောက်. . .

၅လွှာရှိပြတင်းပေါက်ကနေ အောက်ကို သူမ စိုက်ကြည့်နေ၏။ တစ်စုံတစ်ရာကို ရှာဖွေနေပုံလည်းရ၏။

"× × × ×"

"ဘာမှလည်း မတွေ့ရပါလား"

"× × × ×"

"ရှင်. . အင်း. . အင်း. ."

သူမက တစ်ဖက်က ဖုန်းပြောသူကို စိတ်မရှည်သလိုပြန်ဖြေပြီး သူမနေထိုင်ရာ ၅လွှာပြတင်းပေါက်မှနေ အပေါ် ၈လွှာဘက်ကို ခေါင်းမော့မျှော်ကြည့်လိုက်ပြန်၏။

သူမမျက်ဝန်းထဲမှာတော့ 'လက်'ခနဲ'လင်း'သွားသည့် တစ်စုံတစ်ရာကို မပီဝိုးတဝါးမြင်တွေ့နေရ၏။

သို့သော်. . ဘာမှန်း သူမ မသိ။

နောက်. . . ထိုအရာက သူမမျက်စိရှေ့မှာတင် လျှင်မြန်စွာနီးကပ်လာနေသလိုလည်း ခံစားနေရသည်။

"ဟင်. . အဲဒါ ဘာကြီးလဲ"

"× × × ×"

ထိုတစ်စုံတစ်ရာဟာ 'ဘာ'ဆိုတာကို သူမ သဲသဲကွဲကွဲသိမြင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရချိန်မှာတော့ သူမရင်အစုံ ဆောင့်ခုန်သွား၏။ သူမမှာ ပြင်ဆင်ရှောင်တိမ်းချိန်မရှိ. . .

အရာအားလုံးဟာ အစီအစဉ်တကျ. . . ဖြစ်. . . ပျက်. . .

"အား. . ."

သူမရဲ့ စူးရှကျယ်လောင်လှသော ထိတ်လန့်တကြား အော်သံတစ်ခု. . .။

'ဝိုး'ကနဲ ပြုတ်ကျလာခဲ့သော မှန်တစ်ချပ်. . .

သေချာသည်ကတော့ ထိုအဖြစ်အပျက်တစ်ခုသည် 'အိပ်မက်' တစ်ခု မဟုတ်ခဲ့ပေ။

◆





"ကျိန်စာသင့်နေသော . . . . . . တက္ကသိုလ်'

(၁၄-၅-၂၀၁၃)

ယခုနှစ် ၂၀၁၃ တစ်နှစ်တည်းတွင် . . . . တက္ကသိုလ်မှ ကျောင်းသူ/ကျောင်းသားငါးဦးတို့သည် မတော်တဆဖြစ်စဉ် အမျိုးမျိုးဖြင့် ထူးဆန်းစွာသေဆုံးခဲ့ရပါသည်။

သေဆုံးခဲ့ရသူများမှာ မောင်ထက်နိုင်၊ မောင်လွှမ်းမိုးနိုင်၊ မအေးမိုး၊ မဇင်ဇင်နှင့် မသဉ္ဇာတို့ဖြစ်ပါသည်။

၁၃-၅-၂၀၁၃ ရက်တွင် နောက်ဆုံး သေဆုံးခဲ့ရသော မသဉ္ဇာ(အသက် ၁၉နှစ်၊ 2nd Physics)ကျောင်းသူလေးသည် လည်း သူမ နေထိုင်ရာ(အဆောင်) တိုက်ခန်း ၅လွှာ ပြတင်းပေါက်မှာ ဖုန်းပြောနေစဉ် အထက်တိုက်ခန်းတစ်ခုမှပြုတ်ထွက်ကျလာခဲ့သော မှန်တစ်ချပ်ကြောင့် ခေါင်းပြတ်သေဆုံးခဲ့ရခြင်းဖြစ်ပါသည်။

[သတင်းစဉ်(၁)၊ . . . . . . ဂျာနယ်]



www.burmeseclassic.com

www.burmeseclassic.com



**Physics ကျောင်းသူလေးမသဇ္ဇာရဲ့ရင်နင့်ဖွယ်ဖြစ်ရပ်**

၂၁-၅-၂၀၁၃

. . . . . . တက္ကသိုလ်တွင် ဒုတိယနှစ်(ရူပဗေဒ)မေဂျာဖြင့် ပညာသင်ကြားနေသော မသဇ္ဇာသည် ၁၃-၅-၂၀၁၃ရက်နေ့တွင် ပြတင်းပေါက်တွင် ခေါင်းပြူထွက်ဖုန်းစကားပြောနေစဉ် အပေါ်ထပ်အခန်းတံခါးတစ်ခုမှ မှန်တစ်ချပ် ပြုတ်ထွက်ကျလာပြီး သူမလည်ပင်းကို လှီးဖြတ်လိုက်သကဲ့သို့ 'တိ'ကနဲ ခေါင်းပြတ်ကျသေဆုံးသွားခဲ့ရပါသည်။

တာဝန်ရှိပုဂ္ဂိုလ်များကမူ မသဇ္ဇာ၏အဖြစ်သည် မတော်တဆ သေဆုံးမှုတစ်ခုသာ ဖြစ်ကြောင်း အတည်ပြုပြောဆိုသွားသည်။

[သတင်းစဉ်(၂)၊ . . . . . ဂျာနယ်]





**လူသားစားတက္ကသိုလ်အကြောင်း တစေ့တစောင်း**

၂၈-၅-၂၀၁၃

. . . . . . . တက္ကသိုလ်သည် လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ခန့်မှ စတင် တည်ထောင်ဖွင့်လှစ်ခဲ့သော အဆင့်မြင့်တက္ကသိုလ်တစ်ခု ဖြစ်ကြောင်း၊ ယခု ၂၀၁၃ ခုနှစ်တွင် ဒုတိယနှစ် Physics မေဂျာမှကျောင်းသူ/ကျောင်းသား၅ယောက်တို့သည် ၃လအတွင်း accident မျိုးစုံဖြင့် ထူးဆန်းတိုက်ဆိုင်စွာ သေဆုံးသွားခဲ့ရသည်မှာ မှန်ကန်သော်ငြားလည်း အဆိုပါအဖြစ်ဆိုးများသည် မိမိတို့ . . . . . . တက္ကသိုလ်၏ပယောဂတစ်စုံတစ်ရာမပါဝင်ပါကြောင်း၊ သေဆုံးသွားသူကျောင်းသူ/ကျောင်းသားများ၏မိဘများနည်းတူ ကြေကွဲဝမ်းနည်းစွာ စိတ်ထိခိုက်ခံစားနေရပါကြောင်းနှင့် ယခုသေဆုံးမှုနှင့်ပတ်သက်ပြီး ကျောင်းသားမိဘ အများပြည်သူများကြားတွင် "လူသားစားတက္ကသိုလ်/ကျိန်စာသင့်တက္ကသိုလ်"ဟု ခေါ်ဝေါ် သုံးစွဲနေသောစကားလုံးများကိုလည်း ကျေးဇူးပြု၍ ပြောဆိုသုံးစွဲခြင်းမပြုကြပါရန် . . . . . . . . . တက္ကသိုလ်၏ပါမောက္ခချုပ် ဒေါက်တာဒေါ်မိုးမိုးမှ အလေးအနက်မေတ္တာရပ်ခံထားကြောင်း သတင်းထုတ်ပြန်ထားပါသည်။

|သတင်းစဉ်(၃)၊ . . . . ဂျာနယ်|



www.burmeseclassic.com

www.burmeseclassic.com



**. . . . . . . . တက္ကသိုလ်မှ သေဆုံးသွားခဲ့ရသော ကျောင်းသူ/ကျောင်းသား ငါးယောက်တို့၏ နောက်ဆက်တွဲသတင်းအချို့**

(၁) မသဥ္ဇာလည်ပင်းပေါ်သို့ ပြုတ်ကျခဲ့သောမှန်သည် မည်သည့်အထပ်၊ မည်သည့်အခန်းမှပြုတ်ကျလာခဲ့သည်ကို ဆက်လက် စုံစမ်းရာ မည်သည့်အခန်းတံခါးမှန်မှ ပြုတ်ကျခဲ့ခြင်းမရှိကြောင်းနှင့် အပေါ်ထပ်ရှိ အခန်းတံခါးမှန်ချပ်များ အားလုံးတို့သည် မူရင်း (original)မှန်များအတိုင်းသာ ခိုင်ခိုင်ခန့်ခန့်ရှိနေကြောင်း ထူးဆန်းစွာ တွေ့ရှိနေရ။

(၂) သေဆုံးသွားသူမသဥ္ဇာ၏ လက်ကိုင်ဖုန်းအဝင်အထွက်နောက်ဆုံးစာရင်းကို စစ်ဆေးကြည့်ရာ ထူးဆန်းသော ဖုန်းနံပါတ်တစ်ခုကို တွေ့ရှိခဲ့ကြောင်းနှင့် ၄င်းဖြစ်စဉ်တွင် အဆိုပါ ဖုန်းနံပါတ်နှင့် တစ်စုံတစ်ခု ဆက်နွယ်ပတ်သက်မှု ရှိနေနိုင်ကြောင်း တာဝန်ရှိသူအချို့မှပြောကြား။

(၃) မသဥ္ဇာရှေ့မှာ သေဆုံးသွားခဲ့သော ကျောင်းသူ/သားတို့၏ နောက်ဆုံးဖုန်းအဝင်အထွက်ကို ပြန်လည်စစ်ဆေးရာတွင်လည်း အဆိုပါထူးဆန်းသောဖုန်းနံပါတ်၏ခေါ်ဆိုခြင်းခံရပြီး မိနစ်အနည်းငယ်အတွင်းတွင် မတော်တဆဖြစ်ရပ်တစ်မျိုးမျိုးဖြင့် သေဆုံးသွားခဲ့ရသည်ကို တွေ့ရှိခဲ့ကြောင်း။





(၄) ဆက်သွယ်ရေးဌာနသို့ ဆက်လက်စုံစမ်းရာတွင် အဆိုပါထူးဆန်းသောဖုန်းနံပါတ်သည် အသုံးပြုထားခြင်းမရှိကြောင်းနှင့်ကိုင်ဆောင်သုံးစွဲနိုင်ရန် ဖုန်းလိုင်းပင် မရှိပါကြောင်းသိရ၍ စုံစမ်းသူများ အခက်တွေ့နေ။

(၅) . . . . . . . . တက္ကသိုလ်၏ထူးဆန်းသောသေဆုံးမှုများသည် အဆိုပါဖုန်းနံပါတ်နှင့်ဆက်စပ်နေနိုင်သော်လည်း မိမိတို့ ခေါ်ဆိုကြည့်ရာတွင် မည်သို့မျှ အကြောင်းမထူးသဖြင့် မတော်တဆသေဆုံးမှုဟုသာ သတ်မှတ်ထားရကြောင်းနှင့် ပြုတ်ကျလာသော မှန်တစ်ချပ်၏ရာဇဝင်သည်လည်း မိမိတို့တာဝန်ရှိသူများကို ခေါင်းခဲနေစေကြောင်း သတင်းထုတ်ပြန်။



www.burmeseclassic.com

www.burmeseclassic.com



## Breaking News

- ......တက္ကသိုလ်မှသေဆုံးသွားသော ကျောင်းသူ/သား ၅ ဦးတို့သည် မေဂျာတစ်ခုတည်းမှသူငယ်ချင်းများဖြစ်ကြပြီး တစ်ဦးနှင့်တစ်ဦး အင်မတန်ရင်းနှီးချစ်ခင်သူများဖြစ်ကြသည်။
- ၎င်းတို့သူငယ်ချင်း၅ဦးစလုံးသည် ၃လအတွင်း ဖြစ်ရပ်ဆိုးများဖြင့် ရှေ့ဆင့်နောက်ဆင့်(ထူးဆန်းသောမတော်တဆမှုများဖြင့်) သေဆုံးခဲ့ရပြီး ဖုန်းနံပါတ်တစ်ခုနှင့်ဆက်စပ်ပတ်သက်ခဲ့ပုံခြင်းလည်း တူညီနေသည်ကိုတွေ့ရသည်။
- သေဆုံးသွားသူ သူငယ်ချင်း၅ယောက်၏သူငယ်ချင်းအသစ် (၆ ယောက်မြောက်၊ တခြားတက္ကသိုလ်မှပြောင်းရွှေ့လာခဲ့သူ)မစ်ကီ (ခေါ်)မလင်းသထက်လင်းသည်လည်း တစ်စုံတစ်ခုကို ကြိုတင်ကာကွယ်သောအနေဖြင့် ကျောင်းပြောင်းသွားပြီ ဖြစ်ကြောင်း၊
- သူမနည်းတူ 'လူသားစားတက္ကသိုလ်'ဟု အမည်ထွက်နေသော .....တက္ကသိုလ်မှ ကျောင်းသား/သူ အယောက် ၄၀ထက်မနည်းသည်လည်း အခြားတက္ကသိုလ်များသို့ပြောင်းရွှေ့သွားကြကြောင်း၊
- တာဝန်ရှိ ပုဂ္ဂိုလ်များကမူ အဆိုပါတက္ကသိုလ်မှ ထူးဆန်းသောမတော်တဆမှုများနှင့်ပတ်သက်၍ အများပြည်သူများကို(မသေချာသေးသော်လည်း) အသက်အန္တရာယ်လုံခြုံရေးအတွက် အဆိုပါဖုန်းနံပါတ်ကို မည်သို့မျှ မခေါ် ဆိုမိကြစေရန် အောက်ပါ သတိ





ပေးကြော်ငြာတစ်ရပ်ကို ထွက်ရှိသမျှ မဂ္ဂဇင်း၊ ဂျာနယ်နှင့် onlineပေါ်မှာပါ တရားဝင်ထုတ်ပြန်ထားလိုက်ပြီ ဖြစ်ပါသည်။

**WARNING**

**Danger x Number**

*** 999 ***

သတိပေးခြင်း

အများပြည်သူများအနေဖြင့် အောက်ဖော်ပြပါ ဖုန်းနံပါတ်တစ်ခုကို စမ်းသပ်လို၍သော်လည်းကောင်း၊ အကြောင်းတစ်စုံတစ်ရာကြောင့်သော်လည်းကောင်း၊ မည်သို့သောအကြောင်းကိစ္စနှင့်မျှ မခေါ်ဆိုမိပါစေရန် အသိပေးအပ်ပါသည်။

ထိုဖုန်းနံပါတ်သည် ကျောင်းသူ/သား၀ါးယောက်၏အသက်အန္တရာယ်ကို ထိခိုက်စေခဲ့သည်ဟု သံသယရှိနေပါသောကြောင့် ဂယနဏအဖြေမထုတ်နိုင်သေးပါသော်လည်း မိဘပြည်သူများ၏အသက်အန္တရာယ်အတွက် ထိုနံပါတ်ကို မနှိပ်မိစေရန် လေးစားစွာ အသိပေးတားမြစ်လိုက်ရပါသည်။

၎င်းဖုန်းနံပါတ်မှာ -

> ✱ 999 ✱
> ✱ နိုင်းနိုင်းနိုင်း ✱
> ✱ Nine Nine Nine ✱

(.....)ဌာနချုပ်



www.burmeseclassic.com

www.burmeseclassic.com

## Second Opening

ပုံမှန်အနေအထားအရ တက္ကသိုလ်တစ်ခု၏နံနက်ခင်း canteen ချိန်များတွင် ကျောင်းသူကျောင်းသား ၈၀%ကျော်သည် ဆန့်ကျင်ဘက်လိင်တစ်ဦးတစ်ယောက်၏အကြောင်းအရာအချို့ကို ပြောဆိုဆွေးနွေး ရင်ဖွင့်တိုင်ပင် ရယ်မောအပုပ်ချပြီး သွက်လက်တက်ကြွရွှင်မြူးနေရသည်မှာ ဓမ္မတာတစ်ခုလိုပင် ဖြစ်၏။

သို့သော်. . .

ယခုမူ canteen လေးသည် လူပြည့်နေပါလျက်နှင့် အနည်းငယ်တိတ်ဆိတ်ခြောက်သွေ့နေလေ၏။

အဘယ့်ကြောင့်ဆိုသော် စားပွဲဝိုင်းတိုင်းတွင် ကိုယ့်အစုလေးနှင့်ကိုယ် ဂျာနယ်ကိုယ်စီနှင့် အတွေးတစ်ခုကို အလိုမတူဘဲ ယုယပိုက်ထွေးနေကြသောကြောင့်ဖြစ်ပါသည်။

အားလုံး ကြားသိထားကြသည့်အတိုင်းပါပင်။ 'လူသားစားတက္ကသိုလ်/ကျိန်စာသင့်တက္ကသိုလ်'ဟု အမည်ထွက်နေသော . . . . တက္ကသိုလ်မှ ကျောင်းသား ငါးယောက်၏ သေဆုံးမှုသတင်း၊ ဓာတ်ပုံ၊ ဆောင်းပါး၊ ဝေဖန်သုံးသပ်ချက်၊ ကြေငြာတားမြစ်ချက်၊ ထူးဆန်း





သောဖုန်းနံပါတ်(*999*) စသည့်အကြောင်းအရာများကို ကျောင်းသူကျောင်းသားအားလုံးနီးပါး(ပြည်သူများပါ) စိတ်ဝင်စားနေကြသည်။

ထို့ထက်ပိုမိုစိတ်ဝင်စားစရာကောင်းသော သတင်းကြေငြာချက်အသစ်တစ်ခုကလည်း စူးစမ်းလိုသော၊ တက်ကြွလိုသော တက္ကသိုလ်ကျောင်းသူကျောင်းသားများအားလုံးကို ငြိမ်သက်တိတ်ဆိတ်ပြီး အတွေးပိုနေစေပါလိမ့်မည်။

ထိုကြေငြာချက်တစ်ရပ်ကို ဌာနဆိုင်ရာအဖွဲ့အစည်းတစ်ခုမှ (နောက်ဆုံး)အသစ်ထပ်မံထုတ်ပြန်လိုက်သော Hot News တစ်ပုဒ်ပင်ဖြစ်လေ၏။

ထိုစိတ်ဝင်စားဖွယ်ကြေငြာချက်မှာ တစ်ဖက်ပါအတိုင်းပင် ဖြစ်ပါသည်။

◆



www.burmeseclassic.com

www.burmeseclassic.com



## သိန်းတစ်ထောင်ရရှိနိုင်သောအခွင့်အရေး

* (. . . . )တက္ကသိုလ်မှ သေဆုံးသွားခဲ့သော ကျောင်းသူ/သား ၅ယောက်၏ဖြစ်စဉ်အချို့ကိုသော်လည်းကောင်း၊
* ထူးဆန်းသောဖုန်းနံပါတ် (*999*)၏ ဇစ်မြစ်(သို့မဟုတ်)သေဆုံးသူ ကျောင်းသူ/သားငါးယောက်တို့နှင့်ဆက်စပ်ပတ်သက်မှုကိုသော်လည်းကောင်း၊
* ဆက်စပ်သေဆုံးခဲ့ရပုံ အကြောင်းရင်းကို သော်လည်းကောင်း ဖော်ထုတ်အဖြေရှာ (သို့) အကြံပြုတင်ပြပေးနိုင်သူ မည်သူမဆို (တစ်ဦးတစ်ယောက်ချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ)(. . . . . ) လိပ်စာ၊ (. . . . . )ဖုန်းနံပါတ်ကို ဆက်သွယ်တင်ပြနိုင်ပါသည်။
* အကျိုးအကြောင်းဆီလျော်ညီညွတ်ပြီး နိုင်လုံမှုရှိပါက(သို့)ဖော်ထုတ်နိုင်ခဲ့ပါက (. . . . . )ဌာနချုပ်မှ တင်ပြဆက်သွယ်လာသူမိတ်ဆွေတို့အား ငွေကျပ် သိန်းတစ်ထောင်တိတိကို ဂုဏ်ပြုဆုငွေအဖြစ် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပါသည်။

လေးစားစွာဖြင့်. .

(. . . . . )ဌာနချုပ်



(A)

"တောက်"

မျက်မှန်တပ်လူငယ်တစ်ယောက်၏ ဆိုင်းမဆင့်ဗုံမဆင့် 'တက်' ခေါက်သံကြောင့် လူငယ် ၄ယောက် လန့်သွားကြသည်။

ထိုမျက်မှန်တပ် လူငယ်လေးက တုတ်၊ ဓား လက်နက်အချို့နှင့် ခြိမ်းခြောက်လိုက်၍ လန့်ဖျပ်သွားကြခြင်းမျိုးလည်း မဟုတ်ပါ။

တစ်စုံတစ်ခုကို စူးစူးနစ်နစ် စိတ်ဝင်တစား တွေးတောနေချိန်မျိုးတွင် အနီးကပ်ထွက်ပေါ် လာသော သင်းကွဲအသံတစ်ခုကြောင့် အာရုံပျက်ယွင်းထိတ်လန့်သွားမှုကိုသာ ဆိုလိုပါသည်။

ဟုတ်ပါသည်။

ထိုမျက်မှန်တပ်လူငယ်လေး၏ 'တက်'ခေါက်သံလေးကြောင့် ဂျာနယ်ကိုယ်စီဖတ်ပြီး အတွေးလွန်နေသော အခြားလူငယ်၄ယောက်ကို လန့်ဖျပ်သွားစေခဲ့ပြီးဖြစ်၏။

"ဟာ. . ဘာလဲ မှန်ကြီးရာ၊ ဒီမှာ *999* အကြောင်း ပြောနေတာ. . လန့်သွားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့"

တစ်ဝိုင်းတည်းထိုင်နေကြသူများဖြစ်၍ ခပ်ဝဝလူငယ်က သူ့ခံစားမှုကို ဖွင့်ထုတ်ပြောလိုက်၏။

ထိုစကားကို ဆံပင်ခပ်ရှည်ရှည် တောင်မလေးတစ်ယောက်က ထောက်ခံသမှုပြုပေးနေပါသည်။

ရက်ပါဒီဗိုင်းဝတ်ဆင်ထားသော လူငယ်လေးကတော့ မျက်မှန်တပ်လူငယ်လေးကို 'မပြောချင်တော့ဘူး'ဆိုသည့် အထာနှင့် ခေါင်းတရမ်းရမ်းလုပ်ပြီး ဂျာနယ်ကို ဆက်ဖတ်နေ၏။

ကျန်ခပ်ဖြောင့်ဖြောင့်လူငယ်ကတော့ မျက်ခုံးနှစ်ခုကို အကြောတချို့အကူအညီဖြင့် ဆွဲကပ်လိုက်ပြီး ခပ်ဆတ်ဆတ်လေသံဖြင့် မျက်မှန်တပ်လူငယ်ကို မေးလိုက်၏။

"ဒီမှာ ဂျာနယ်ထဲက သိန်းတစ်ထောင်ကိစ္စကို နက်နက်နဲနဲ တွေးနေတာ. . မင်းက ဘာတွေဖြစ်လို့ တက်ခေါက်နေရတာလဲ. . အာရုံနှောက်တယ် မှုန်ကြီးရာ"

"ဟာ. . ငါလည်း အဲဒီသိန်းတစ်ထောင် ရလိုက်ရင်တော့ကွာ. . ဆိုတဲ့အတွေးနဲ့ တက်ခေါက်မိသွားတာပဲလေ. . ငါ ဘာမှားလို့လဲ. . မင်းတို့တွေကလဲကွာ. . "

"ပြောမနေနဲ့တော့ ခေတ်အုပ်စိုး. . ဒီကောင် မှုန်ကြီးအကြောင်းလည်း သိရဲ့သားနဲ့. . အူကြောင်ကြောင်နဲ့"

မှုန်ကြီးအမည်ရ မျက်မှန်တပ်လူငယ့်အဖြေစကားကို ရက်ပါပိုစ်





လူငယ်လေးက အထက်ပါအတိုင်း မှတ်ချက်ပြုပေးသွားသည်။ ခေတ်အုပ်စိုးက -

"မှုန်ကြီး'

"ဟေ"

"မင်းက အခု. . မျက်စိလေးပဲ မှုန်တာနော်"

"အေးလေ. . ငါက ဘာပြောနေလို့လဲ"

"ဩော်. . ဘာမှတော့ မဟုတ်ပါဘူး၊ တော်ကြာမှ မတန်မရာတွေတွေးပြီး ဉာဏ်မမီဘဲ ရူးသွားခါမှ ဂေါက်ကြီး ဆိုတဲ့ဘွဲ့လေး ထပ်တိုးလာဦးမယ်လို့ သတိပေးမလို့ပါ"

"ဟာ. . "

"ဟား. . . ဟား. . . "

"ဟား. . . "

canteen မှာ တစ်မနက်လုံး တိတ်ဆိတ်ခြောက်သွေ့နေခဲ့သမျှ အခုမှပဲ ရယ်သံအချို့ကို ဖြန့်ချနိုင်ကြတော့သည်။

ဟုတ်တယ်လေ. . . အားလုံးက စိတ်ဝင်စားစရာ feel ကိုယ်စီနဲ့ လွင့်နေကြတာမို့လား. . .

"ငါက အကောင်းမှတ်လို့နားထောင်နေတာ. . သေဦးမယ် ရွှေးမျိုးအုပ်စိုး"

"ဟွန်း. . နင့်ကိုလည်း အုပ်စိုးက အကောင်းသတိပေးနေတာကို"

"အာ. . မိသွန်း၊ နင်က တမျောင့်"



www.burmeseclassic.com

www.burmeseclassic.com



မိသွန်း အမည်ရ ဆံပင်ရှည်ရှည်ကောင်မလေး၏ အချွန်နဲ့ထပ် မ,မှုကြောင့် သူတို့အဖွဲ့ကလေး ဒုတိယအကြိမ်မြောက် ရယ်မိကြပြန်သည်။

အတော်ကလေးကြာတော့မှ . . ခပ်ဝဝလူငယ်လေးက စကားစ လာခဲ့၏။

"အခုကြော်ငြာထားတဲ့ သီချင်းတစ်ထောင်ကိစ္စက ပိုင်းစုခိုင်သီချင်း ဆိုပေမယ့် ပြဿနာကို အဖြေရှာနိုင်ဖို့ကတော့ တကယ့် Bobby Soxer ပဲ"

"ဘယ်လို. ."

"ဖက်တီး. . နင့်စကားက ဘာကြီးလဲဟ"

ဖက်တီး အမည်ပေါက် ခပ်ဝဝလူငယ်လေးရဲ့စကားကို မျက်မှန် တပ်လူငယ်လေး မှန်ကြီးနှင့် ရက်ပါဝုံစံလူငယ်လေး ရှိန်းသူ ဆိုသူတို့ က နားမလည်နိုင်စွာ ပြန်မေးလိုက်သည်ကို မှုန်ကုပ်ကုပ်လုပ်နေသည့် ခေတ်အုပ်စိုးက စိတ်မရှည်သလို ဝင်ဖြေပေးလိုက်၏။

"ဟိုကောင် ဖက်တီးကလည်း စကားကို ဘယ်တော့မှ ဒဲ့မပြော ဘူး. . မင်းတို့နှစ်ကောင်ကလည်း ခေတ်လူငယ်တွေ ဖြစ်ပြီး ဒါလေး တောင် သဘောမပေါက်ကြဘူး၊ ပိုင်းစုခိုင်သီချင်းဆိုတာ မက်လောက် စရာ၊ Bobby Soxer ဆိုတာက မလွယ်ပါဘူးလို့ ဆိုလိုထားတာ နား လည်ပြီလား"

သည်တော့မှ မိသွန်းက သဘောပေါက်သွားပြီး ဖက်တီးစကား





ကို တိုက်ရိုက်ပြန်ပြောကြည့်မိမှ အားလုံးသဘောပေါက်သွားကြတော့ သည်။

"အခုကြော်ငြာထားတဲ့ သီချင်းတစ်ထောင်ကိစ္စက မက်လောက် စရာကြီးဆိုပေမယ့် ပြဿနာကိုအဖြေရှာနိုင်ဖို့ကတော့ တကယ်မလွယ် တဲ့ကိစ္စပဲ"

"အင်း. ."

ခေတ်အုပ်စိုးကတော့ သက်ပြင်းတစ်ချက်ကို ပီပီပြင်ပြင်မှုတ်ထုတ် ရင်း canteen ရှေ့ကို အဓိပ္ပာယ်မဲ့ငေးကြည့်နေမိ၏။

ထိုစဉ် မိသွန်းက -

"ဟဲ့. . ငါပြောဖို့တစ်ခု မေ့နေတာ. . ခုမှပဲ သတိရတော့တယ်"

"ဘာလဲဟ"

"ဒီလိုဟ. . ငါတို့ကျောင်းကို လူသားစားတက္ကသိုလ်က ပြောင်း လာတဲ့ ကျောင်းသူတစ်ယောက်က ငါ့အခဆောင်ရဲ့အပေါ်ထပ်မှာ လာ ငှားနေတယ်ဟဲ့"

မိသွန်းအပြောအဆုံးမှာ ရှိန်းသူက သိပ်မထူးခြားသလိုပုံစံနှင့်

"ဒါများ အထူးအဆန်းလုပ်လို့ မိသွန်းရာ၊အဲဒီကျောင်းက ပြောင်း လာတဲ့ ကျောင်းသူကျောင်းသားတွေ ငါတို့ကျောင်းမှာ အများကြီးပဲ ဥစ္စာ"

"ဟဲ့. . ဒီတစ်ယောက်က ထူးတယ်ဟဲ့"

"ဘာထူးလို့လဲ. . ခေါင်းမှာ ချိုကြီးပေါက်နေလို့လား"



www.burmeseclassic.com

www.burmeseclassic.com



မှန်ကြီးက အထက်ပါအတိုင်း ခပ်လျောင်လျောင်ပြန်ပြောတော့ မိသွန်းက -

"ငါ အတည်ပြောနေတာ. . ဟိုတစ်ခါ. . ဂျာနယ်ထဲမှာတောင် နာမည်ပါလာသေးတယ်လေ. . သေသွားတဲ့ ကျောင်းသူကျောင်းသား ၅ ယောက်တို့ရဲ့ ၆ ယောက်မြောက် သူငယ်ချင်းအသစ် ဆိုတဲ့ တစ်ယောက်လေ"

"ဟင်. . "

"ဩော်. . ငါ မှတ်မိပြီ နာမည်က ခပ်လွယ်လွယ်လေးထဲကပါ. . ဘာပါလိမ့်"

"မစ်ကီ"

"ဟုတ်တယ်. . ဟုတ်တယ်. . ကြွက်နာမည်လေ"

တစ်ချိန်လုံး ငြိမ်သက်စွာ နားထောင်နေသည့် ခေတ်အုပ်စိုးက ခုမှဝင်ပြောဖော်ရ၏။

"အဲဒီ မစ်ကီဆိုတာက သူ့နာမည်အရင်းလား မိသွန်း"

"မဟုတ်ဘူးဟ. . နာမည်ပြောင်ဖြစ်မယ်ထင်တယ်၊ ငါကြားတာကတော့ သူက Micky Mouse အမှတ်တံဆိပ်ရုပ်ကလေးတွေပါတဲ့ အင်္ကျီတွေကိုပဲ အမြဲဝတ်တတ်လို့ အားလုံးက သူ့ကို မစ်ကီ(Micky) လို့ပဲ ခေါ်ကြတာတဲ့. . ပြီးတော့ သူကလည်း အဲဒီနာမည်ကို သဘောကျတာကြောင့် အသုံးများပြီး အမည်တွင်နေတာ. . နာမည်အရင်းက သိပ်ခေါ်လို့ အဆင်မပြေတာလည်း ပါမယ်ထင်ပါတယ်ဟာ"





"ဒါဆို. . သူ့နာမည်အရင်းက ဘာလဲ"

အုပ်စိုးရဲ့အမေးစကားအဆုံးမှာ. . မိသွန်းက မစ်ကီ(Micky)၏ အမည်ရင်းကို တစ်လုံးချင်း ပြောပြလိုက်လေ၏။

"လင်းသထက်လင်း. . . တဲ့"

◆



www.burmeseclassic.com

www.burmeseclassic.com

(B)

တက္ကသိုလ်တစ်ခု၏ canteen တစ်ခုထဲတွင် စားသောက်နေကြသော ကျောင်းသူကျောင်းသားများသည် ကိုယ့်အဖွဲ့လေးတွေနှင့်ကိုယ် ဝိုင်းဖွဲ့ပြောဆိုနေကြပါသည်။ သို့သော် canteen ၏ထောင့်ကျကျနေရာက စားပွဲဝိုင်းတစ်ခုမှာတော့ ကောင်မလေးတစ်ယောက်တည်း အအေးသောက်ရင်း စာအုပ်တစ်အုပ်ကို ဖတ်နေသည်ကိုတွေ့ရမည်ဖြစ်သည်။

သူမက လက်ထဲမှစာအုပ်ကို အာရုံအပြည့်စူးစိုက်ထားသည်မှာ သေချာလှသော်လည်း အခြားစားပွဲတွေမှကျောင်းသူကျောင်းသားတွေကတော့ Micky Mouse Logo ပါ တီရှပ် တစ်ထည်နှင့် ဂျင်းဘောင်းဘီတစ်ထည်ကို စမတ်ကျကျ ရိုးရှင်းစွာဝတ်ဆင်ထားပြီး ဘယ်သူ့ကိုမှဂရုမစိုက်သလိုပုံစံဖြင့် စာအုပ်တစ်အုပ်ကိုသာ အေးအေးလူလူဖတ်နေသောသူမကို သိသိသာသာတစ်မျိုး၊ မသိမသာတစ်ဖုံ အားလုံးက အကဲခတ်သလို ငေးကြည့်နေကြသည်။

ထိုအတူ canteenရှေ့ရှိ ယူကလစ်ပင်ကြီးနောက်မှာ အကာ





အကွယ်ယူပြီး သူမကို ခိုးကြည့်နေသော လူ၅ယောက်လည်း ရှိနေပါသေးသည်။

၄င်းတို့မှာ -

(၁) ခေတ်အုပ်စိုး(ခ)အုပ်စိုး
(၂) မိသွန်း(ခ)သွန်းခကြယ်
(၃) မှုန်ကြီး(ခ)ဖြိုးမင်းသူ
(၄) ရှိန်းသူ နှင့်
(၅) ဖက်တီး (ခ) သင်းမောင်မောင်တို့ ဖြစ်ကြပါသည်။

canteen ထောင့်တစ်နေရာရှိ သူမကတော့ စာအုပ်ကို ခဏပိတ်ပြီး အအေးတစ်ငုံ ယူသောက်လိုက်သည်။ သူမကို ဝိုင်းအကဲခတ်နေကြသောအခြားသူများကို သတိထားမိသွားပြီး စိတ်ပျက်သလို သက်ပြင်းချလိုက်၏။

"အဲ့ဒီ တီရှပ်အဖြူနဲ့တစ်ယောက်ပဲ မစ်ကီဆိုတာ"

"နာမည်နဲ့လူနဲ့ကတော့ ကွက်တိပဲ"

"ဟုတ်ပ့ါ. . အင်္ကျီမှာတော့ မစ်ကီမောက်အရုပ်ကလေးနဲ့"

"ပုံစံကတော့ တကယ့်အမိုက်စားထဲကပဲ"

မိသွန်းရဲ့သတိပေးချက်၊ အတည်ပြုချက်အဆုံးမှာ အဝိုင်းကလွဲပြီး အားလုံးက သူမကို မှတ်ချက်ကိုယ်စီပေးနေကြသည်။

ထိုစဉ် မိသွန်းက-



www.burmeseclassic.com

www.burmeseclassic.com



"အုပ်စိုး . . မစ်ကီ့ပုံစံကို နင်ရော ဘယ်လိုမြင်လဲ"

"ငါ့အမြင်ကတော့ သူက ခပ်သာသာ ခပ်ထထအစားထဲကပဲ မိသွန်း"

မစ်ကီကို မျက်တောင်မခတ်စတမ်းငေးကြည့်ရင်း ဖြေလိုက်သည့် အုပ်စိုးစကားကြောင့် အားလုံး မျက်လုံးပြူးကုန်ကြသည်။

မိသွန်းကတော့ ဘုရားပင် တ,ယူနေရပြီး အုပ်စိုးကိုလည်း မမြင်ဖူးသူတစ်ယောက်လို ငေးကြည့်နေလေ၏။

"ဘုရား . . ဘုရား . . အုပ်စိုး . . နင် . . နင် တကယ်မထင်ရဘူးဟာ . , သူများသားသမီးကိုများ ပြောရက်လိုက်တာ"

"ဟင်"

သို့မှ ခေတ်အုပ်စိုးလည်း သဘောပေါက်မိသွားပြီး အားလုံးနားလည်အောင် ပြန်ရှင်းပြလိုက်ရသည်။

"ဟ . . ဩော် . . ခက်တာပဲဟာ . . ငါဆိုလိုတာက မစ်ကီ့ပုံစံက ခပ်သွက်သွက် ခပ်ထက်ထက်ပုံစံမျိုး၊ ထက်ထက်မြက်မြက် သွက်သွက်လက်လက်အမျိုးအစားထဲက၊ ဒါကို အတိုကောက် ခပ်သာသာ ခပ်ထထအစားထဲကလို့ ပြောလိုက်တာ"

"ဩော်"

"သိပါဘူး အုပ်စိုးရာ၊ ငါ့မှာတော့ မစ်ကီက ဘာတွေ သပြီး ဘာများ ထနေတာလဲဆိုပြီး တွေးလိုက်ရတာ၊ အမယ်လေး . . ကြက်သီးတွေတောင် ထတယ်"





ပြောရင်း အကဲပိုသလိုတုန်ခါပြနေသည့်ရှိန်းသူကို မိသွန်းက "အရေးထဲ နှာဘူးက တစ်မျိုး" ဆိုပြီး ထောပနာပြုပေးလိုက်ပြီး ဖက်တီးက ရှိန်းသူ၏ ဇက်ပိုးကို 'ဖြောင်း'ကနဲနေအောင် ရိုက်ပြီး ဆုချပေးလိုက်၏။

"ဟာ . . မင်းတို့ကို ရှင်းပြနေရတာနဲ့ ဟိုမှာ မရှိတော့ဘူး . . ဘယ်အချိန် ထွသွားဘာလဲ မသိဘူး . . ဟူး"

အုပ်စိုးက ပြောပြီး စိတ်ပျက်သလို သက်ပြင်းတစ်ချက်ချ၏။ မစ်ကီ ဆိုသူလေးကတော့ အအေးသောက်ပြီး တစ်နေရာရာသို့ထွက်သွားခဲ့ပြီပဲဖြစ်သည်။

"ကဲ . . အုပ်စိုး . . နင် ဘယ်လိုဆက်လုပ်ချင်သေးလဲ၊ ငါ ထပ်သိလာရသလောက်တော့ မစ်ကီက သီးသန့်တစ်ယောက်တည်းသမားတဲ့၊ ဘယ်သူနဲ့မှ အပေါင်းအသင်းမလုပ်တတ်သလို ဘယ်သူနဲ့မှလည်း အရောတဝင်မနေတတ်ဘူးတဲ့"

"သူ့ကို ချဉ်းကပ်ဖို့မလွယ်တာတော့ အမှန်ပဲ . . ပြီးတော့ သူက တခြားမိန်းကလေးတွေလို ရောလို့လွယ်မယ့်ပုံလည်း မဟုတ်ဘူးကွ . . မစ်ကီကိုတော့ လုံးဝလျှော့တွက်ထားလို့မရဘူး။ ပြီးတော့ . . သူ့ပုံစံကိုကြည့်ရတာ သူ့သူငယ်ချင်းသေဆုံးမှုနဲ့ပတ်သက်ပြီး သူ တစ်ခုခုကို သိနေတယ်လို့ ငါခံစားနေရတယ်"

ခေတ်အုပ်စိုးမှတ်ချက်ကို မှန်ကြီးက မျက်မှန်ကလေးအင့်ကာပင့်ကာဖြင့် ဝင်ထောက်ပေး၏။



www.burmeseclassic.com

www.burmeseclassic.com



"အုပ်စိုး. . မင်း. . အဲလို တရားလက်လွတ်ပြောလို့တော့ မရဘူးလေ. . သူ့ကို သံသယရှိရင် ရဲက ဖမ်းစစ်မှာပေါ့ဟ"

"ဟုတ်တယ်. . မှန်ကြီးပြောတာ သဘာဝကျတယ် အုပ်စိုး. . နေစမ်းပါဦး. . မင်းက ဘာဖြစ်လို့ မစ်ကီကို အဲလိုကြီးထင်လိုက်ရတာလဲ"

ဖက်တီးကပါ ဝင်ထောက်ပေးတော့ မိသွန်းနှင့် ရှိန်းသူတို့ကလည်း ခေါင်းတညိတ်ညိတ်ဖြင့် အုပ်စိုးအဖြေကို ငံ့လင့်သလို ငေးကြည့်နေကြသည်။

ခေတ်အုပ်စိုးကတော့ canteenထဲက သူမမရှိတော့တဲ့ စားပွဲဝိုင်းအလွတ်ကလေးကို ငေးစိုက်ကြည့်ရင်း ဖြေပေးလိုက်၏။

"ငါ ဘာဖြစ်လို့ အဲလိုထင်သွားမိသလဲဆိုတော့ တစ်အချက် သူ့မျက်နှာမှာ ဘာစိုးရိမ်ထိတ်လန့်မှုကိုမှ မတွေ့ရဘူး. . တကယ်ဆို သူ့သူငယ်ချင်း ၅ယောက်စလုံးဟာ မကြာခင်အချိန်ကပဲ အသေဆိုးနဲ့သေသွားခဲ့တာ မဟုတ်လား. . အနည်းဆုံးတော့ သူ့မျက်နှာမှာ ညှိုးငယ်ဝမ်းနည်းမှုတော့ ရှိနေသင့်တယ်မို့လား"

"အေးဟ. . အဲဒါကတော့ အုပ်စိုးပြောတာ ဟုတ်တယ်"

"ကဲ. . အသာနေစမ်းပါ ဖက်တီးရာ. . အုပ်စိုး. . ဆက်ပြောပါဦး"

မိသွန်းက လေကြောဝင်ရှည်နေသည့် ဖက်တီးကို ဝင်ကော်လိုက်ပြီး အုပ်စိုးကို ထပ်ပြောခိုင်းနေ၏။





"နှစ်အချက်က မစ်ကီက မနေ့တစ်နေ့ကမှ ရောက်လာတဲ့ ကျောင်းသူအသစ်တစ်ယောက်ဆိုပေမယ့်လည်း သူ့လှုပ်ရှားသွားလာမှုတွေက ဘာမှသိပ်မထူးခြားသလို နေသားတကျပုံစံမျိုးဖြစ်နေတယ်၊ အမှန်က ကျောင်းသူအသစ်တစ်ယောက်အနေနဲ့ စမ်းတဝါးဝါးနဲ့ ဟိုငေးဒီငေးလောက်တော့ ဖြစ်နေသင့်တယ်လေ"

"ဒါလည်း ဟုတ်တာပဲဟ၊ မစ်ကီ့ပုံစံက အေးအေးဆေးဆေးပဲ. . ဘာအပူအပင်မှရှိပုံမပေါ်ဘူး"

သည်တစ်ခါလည်း ဝင်လျှာရှည်နေသော ဖက်တီးကို မိသွန်းက ဖိဟောက်လိုက်ပြီး အုပ်စိုးကို စကားဆက်စေပြန်သည်။

မှန်ကြီးနှင့်ရှိန်းသူတို့လည်း ခေတ်အုပ်စိုးစကားကို စိတ်ဝင်စားနေမိကြ၏။

"မစ်ကီ့မျက်နှာမှာ လျှို့ဝှက်မှုတွေ မာယာတွေ ပြည့်နှက်နေတယ်လို့ ငါထင်တယ်. . ဒီသေဆုံးမှုတွေ. . ဒီကြေညာချက်ထုတ်ထားတဲ့ ဖုန်းနံပါတ်တွေနဲ့သူနဲ့ တစ်နည်းနည်းတော့ ပတ်သက်နေမယ်လို့လည်း ငါထင်တယ်"

"အုပ်စိုး. . နင့်အထင်က အထင်ပဲနော်. . သွားပြီး ပြဿနာတွေရှာမနေနဲ့. . ဒီအမှုတွေက နိုင်ငံကျော်အမှုတွေနော်. . ကိုယ့်ဘက်က ဘာမှမသေချာဘဲနဲ့ သွားပြောလို့မရဘူး. . အေး. . သိပ်သေချာနေတယ်ဆိုရင်တောင် ပြောရမှာ နင့်အလုပ်မဟုတ်သေးဘူး အုပ်စိုး၊ အဲဒါ ကူညီပါရစေ(May I Help You)တွေရဲ့အလုပ်"



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းအတွက် စိတ်ပူသလိုပြောလာခဲ့သော မိသွန်းကို အုပ်စိုးက နားလည်သလို ပြုံးပြပြီး

"ငါနားလည်ပါတယ် မိသွန်းရာ၊ ဒါပေမယ့် ငါ့အတွေး မမှားဘူးဆိုရင်တော့ ငါ့အထင်က သိပ်သေချာနေတယ်. . ပြီးတော့ မစ်ကီကို ငါတို့နဲ့ သူငယ်ချင်းဖြစ်အောင် ကြိုးစားရမယ်"

"ဘာကြောင့်လဲ. . ပြီးတော့ သူက သူငယ်ချင်းထားတတ်တဲ့ သူမျိုးလည်း မဟုတ်ဘူးလေ"

"ဘာကြောင့်လဲဆိုတော့. . ငါ. . တော်တော်ကြီးကို စိတ်ဝင်စားသွားမိလို့ပဲ"

"ဟေ. . ."

အုပ်စိုးအပြောကြောင့် တစ်ဖွဲ့လုံး 'ဟေ'သွားရ၏။ အတော်ကြာမှ ရှိန်းသူက -

"ဟော့ကောင် အုပ်စိုး"

"ဘာလဲ"

"မင်းစိတ်ဝင်စားတယ်ဆိုတာက ထူးထူးဆန်းဆန်းသေဆုံးမှုတွေလား. . သိန်းတစ်ထောင်ကိစ္စ၊ ဖုန်းနံပါတ်ကိစ္စတွေလား. . မစ်ကီဆိုတဲ့ ကြွက်မလေးကိုလား"

"ဟုတ်တယ်၊ ငါတို့ကိုနားလည်အောင် ရှင်းရှင်းပြောလေကွာ"

ရှိန်းသူ့စောင်ပြမှုကို မှုန်ကြီးကပါ ထောက်ခံသလို မေးလာခဲ့တော့ အုပ်စိုး ပြုံးလိုက်မိ၏။ ပြီးမှ -





"ငါ. . စိတ်ဝင်စားသွားတယ်ဆိုတာက မင်းတို့ပြောတဲ့အရာတွေ အားလုံးကိုပဲ. . ဒီတော့ မနက်ဖြန်ကစပြီး မစ်ကီနဲ့ ပတ်သက်ရလိမ့်မယ်"

"ထင်သလောက် မလွယ်ဘူးနော် အုပ်စိုး"

"ဘယ်သမိုင်းမှာမှ ခပ်လွယ်လွယ် အကြောင်းအရာတွေကို ကမ္ဘည်းမတင်ခဲ့ပါဘူးဟာ. . ဒီတော့ ငါ သူ့နဲ့ရင်းနှီးဖို့အတွက် မင်းတို့အားလုံးရဲ့အကူအညီတွေကို လိုအပ်တယ်. . ဘယ်လိုလဲ. . ကူညီကြမှာလား"

အားလုံးကတော့ မပြောချင်တော့ဘူးဆိုတဲ့အထာနှင့် တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး ခေါင်းတညိတ်ညိတ်လုပ်နေကြလေတော့၏။

◆



www.burmeseclassic.com

www.burmeseclassic.com

(C)

တက္ကသိုလ်စာကြည့်တိုက်ထဲတွင် ဖြစ်သည်။

လူအတော်များများလည်း ရှိနေကြပါသည်။ စာဖတ်လို၍တော့ မဟုတ်။

အေးအေးလူလူ အကြည်ဆိုက်လို၍ လာခဲ့ကြဟန်တူသော စုံတွဲ၃-၄တွဲ။ ကိုယ်သဘောကျသည့်ကောင်မလေးကို စာဖတ်ချင်ဟန်ဆောင်ပြီး ပြောင်ပြောင်တင်းတင်း ထိုင်ကြည့်ရန် မဟာအကြံအစည်နှင့်ရောက်လာခဲ့သော ကျောင်းသား ၄-၅ယောက်နှင့် ထိုသို့အကြည့်ခံလို၍လာကြသော/တမင် ပဲပေးလို၍လာခဲ့ကြသော ကျောင်းသူ ၇-၈ယောက်ခန့်နှင့် စာကြည့်တိုက်ကလေးက အသက်ဝင်လှုပ်ရှားနေလေ၏။

အမှန်တကယ်စာဖတ်လို၍ လာရောက်ခဲ့သူ ဟူ၍ (ဘုရားစူး/မိုးကြိုးပစ်/မြွေပွေးကိုက်) တစ်ယောက်ဆိုမှ တကယ်တစ်ယောက်တည်းပဲ ရှိနေပါသည်။

သူ့အမည်ကတော့ လင်းသထက်လင်း (ခ) မစ်ကီပဲ ဖြစ်ပါသည်။





သူမသည် ထုံးစံအတိုင်း ထောင့်ကျကျစားပွဲတစ်လုံးမှာ. . ထုံးစံအတိုင်း တစ်ယောက်တည်း. . ထုံးစံအတိုင်း ကမ္ဘာကျော်ကြွက်တံဆိပ်အင်္ကျီကို ဝတ်ဆင်ထားပြီး. . ထုံးစံအတိုင်း စာအုပ်ကို အာရုံအပြည့် စူးစိုက်ထားပါသည်။

ထိုစဉ် လူငယ်တစ်ယောက်သည် စာကြည့်တိုက်ထဲသို့ရောက်ရှိလာပြီး တစ်ချက်ဝေ့ကြည့်လိုက်သည်။ ထိုလူငယ်ပုံစံက တစ်စုံတစ်ယောက်ကို မသိမသာရှာဖွေနေဟန်မျိုးရှိပါသည်။

ဟုတ်ကဲ့. . ထိုအဆိုသည် အမှန်ပဲ ဖြစ်သည်။ ယခုဝင်လာသော လူငယ်သည် အကြံအစည်တချို့တစ်ဝက်နှင့် ဝင်ရောက်လာခဲ့သော ခေတ်အုပ်စိုးပဲ ဖြစ်သည်။

ဝေ့ဝဲကြည့်နေသော သူ့မျက်လုံးအစုံသည် ထောင့်စွန်းစားပွဲဝိုင်းတွင် တစ်ယောက်တည်း အေးအေးဆေးဆေးစာထိုင်ဖတ်နေသော သူမ ကိုယ်ခန္ဓာပေါ်မှာ ရပ်တန့်သွားသည်။

(သူမ=မစ်ကီ/လင်းသထက်လင်း/ကြွက်မ)

သူ. . သူမကို စက္ကန့် အနည်းငယ်မျှ ငေးစိုက်ကြည့်လိုက်ပြီး စာအုပ်စင်ပေါ်တွင် အသင့်တွေ့ရသော ခပ်ထူထူစာအုပ်တစ်အုပ်ကို ဆွဲယူလိုက်သည်။ နောက်. . သူမ ရှိရာ စားပွဲဝိုင်းသို့ လှမ်းထွက်ခဲ့ပြီး သူမနှင့် မျက်နှာချင်းဆိုင်အနေအထားမှာ ရပ်တည်ကြီးဖြင့် ဝင်ထိုင်လိုက်၏။

သူမက အမှတ်တမဲ့မို့ သူ့ကို တစ်ချက်မော့ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"sorry...ဒီစားပွဲဝိုင်းလေးက ကိုယ် စာလာဖတ်တိုင်း အ
ထိုင်နေကျ နေရာလေးလေ. . အခုတော့ ဒီက သူငယ်ချင်းက အ
ရောက်နေတာဆိုတော့ ဆက်ဖတ်ပါ. . ဒီနေရာလေးက တခြားနေ
တွေထက် ပိုစာဖတ်လို့ကောင်းတယ်. . ကိုယ်လည်း ဒီမှာထိုင်ဖတ်မ
နော်"

ဟုတ်သော်ရှိ မဟုတ်သော်ရှိ သူကတော့ စွတ်ဖြီးနေမိပြီဖြ
သည်။

ဟုတ်သည်ပဲ. . အုပ်စိုးတို့အုပ်စုက Second Year Math
သာ ရောက်လာခဲ့သည်။ တစ်ခါမှ သည်စာကြည့်တိုက်ထဲကို ရော
ဖူးခဲ့သည် မဟုတ်။ ကိုယ်နှင့် မည်သို့မျှမပတ်သက်သည့် နေရာတ
ကို ခပ်ကင်းကင်းပဲ နေခဲ့ကြသည် မဟုတ်ပါလား. .

"ဒါနဲ့. . ဒီက သူငယ်ချင်းက ကျောင်းသူအသစ်ပဲ ထင်တ
ကိုယ် တစ်ခါမှ မမြင်ဖူးဘူး၊ စိတ်မရှိနဲ့နော်. . ကိုယ့်နာမည်က. . .

သူ့စကားလုံးတို့က အဆုံးသတ် မရှိပါဘဲ. . ရုတ်တရက်
တန့်သွားရ၏။ အကြောင်းက. . စကားတွေ မလိုအပ်ဘဲ သိပ်များ
သည့် သူ့ကို သူမက သိပ်အလိုမကျဟန် မျက်လုံးခပ်စိမ်းစိမ်းကြီးန
စူးစိုက်ကြည့်ပြီး နံရံတစ်နေရာသို့ လက်ညှိုးထိုးပြနေသောကြောင့်
ဖြစ်၏။

သူလည်း ယောင်နနနှင့် သူမ လက်ညှိုးညွှန်ရာသို့ အကြ
ရောက်သွားမိသည်။



သတိ
စကားကို တိုးတိုးသာသာ ပြောပါ။

"ဟိုက်"

သတိပေးကြော်ငြာကို ဖတ်ပြီး သူ အသာပဲ စာအုပ်ကို ဟို
လှန်ဒီလှန်လုပ်နေလိုက်သည်။ စိတ်ထဲမှာတော့ သူမကို 'အတော်လာ
တဲ့ ဟာလေးပဲ'ဟု မှတ်ချက်ပြုနေမိ၏။

အချိန်အတော်ကြာသည်အထိ သူ စာအုပ်ကို ဟိုလှန်ဒီလှန်
လုပ်လိုက်၊ နာရီကို ငုံ့ကြည့်လိုက်၊ သူမကို ခိုးကြည့်လိုက်ဖြင့် အချိန်
ဖြုန်းနေမိသည်။ သူမကတော့ ထုံးစံအတိုင်း. . .

ထိုစဉ် -

♫ × ×တကယ်ပဲလည်း နင် မချစ်ဘဲနဲ့ × × ခံစားချက်ထပ်
မပေးပါနဲ့ × × ကွဲအက်ခဲ့ပြီ ငါ့နှလုံးသား × × အရှုံးများနဲ့ အဆုံးသတ်
လို့သွားပြီ × × ရိုးသားခြင်းမရှိတဲ့နောက်မှာ× ×မလာခဲ့နဲ့ငါ့အနား ♫

သူ့ဘောင်းဘီအိတ်ထဲမှဖုန်းမြည်သံကြောင့် သူ အမြန်ထုတ်
ဖြေလိုက်၏။

"ဟယ်လို. . ရှိန်းသူ ပြော"

ရုတ်တရက် သူ့အသံက ကျယ်သွားသည်မို့ သူမရဲ့အစိမ်းနု
ရောင်မျက်ဝန်းတစ်စုံနှင့်ဆုံစည်းခွင့်ရခဲ့ပြန်သည်။

နောက်. . မလုံမလဲနှင့် သူမကို တစ်ချက်ပြုံးပြပြီး ဟောင်း



www.burmeseclassic.com

www.burmeseclassic.com



ပန်သလို လက်ကာပြလိုက်၏။ အသံကိုလည်း သိဿိသာသာလျှော့၍ ပြောဆိုနေမိ၏။

"အေး. . အခုသွားကြတော့မှာလား"

". . . ."

"ဒါဆို ငါ အခုထွက်လာခဲ့မယ်လေ. . မိသွန်းမွေးနေ့ကို ငါ မေ့နေတာကွ"

". . . . . ."

"အေး. . ဒါဆိုလည်း ဒါပဲနော် သားကြီး"

ပြောပြီး ဖုန်းကို စားပွဲပေါ်သို့ တင်လိုက်ပြီး ဖတ်လက်စ စာအုပ်ကို အသာပိတ်လိုက်၏။ နောက် ကျောပိုးအိတ်ကို နေသားတကျ ကောက်လွယ်လိုက်ပြီး

"ကျွန်တော့်ကို ခွင့်ပြုပါဦး. . သူငယ်ချင်းတစ်ယောက်မွေးနေ့ပွဲရှိနေတာ သွားလိုက်ဦးမယ်နော်"

သူ၏အရေးတယူနှုတ်ဆက်မှုကို သူမက မည်သို့မျှ တုန့်ပြန်မလာသဖြင့် နိုင်ငံခြားမင်းသားတွေလို ဟန်ပါပါ ပခုံးတစ်ချက်တွန့်ပြီး သူထွက်လာခဲ့မိ၏။

သူ့နှုတ်ခမ်းအစုံမှာတော့ အပြုံးရောင်စုံတို့က တွဲလွဲခိုစီးနေပါသည်။ အကြောင်းက သူ့ကြိုတင်ကြံစည်မှုတို့ အောင်မြင်လာခဲ့ပြီ မဟုတ်ပါလား. . .။



(D)

သူငယ်ချင်းတွေနှင့် ဆုံနေကျနေရာကိုရောက်တော့ သူ့ကို စိတ်ပူသလို ဝိုင်းဝန်းမေးကြသည့် မေးခွန်းအချို့နှင့် အရင်မျက်နှာချင်း ဆိုင်တွေ့ရ၏။

"ဘယ်လိုလဲ အုပ်စိုး"

"အခြေအနေ. ."

"နင်ဆင်ထားတဲ့အတိုင်း လုပ်လိုက်နိုင်ရဲ့လား"

"မစ်ကီ ရိပ်မိသွားသေးလား. . ပြောပါဦးဟ"

အုပ်စိုးက အားလုံးကို ပြုံးပြုံးကြီးတစ်ချက်ခြုံကြည့်လိုက်ပြီး လက်မ ထောင်ပြလိုက်၏။

"OKပါတယ်။ ဒါပေမဲ့ မစ်ကီနဲ့ခင်ဖို့က ထင်သလောက်တော့ မလွယ်ဘူးဟ"

"ငါ မပြောဘူးလား"

အရေးထဲ မိသွန်းက အမှတ်ယူပြနေသေး၏။

"ဒါပေမယ့် ငါအောင်မြင်အောင် လုပ်နိုင်မှာပါဟ"



www.burmeseclassic.com

www.burmeseclassic.com



"အေး. . အခုတော့ အမှတ်စဉ်(၁)တော့ လုပ်ခဲ့ပြီးပြီ၊ (၂)တွေ (၃)တွေ ဆက်လုပ်တော့လေကွာ"

သိပ်တက်ကြွပြနေသည့် ဖက်တီးကို သူ တစ်ချက်ကြည့်လိုက်ပြီး လက်က နာရီကိုပါ တစ်ပါတည်းကြည့်လိုက်သည်။

ပြီးမှ -

"ဖုန်းဆက်ဖို့ စောပါသေးတယ်"ဟု သူ ပြန်ပြောလိုက်၏။

"အုပ်စိုး"

"ပြောလေ မှုန်ကြီး"

"မင်း အခု. . မစ်ကီနဲ့ရင်းနှီးဖို့ ကြိုးစားနေတာက သိန်းတစ်ထောင်ကိစ္စအတွက်လား. . ဒါမှမဟုတ် မင်း သူ့ကို နီးစပ်ချင်လို့လား"

မှုန်ကြီးအမေးကို ရုတ်တရက် သူ အဖြေမပေးနိုင်ဖြစ်နေ၏။

အမှန်အတိုင်းဝန်ခံရလျှင် လူသားစားတက္ကသိုလ်က သေဆုံးမှုတွေနှင့် ဖုန်းနံပါတ်ကို သူ စိတ်ဝင်စားမိသည်။ နောက်. . . သိန်းတစ်ထောင်အထိ ဆုငွေထုတ်ထားသော ထိုပြဿနာက ဘယ်လောက်ကြီးကျယ်တဲ့ ပြဿနာလဲဆိုတာကို သူ စိတ်ဝင်စားသည်။

နောက်. . . သူမ(မစ်ကီ)ရဲ့ပုံစံကိုလည်း. . .

သူ ဆက်တွေးမနေတော့ဘဲ မုသားတချို့ကိုသာ ထုတ်ပေးလိုက်၏။

"မင်းတို့တွေ ကြေညာချက်ထုတ်ထားတဲ့ ဆုငွေ. . သိန်းတစ်ထောင်ကို မလိုချင်ကြဘူးလား"





ရုတ်တရက် သူ့အမေးကြောင့် အားလုံး ကြောင်သွားကြပြီး တစ်ယောက်မျက်နှာတစ်ယောက်ငေးကြည့်နေကြသည်။

ပြီးမှ ခေါင်းညိတ်ပြကြ၏။

"အေး. . အဲဒါပဲ. . ဒီကွင်းဆက်တွေကိုသိရဖို့အတွက် အခုအချိန်မှာ အကောင်းဆုံးသဲလွန်စတစ်ခုက မစ်ကီပဲ၊ ဘာလို့လဲဆိုတော့ သေဆုံးသွားတဲ့သူ ၅ယောက်လုံးနဲ့ သူက အနီးကပ်နေခဲ့ဖူးတဲ့ သူငယ်ချင်းတစ်ယောက်ဖြစ်နေခဲ့လို့ပဲ"

သူ့အဆိုကို ရှိန်းသူနှင့် မိသွန်းတို့က စောဒကထပ်တက်နေ၏။

"သူ ဘာမှမသိပါဘူးလို့ တာဝန်ရှိပုဂ္ဂိုလ်တွေကို ဖြေထားတဲ့အကြောင်း ဂျာနယ်တွေထဲမှာ ဖော်ပြထားတာပဲ. . သူ ဘာသိမှာလဲ"

"အေးလေ. ."

ခေတ်အုပ်စိုးက လေပူတစ်ချက်မှုတ်ထုတ်လိုက်ပြီး -

"မစ်ကီ့မျက်နှာပေါ်မှာ တစ်ခုခုဖုံးကွယ်ထားတာကို ငါခံစားမိနေတယ်. . အဲဒါ ဘာလဲတော့ ငါလည်း မသိဘူး. . ပြီးတော့ အဲ့ဒီထူးဆန်းတဲ့ဖုန်းနံပါတ်ကိစ္စ"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ. . အဲ့ဒီ *၉၉၉*ဆိုတဲ့နံပါတ်က ငါခေါ်ကြည့်ပြီးပြီ၊ ဘာမှအလုပ်မလုပ်ဘူး. . အလကားနံပါတ်ပဲ၊ ဒါကို ဘာလို့ရှုံးကြီးခွင်ကျယ်လုပ်နေကြတာလဲ. . ငါ့အထင်တော့ အဲ့ဒီနံပါတ်က တစ်



www.burmeseclassic.com

www.burmeseclassic.com



စုံတစ်ခုကို ကာကွယ်ချင်လို့ ဟန်ပြရှေ့ထုတ်ထားတဲ့ လုပ်ဇာတ်တစ်ခု လို့ပဲ ငါထင်တယ်"

သူ့စကားအဆုံးမှာ အားလုံးတွေသွားကြသည်။

"မင်းတို့ပဲ စဉ်းစားကြည့်စမ်း. . ခုဆိုရင် လူတွေက လူသေဆုံးမှုတွေထက် သိန်းတစ်ထောင်ကိစ္စနဲ့ဆက်နွယ်ပြီး အဲဒီဖုန်းနံပါတ်ကို ပိုစိတ်ဝင်စားနေကြပြီမဟုတ်လား"

"ဟာ. . ငါတို့လည်း မပြောတတ်တော့ဘူး အုပ်စိုးရာ"

"ကဲ. . ကဲ. . အခု နံပါတ်(၂)အစီအစဉ်အရ မင်းလုပ်စရာရှိတာ ဆက်လုပ်လိုက်တာ အကောင်းဆုံးပဲ အုပ်စိုး. . ငါလည်း နံပါတ်(၃)ကိစ္စအတွက် Heart Beat ကို ဖုန်းဆက်ရဦးမယ်"

ဖက်တီးက အထက်ပါအတိုင်း ပစ္စုပ္ပန်ကို ချပြလိုက်တော့ မိသွန်းက သူ့လက်ထဲက မိုဘိုင်းဖုန်းလေးကို အုပ်စိုးအား ပေးရင်း-

"ရော့. . နင်ဆက်တော့လေ"

"အေး"

သူ အလွတ်ရပြီးသား နံပါတ်အချို့ကို မိသွန်းဖုန်းထဲကို ရိုက်ထည့်လိုက်ပြီး ခေါ် ဆိုလိုက်၏။

ချက်ချင်းဆိုသလိုပင် လိုင်းဝင်သွားသဖြင့် အားလုံးကို တိုးတိုးတိတ်တိတ်နေရန် သူ လက်ဟန်ခြေဟန်ဖြင့် ပြပေးလိုက်သည်။

♫ ××× တူ ××× တူ ××× တူ ××× ♫

◆



(E)

♫ × ×တကယ်ပဲလည်း နင် မချစ်ဘဲနဲ့ × × ခံစားချက်ထပ်မပေးပါနဲ့ × × ကွဲအက်ခဲ့ပြီ ငါ့နှလုံးသား × × အရှုံးများနဲ့ အဆုံးသတ်လို့ သွားပြီ × × ရိုးသားခြင်းမရှိတဲ့နောက်မှာ × × မလာခဲ့နဲ့ ငါ့အနား ×× ဆုံးရှုံးခြင်းရလဒ်များနဲ့ × × ပျော်နေပြီ အချစ်ရေ × ×တကယ်ပဲလည်း နင်မချစ်ဘဲနဲ့ × × ♫

ဖုန်း Ringtone သံလေးက အဆက်မပြတ်မြည်ဟီးနေ၏။ တိတ်ဆိတ်လှသည့် စာကြည့်တိုက်အတွင်းမှာမို့ 'ချမ်းချမ်း'အသံလေးက လိုအပ်သည်ထက် ပိုမိုစူးရှကျယ်လောင်လှ၏။

သူမ ရှေ့တည့်တည့်မှမြည်နေသည်မို့ စာအုပ်ကို အကြည့်ခွာပြီး ဖုန်းပိုင်ရှင်ကို သူမ မော့ကြည့်လိုက်မိသည်။

မတွေ့. . .

သို့သော် ပိုင်ရှင်မဲ့ အော်မြည်နေသော apple အမှတ်တံဆိပ် မိုဘိုင်းဖုန်းလေးတစ်လုံးကိုသာ တွေ့ရ၏။

ဦးနှောက်၏အလိုအလျောက် အလုပ်လုပ်မှုကြောင့် အစော

www.burmeseclassic.com

www.burmeseclassic.com



ကကိုရွှေချောတစ်ယောက် မေ့ကျန်ခဲ့မှန်း သူမ ရိပ်မိသွား၏။ ဖုန်းကိုင်သင့် မကိုင်သင့်ကိုတော့ သူမ တွေဝေနေရဆဲဖြစ်နေသည်။

ထိုစဉ် စာကြည့်တိုက်မှူးဖြစ်ဟန်တူသော ခပ်ဝဝ မိန်းမကြီးတစ်ယောက်ရောက်လာပြီး -

"သမီး ဖုန်းကိုင်လိုက်ပါဦးကွယ်. . တခြားသူတွေ အနှောက်အယှက်ဖြစ်မှာစိုးလို့ပါ"ဟု ဆိုလာသဖြင့် သူမတွေဝေမှုကို အမြန်အဆုံးသတ်ပစ်လိုက်ရ၏။

"ဟယ်လို"

"ဟိုဟာ. . စာကြည့်တိုက်ထဲက တစ်ယောက်များလား မသိဘူး. . ."

"ဟုတ်ပါတယ် ရှင်က. . "

"ကျွန်တော် အစောက တစ်ယောက်ပါ. . . သူငယ်ချင်းတစ်ယောက်မွေးနေ့ပွဲက အရေးကြီးနေတာနဲ့ အမြန်ထွက်လာလိုက်တာ ဖုန်းမေ့ကျန်ခဲ့လို့. . အဲဒါ. . "

"အဲဒါ. . ကျွန်မက ဘာလုပ်ရမှာလဲ"

"ဟို. . ဟို. . ဘာမှတော့ မလုပ်ရပါဘူး၊ အခုလို ဖုန်းယူထားပေးလို့ ကျေးဇူးပါဗျာ"

"ဒီမယ်. . ကိုအတ္တ"

"ကျွန်တော့်နာမည် ခေတ်အုပ်စိုး ပါ"

"ရှင့်ဘာသာ ခေတ်အုပ်စိုး မကလို့ ခေတ်မုဆိုးပဲ ဖြစ်ဖြစ်. .





ကျွန်မနဲ့မဆိုင်ဘူး၊ စိတ်လည်း မဝင်စားဘူး. . ပြီးတော့ ရှင်ကျန်ခဲ့တဲ့ ဖုန်းကို ကျွန်မ ယူထားတာလည်း မဟုတ်ဘူး။ သိတောင် မသိဘူး. . ရှင်ကျန်ခဲ့တာကို. . ဖုန်းသံက အရမ်းဆူနေလို့ ကောက်ကိုင်လိုက်တာ"

"ဟုတ်ပါပြီဗျာ. . ဘာပဲဖြစ်ဖြစ် ခင်ဗျားကို ကျွန်တော် ကျေးဇူးတင်ပါတယ်"

"ဒီမှာ. . ရှင့်ဖုန်းကို ပြန်လာယူမှာဆိုလည်း မြန်မြန်ပြန်လာယူ. . ကျွန်မ အတန်းတက်ရတော့မယ်. . အချိန်သိပ်မရှိဘူးရှင့်"

"အဲဒါမှ ခက်တော့တာပဲဗျာ"

"ရှင်၊ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲဗျာ - ကျွန်တော့်သူငယ်ချင်းမွေးနေ့အတွက် ကျွန်တော် အပြင်ရောက်နေတာဗျ၊ ကျောင်းထဲမှာ မဟုတ်ဘူးလေ"

"ဩော်. . "

"နယ်က ဖေဖေတို့ကလည်း ဒီနေ့ညမှ ဖုန်းပြောဖို့ ချိန်းထားပြီးသားကြီးဖြစ်နေတယ်. . ခုမှတော့ ဘယ်တတ်နိုင်ပါ့မလဲဗျာ. . ထားလိုက်ပါတော့. . နောက်နေ့ ကျောင်းရောက်မှပဲ ကျွန်တော် ပြန်လာယူပါတော့မယ်"

တစ်ဖက်သားရဲ့ခပ်ညည်းညည်းစကားသံလေးကြောင့် သူမ တစ်ချက်တွေသွားမိပြီး -

"ဒါနဲ့ နေပါဦး၊ ခု. . ရှင်က ဘယ်နေရာမှာမို့လဲ"

"မွေးနေ့ပွဲမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီ၊ အဲဒီမွေးနေ့ပွဲက ဘယ်နေရာမှာလဲ"

"Heart Beat စားသောက်ဆိုင်ရဲ့ သီးသန့်ခန်း နံပါတ် (၇)ထဲမှာပါ"

"အဲ့ဒီ Heart Beat စားသောက်ဆိုင်က (. . . . )လမ်းကမို့လား"

"ဟုတ်တယ်လေ. . ဘာဖြစ်လို့လဲဗျ"

"ဒါဆိုရင်တော့ ရှင် ကံကောင်းသွားပြီ"

"ဗျာ. ."

"ကျွန်မ အတန်းပြီးတဲ့အထိ ရှင် စောင့်နိုင်မယ်ဆိုရင်တော့ ရှင့်ဖုန်းကို ကျွန်မ ယူလာပေးမယ်လေ"

"ဟာ. . ကျေးဇူးတင်လိုက်တာဗျာ"

"ဪ. . . တစ်မျိုးတော့ မထင်နဲ့ဦးနော်. . ကျွန်မ နေတဲ့ အဆောင်ကလည်း (. . . . )လမ်းထဲမှာမို့ အပမ်းမကြီးလို့ ယူလာပေးတာ"

"ဟုတ်ကဲ့ပါဗျာ၊ ဒါနဲ့ စကားမစပ် အဲဒီလမ်းထဲမှာ အဆောင်တစ်ခုပဲ ရှိတာပါ၊ ကျွန်တော့် ခင်ဗျားလည်း နတ်သမီးအဆောင်ကပဲ ထင်တယ်၊ ဪ. . တစ်မျိုးတော့ မထင်နဲ့ဦးနော် အခုမွေးနေ့ရှင်ဖြစ်တဲ့ ကျွန်တော့်သူငယ်ချင်း သွန်းခကြွယ်(ခ)မိသွန်းကလည်း အဲ့ဒီအဆောင်ကမို့ မေးကြည့်လိုက်တာပါ"

တစ်ဖက်လူရဲ့ စကားပြောဆို ပါးနပ်မှုနှင့် ချေပတုံ့ပြန်ပြော





ဆိုမှုတို့ကို သဘောပေါက်ပြီး သူမပင် စကားပြောရင်း ပြုံးမိလိုက်၏။ ပြီး. . . ။

သူမ စိတ်ထဲမှာလည်း ထူးဆန်းသော ဖြစ်ပျက်တိုက်ဆိုင်မှုလေးတစ်ခုကို အနည်းငယ် သံသယဝင်မိသွားသည်။ သို့သော် သူမ အတွေးကို သူမကိုယ်တိုင် ပြန်လည်ချေဖျက်ပြီး ဖတ်လက်စ စာအုပ်ကို ပိတ်ပစ်လိုက်၏။

နောက်. . ကိုရွှေချောရဲ့လက်ကိုင်ဖုန်းလေးကို သူမရဲ့Micky Mouse လွယ်အိတ်အဝါရောင်လေးထဲသို့ သိမ်းဆည်းလိုက်ပြီး အတန်းတက်ရန်အတွက် ခြေလှမ်းတချို့ကို စတင်လိုက်၏။

♦



www.burmeseclassic.com

www.burmeseclassic.com

# HEART BEAT RESTAURANT



## (၄)

Heart Beat Restaurant၏သီးသန့်ခန်းလေးထဲတွင် ‘သွန်းခဲကြယ်’ (ခ) မိသွန်း၏မွေးနေ့ပွဲအတုလေးက ယူနီဖောင်းအပြည့်အစုံနှင့်ငြိမ်သက်နေ၏။

လေးထောင့်ဆန်ဆန်စားပွဲရှည်တစ်ခုအပေါ်မှာတော့ Birthday Cake တစ်လုံးနှင့်အတူ ညစာစားပွဲတစ်ခုက လူ ၆ ယောက်စာအတွက် အသင့်။ သို့သော် ထိုင်ခုံအလွတ်တစ်လုံးကတော့ ခေတ်အုပ်စိုးနှင့်မျက်နှာချင်းဆိုင်အနေအထားမှာ ခပ်တည်တည်ငြိမ်သက်နေပါသည်။

လူ ၅ယောက်ကတော့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး တစ်စုံတစ်ခုကို တွေးတောနေကြလေ၏။

“အုပ်စိုး. . မစ်ကီက လာရောလာပါဦးမလား”

တိတ်ဆိတ်မှုကို စတင်ဖောက်ခွဲသူက ဖက်တီးဖြစ်သည်။

“အေးလေ. . ညနေခြောက်နာရီတောင် ထိုးနေပြီ” ဟုလည်း မိသွန်းက ဟာမိုနီလိုက်ပေးနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရှိန်းသူနှင့်မှုန်ကြီးတို့ နှစ်ယောက်ကတော့ ခုံကို တဒေါက်ဒေါက်ခေါက်နေကြသည်။

"သူ လာမှာပါ"

အုပ်စိုးအသံက ယုံကြည်မှုအပြည့်။

ထိုစဉ် သီးသန့်ခန်းတံခါးလေးသည် ညင်သာစွာပွင့်သွားလေ၏။ အားလုံး၏အကြည့်တွေက အခန်းဝဆီသို့ စုပုံကျနေ၏။

သို့သော် မြင်ကွင်းထဲကို ကျရောက်လာသူက waiter တစ်ယောက်ဖြစ်နေသည်ကြောင့် စိတ်မာတ်ပင် ကျသွားမိ၏။

"ကိုခေတ်အုပ်စိုးဆိုတာများ ပါလား မသိဘူး"

"ကိုယ်ပါပဲ ညီလေး. . ဘာဖြစ်လို့လဲ"

"ဪ. . ဆိုင်ထဲမှာ ဧည့်သည်ကောင်မလေးတစ်ယောက်ရောက်နေပါတယ်၊ နာမည်က မစ်ကီတဲ့. . အဲဒါ. ."

waiter လေးရဲ့စကားအဆုံးမှာ အုပ်စိုးတို့အုပ်စု တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးမိကြသည်။

"OK..ညီလေး. . သူ့ကို ဒီအခန်းထဲ ပို့ပေးလိုက်ပါကွာ"

"ဟုတ်ကဲ့ အစ်ကို. . ဘာများလိုအပ်ပါသေးလဲ၊ လိုတာရှိရင်ပြောပါအစ်ကို"

"ကျေးဇူးပဲ ညီလေး. . လိုတာရှိရင် ခေါ်လိုက်ပါ့မယ်. . လောလောဆယ် ကောင်မလေးကိုပဲ လိုက်ပို့ပေးပါကွာ"

အုပ်စိုးအပြောကို waiter ကောင်လေးက မည်သို့ထင်သွား





သည်မသိ၊ ပြုံးပြုံးကြီးလုပ်ပြီး လှည့်ထွက်သွားလေသည်။ သိပ်မကြာခင်အချိန်လေးအတွင်းမှာပဲ. , သူမသည် အုပ်စိုးတို့သီးသန့်ခန်းလေးရှေ့သို့ ရောက်လာခဲ့ပြီဖြစ်ပါသည်။

ထုံးစံအတိုင်း သူမသည် Micky Mouse Logo ပါ တီရှပ်ခပ်ပွပွတစ်ထည်ကို ဂျင်းကွာတားတစ်ထည်နှင့်တွဲဖက်ဝတ်ဆင်ထားပါသည်။ ဆံပင်ကိုလည်း အနောက်သို့ စုစည်းထားသည်ကြောင့် သူမမျက်နှာလေးက ပိုမိုရှင်းသန့်ကြည်စင်နေပါ၏။

သူမလက်ထဲမှာတော့ အုပ်စိုးအမည်ပေါက် လက်ကိုင်ဖုန်းတစ်လုံးနှင့် နာမည်ကြီးစာရေးဆရာတစ်ယောက်၏စာအုပ်တစ်အုပ်ကိုကိုင်ဆောင်ထားသည်။

"သူငယ်ချင်း လာလေ. . ထိုင်"

အုပ်စိုးက ရင်းရင်းနှီးနှီးခေါ်တော့ သူမက ခပ်တည်တည်ပဲခုံအလွတ်မှာ ဝင်ထိုင်လိုက်ပြီး-

"sorry ပဲ. . စောင့်နေရတာ ကြာပြီလား၊ ကျွန်မ နည်းနည်းနောက်ကျသွားတယ်. . အစကတော့ ကျောင်းကအပြန် တစ်ခါတည်းဝင်ပေးမလို့ပဲ. . ဒါပေမဲ့ ခေါင်းနည်းနည်းနောက်နေတာနဲ့ အဆောင်ကိုပြန်ပြီး ရေချိုးပြီးမှထွက်လာခဲ့လိုက်တာ. . ရော့. . ဒီမှာ ရှင့်ဖုန်း"

"ဪ. . ရပါတယ်. . ကိစ္စမရှိပါဘူး၊ ဒါနဲ့. . ကြုံတုန်း မိတ်ဆက်ပေးရဦးမယ်"ဟု အစချီကာ အုပ်စိုးက ဖုန်းယူရင်းဖြင့် အားလုံးနှင့်မိတ်ဆက်ပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်က ဖက်တီး၊ သူက မှုန်ကြီး၊ သူက ရှိန်းသူ၊ ကျွန်တော်ကတော့ အုပ်စိုး၊ အဲ. . ဒီက မွေးနေ့ရှင်ကတော့. . နတ်သမီးအဆောင်က မိသွန်း(ခ)သွန်းခကြယ်ပါ"

သူမက ဟက်မာက်ပက်ပက်ကြီး မဟုတ်သော်ငြားလည်း. . အားလုံးကိုတော့ လှုမှုရေးအရ သဲ့သဲ့ကလေး ပြုံးပြလိုက်ပါသည်။

"ဪ. . ဒါနဲ့ ဒီက သူငယ်ချင်းနာမည်က. . "

"လင်းသထက်လင်း ပါ. . ဒါပေမယ့် မစ်ကီလို့ပဲ မှတ်ထားလိုက်ပါ"

"ဟုတ်ကဲ့"

"ကဲ. . ရှင်နဲ့ကျွန်မ ကိစ္စလည်းပြီးသွားပြီဆိုတော့. . ကျွန်မကို ပြန်ခွင့်ပြုပါဦး ကိုခေတ်အုပ်စိုး"

သူမစကားကြောင့် အုပ်စိုးတို့အားလုံး 'ကွက်'ကနဲ မျက်နှာတစ်ချက်ပျက်သွားကြသည်။ သို့သော်. .

"ဟာ. . ဒီအတိုင်းပြန်လို့ ဘယ်ဖြစ်မလဲ မစ်ကီရဲ့"

". . . . ."

ထိုစကားရဲ့အဓိပ္ပာယ်ကို ရုတ်တရက် သဘောမပေါက်သည့်အကြောင့် သူမ မျက်မှောင်ကုတ်သွားရ၏။

"ကျွန်တော်တို့အားလုံးက မွေးနေ့ပွဲကို တမင် မစ,သေးဘဲ မစ်ကီ့အလာကို စောင့်နေကြတာလေ"

"ဘာအတွက်လဲ"





"ဪ. . ဘာအတွက်ရမှာလဲ. . ကျွန်တော့်ဖုန်း ပြန်ယူလာပေးတဲ့အတွက်ရော၊ ဒီက သူငယ်ချင်းအသစ်ရတဲ့ မိတ်ဆက်ပွဲအတွက်ရော. . ပြီးတော့ တစ်ဆောင်တည်းနေ တစ်ကျောင်းတည်းတက် သူငယ်ချင်းရဲ့မွေးနေ့အတွက်ပေါ့ မစ်ကီရဲ့"

"ကျွန်မ စိတ်မဝင်စားဘူး"ဆိုသည့်စကားကို သူမ မပြောဖြစ်လိုက်ပါ။ အဘယ်ကြောင့်ဆိုသော် မွေးနေ့ရှင်အပါအဝင် အားလုံးက သူမကို ရင်းနှီးပျူငှာစွာ ဖိတ်ခေါ်နေသောကြောင့်ပင် ဖြစ်ပါသည်။

"ဟုတ်ပါတယ် မစ်ကီရယ်. . ငါတို့အားလုံးက ခင်တတ်ပါတယ်. . ပြီးတော့ ခပ်ပျော်ပျော်သမားတွေပါ"

"ဟုတ်တယ် မစ်ကီရဲ့. . ဘာပဲဖြစ်ဖြစ် တို့ရဲ့မွေးနေ့ပွဲမှာ သူငယ်ချင်းအသစ်ထပ်ရတယ်ဆိုတော့ အမှတ်တရဖြစ်သွားတာပေါ့. . . ပြီးတော့ နတ်သမီးအဆောင်မှာပဲနေတာဆိုတော့ တို့နဲ့လည်း အတူတူပဲလေ"

ရှိန်းသူနှင့်မိသွန်းစကားမှာ သူမ မငြင်းသာဖြစ်နေရ၏။

"ကဲ. . ကဲ. . မွေးနေ့ပွဲလေး စ,လိုက်ရအောင်၊ ငါ ဒီမှာ ဗိုက်ဆာလှပြီဟ"

ဖက်တီးရဲ့နောက်တောက်တောက် အတည်စကားကြောင့် အားလုံးရယ်ဖြစ်ကြ၏။ (မှတ်ချက်။ ။ ထုံးစံအတိုင်း သူမကတော့ သဲ့သဲ့လေးပဲ ပြုံးပါသည်။)

ဘာအထာမှန်း သိပ်မသိပေမယ့်လည်း မိသွန်းရဲ့မွေးနေ့ပွဲ



www.burmeseclassic.com

www.burmeseclassic.com



အတုလေးကို ရုပ်ရှင်တွေထဲကအတိုင်း ဖယောင်းတိုင်မှုတ်ခြင်း၊ ကိတ်မုန့် ခွဲ့ကျွေးခြင်း၊ 'Happy Birthday သီချင်းဆိုခြင်းတို့ဖြင့် စတင်ပြီး Dinner စားခြင်းတို့ဖြင့် အထမြောက်စေခဲ့ပါသည်။

"မစ်ကီ. . ထပ်စားဦးလေ. . တော်ပြီလား"

သူမကို အုပ်စိုးက အထက်ပါအတိုင်း ဂရုတစိုက်မေးတော့ သူမက -

"အင်း. . ဗိုက်နည်းနည်းတင်းနေလို့ပါ၊ ကဲ. . စားလို့တော့ပြီးသွားပြီ၊ မွေးနေ့ရှင်အတွက် ဘာလက်ဆောင်မှတော့ မပါခဲ့ဘူးနော်"

ဟု အုပ်စိုးကို ပြောသလိုလိုနှင့် မိသွန်းကို ပြောလိုက်သည်။

"အို. . ရပါတယ် မစ်ကီရယ်. . သူငယ်ချင်းတွေဖြစ်နေပြီပဲ"

မိသွန်းစကားအဆုံးမှာ အုပ်စိုးက

"မစ်ကီ့ပုံစံက ကျွန်တော်တို့ကို သိပ်မခင်သလိုပဲနော်"

"ဟုတ်တယ်. . ပြီးတော့ စကားလည်း သိပ်မပြောဘူးနော် ဘာဖြစ်လို့လဲဗျ"

မှန်ကြီးကပါ ထပ်ဖြည့်မေးတော့ သူမ သက်ပြင်းတစ်ချက်ချပြီး အားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်သည်။ ပြီးမှ -

"မခင်ချင်တာ မဟုတ်ပါဘူး. . မခင်ရဲတာပါ"

"ဗျာ"

"ရှင်"

သူမစကားကို အားလုံးနားမလည်နိုင်ဖြစ်နေကြ၏။





"ဟုတ်တယ်. . ရှင်တို့အားလုံးလည်း ကျွန်မသူငယ်ချင်း ၅ ယောက်အကြောင်းကို ကြားပြီးပြီနေမှာပါ"

သူမကို အားလုံးက ယောင်နနဖြင့် ခေါင်းညိတ်ပြနေကြသည်။

"ကျွန်မ အရမ်းစိတ်ထိခိုက်နေတယ်. . ပြီးတော့ အပြစ်မကင်းသလိုလည်း ခံစားနေရတယ်"

သူမအသံ တိုးလျလျှလေးအဆုံးမှာ စုပ်တစ်ချက်သပ်ပြီး -

"ကျွတ်၊ ဒါကတော့ accident တွေပဲ၊ မစ်ကီနဲ့ဘာမှမှမပတ်သက်တာ. . အဲဒါကို ခံစားနေရင် မစ်ကီပဲ နာကျင်နေရမှာပေါ့"

"ဘာလို့မပတ်သက်ရမှာလဲ. . သိပ်ပတ်သက်တာပေါ့၊ သူတို့တွေ သေဆုံးခဲ့ရတာ ကျွန်မကြောင့်ပဲ"

"ဟင်"

သူမစကားကြောင့် အားလုံးအံ့အားသင့်သွားကြ၏။ စိတ်ဝင်စားမှုလည်း ပိုမိုမြင့်မားလာခဲ့ကြ၏။

မနေနိုင်မထိုင်နိုင်သူ ရှိန်းသူက ထုတ်၍ပင် မေးလိုက်သေးသည်။

"ဘယ်လိုပတ်သက်ပြီး ခုလိုတွေဖြစ်ခဲ့တာလဲ မစ်ကီ"

သူမက ဝေ့တက်လာသည့် မျက်ရည်စအချို့ကို ကြွေကျစေရန် ထိန်းသိမ်းလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"သူတို့တွေဟာ ကျွန်မနဲ့ပတ်သက်မိလို့ ခင်မင်မိလို့ ခုလိုမျိုး အသေဆိုးတွေနဲ့ သေခဲ့ရတာပါ"

"မစ်ကီ ဘာကိုဆိုလိုတာလဲ၊ ကျွန်တော့် သိပ်နားမလည်ဘူး"

"ကျွန်မကို လူကြီးတွေက မကောင်းဆိုးဝါးနက္ခတ်နဲ့ယှဉ်ပြီး မွေးလာခဲ့တယ်လို့ ငယ်ငယ်ကတည်းက ပြောခဲ့ကြတယ်. . ရှင်းရှင်း ပြောရရင် ကျွန်မက တစ္ဆေနက္ခတ်ပိုင်ရှင်ပေါ့ရှင်"

"ဟင်"

သူမ နှုတ်က ထွက်ကျလာသည့်စကားလုံးထူးထူး၊ ဝါကျဆန်းဆန်းတွေကြောင့် အားလုံးမှင်သက်ကုန်ကြ၏။

"ဟုတ်တယ်. . အဲဒါဟာ အမှန်တရားပဲ. . အစကတော့ ဒီစကားကို ကျွန်မကိုယ်တိုင် လက်မခံနိုင်ခဲ့သလို ယုံလည်း မယုံကြည်ခဲ့ပါဘူး. . ဒါပေမယ့် အဲဒါဟာ တကယ်ပဲ"

သူမစကားသံတို့ ဝမ်းနည်းကြေကွဲမှုတို့ စွက်ဖက်ပျော်ဝင်နေသည်ကြောင့် အုပ်စိုးပင် စိတ်မကောင်းဖြစ်သွားမိသည်။

"ကျွန်မနဲ့ ရင်းရင်းနှီးနှီး ခင်မင်ပတ်သက်တဲ့သူတိုင်း ကံဆိုးသွားစေတယ်. . အဲဒါဟာ တစ္ဆေနက္ခတ်ရဲ့အဓိကအစွမ်းပဲ၊ သူတို့တွေလည်း ကျွန်မနဲ့ ခင်မင်မိလို့ ခုလိုအဖြစ်ဆိုးတွေ ကြုံတွေ့ခဲ့ကြတာပဲ. . ကျွန်မနဲ့ ရင်းနှီးပတ်သက်မှုပိုများလေလေ. . အဲဒီလူ ကံပိုဆိုးလာလေလေပဲ"

"ဟင်"





သူမစကားလုံးတို့အဆုံးမှာ အားလုံးပင် ကြက်သီးထ,မိကြသည်။

ဒါ. . ဘယ်လိုနက္ခတ်မျိုးလဲ. .

"အဲဒါကြောင့် ကျွန်မ ဘယ်သူနဲ့မှအပေါင်းအသင်းမလုပ်ဘဲ ကိုယ့်ဘာသာ သီးသီးသန့်သန့်နေလာခဲ့တာပါ. . ရင်ထဲမှာ အားငယ်နာကျင်မှု၊ ဝမ်းနည်းမှုတို့ ပြည့်သိပ်နေခဲ့ပေမယ့် ကျွန်မ ငယ်ငယ်လေးကတည်းက နေတတ်အောင် နေခဲ့ပါတယ်၊ ဒါပေမယ့် (. . . . )တက္ကသိုလ်ကိုရောက်တော့. . သူတို့ ၅ယောက်အဖွဲ့က. . ."

သူမက စီးကျနေသည့် မျက်ရည်စအချို့ကို ခပ်ဖွဖွသုတ်ဖယ်ပစ်လိုက်ပြီးမှ ဆက်ပြောပြ၏။ ပြောသင့်မပြောသင့် တွေးတောနေဟန်လည်း ရှိပါသည်။

"အခု. . ရှင်တို့ သူငယ်ချင်း ၅ယောက်လိုပဲ ကျွန်မကို မငြင်းရက်နိုင်အောင် စတင်မိတ်ဖွဲ့လာခဲ့လို့ပါပဲ"

"ဗျာ"

"ဟုတ်တယ်. . အဲဒါကြောင့် ရှင်တို့တွေအားလုံး ကျွန်မနဲ့ သူငယ်ချင်း မဖြစ်ချင်ကြပါနဲ့ရှင်. . ကျွန်မနဲ့ မခင်မင် မပတ်သက်ချင်ကြပါနဲ့. . ကျွန်မကြောင့် ဘယ်သူ့ကိုမှဒုက္ခမရောက်စေချင်ဘူး၊ ကျွန်မ ရင်ထဲမှာ မခံစားနိုင်တော့လို့လည်း ဒီကျောင်းကို ပြောင်းလာခဲ့တာပါ၊ ကျွန်မကို နားလည်ပေးကြပါရှင်"

အကြောက်တတ်ဆုံးစာရင်းဝင်သည့် ဖက်တီးနှင့် မိသွန်းတို့



www.burmeseclassic.com

www.burmeseclassic.com



ကတော့ သွေးပျက်နေကြပုံရ၏။ မှုန်ကြီးနှင့်ရှိန်းသူတို့ကတော့ သူ
ကို စူးစိုက်ကြည့်နေကြ၏။

ခေတ်အုပ်စိုးအတွေးထဲမှာတော့ (?)များစွာ လူးလာကူးခတ်
နေပါသည်။ ပြီးမှ အုပ်စိုးက သဘာဝကျကျ စကားစလိုက်သည်။

"ကျွန်တော်လည်း ခေတ်လူငယ်တစ်ယောက်ဆိုပေမယ့် ရှေး
ဟောင်းစာအုပ်အတော်များများကိုဖတ်ဖူးပါတယ်. . ပြီးတော့ အကြာ
အမြင်ဗဟုသုတလည်း အဲလောက် မခေါင်းပါးပါဘူး မစ်ကီ. . သူ
နက္ခတ်၊ ဘီလူးနက္ခတ်တို့ကိုတော့ ကျွန်တော်ကြားဖူးပါတယ်. . ခု. .
မစ်ကီပြောတဲ့ တစ္ဆေနက္ခတ်ဆိုတာတော့ တကယ်မကြားဖူးပါဘူး. .
ပြီးတော့. . မစ်ကီနဲ့ပတ်သက်တဲ့သူတိုင်း အဲလိုဖြစ်တယ်ဆိုတာကြီးက
တော့ လုံးဝအဓိပ္ပာယ်မရှိဘူးလို့ ကျွန်တော် မြင်တယ်"

"ဘာလဲ. . ရှင် ကျွန်မပြောတာတွေကို မယုံကြည်လို့လား. .
ဒါမှမဟုတ် ကျွန်မကို တစ်ခုခုဆိုလိုချင်လို့လား"

မွေးနေ့ပွဲအတုကလေးကို လူ ၆ ယောက်နှင့် တန်ဆာဆင်
သည်ဆိုပေမယ့် ယခုအချိန်မှာတော့ လူနှစ်ယောက်၏စကားရည်လု
အသေးစားနှင့်ပင် တူနေပါသေးသည်။

ကျန်လေးယောက်ကတော့ အားပေးသူပရိသတ်သက်သက်

"မစ်ကီ စိတ်စွဲနေတာ. . ဒါမှမဟုတ် အဖြစ်အပျက်တွေက
ထူးဆန်းစွာ တိုက်ဆိုင်လာခဲ့တာရော မဖြစ်နိုင်ဘူးလား"

"တစ်ယောက်. . တိုက်ဆိုင်တာ၊ နှစ်ယောက်. . ထားလိုက်





ဦး တိုက်ဆိုင်တာ. . ၊ သုံးယောက်. . အခုဟာက ၅ယောက်၊ ကဲ. .
ရှင် တိုက်ဆိုင်တာပါလို့ပြောချင်သေးလား. . ဒီမှာ ခေတ်အုပ်စိုး၊ ရှင်
ဘာမှမသိဘဲနဲ့ ကောက်ချက် အလွယ်တကူမချပါနဲ့. . ရှင် မသိသေး
တဲ့အရာတွေ ဘေးပတ်လည်မှာ အများကြီးရှိနေပါသေးတယ်"

"ငါ သေသေချာချာသိတာ တစ်ခုတော့ရှိနေတယ် မစ်ကီ"

အထက်ပါစကားကို အုပ်စိုးက သူမစကားမဆုံးခင် ဖြတ်ပြော
လိုက်ခြင်းဖြစ်၏။

"ဘာလဲ"

"မင်းသူငယ်ချင်း ၅ယောက် သေဆုံးသွားတဲ့ကိစ္စနဲ့ပတ်သက်
ပြီး. . မင်းရင်ထဲမှာ သိပ်ကြီးမားတဲ့ ဆိုက်ကို(Psycho)တစ်ခု အမြစ်
တွယ်နေပြီ. . မစ်ကီ"

"ဘာ"

"ဟုတ်တယ်. . ငါ အကြံပေးနေတာ. . မင်းစိတ်ကို လျှော့ချ
ပြီး သက်သောင့်သက်သာပဲ နေပါ. . ဖြစ်ခဲ့တဲ့ကိစ္စတွေအားလုံးက မင်း
နဲ့ဘာမှမဆိုင်ပါဘူး. . သူ့အကြောင်းတရားနဲ့သူ ဖြစ်ပျက်ခဲ့တာတွေပဲ"

"အဟင်း. . ဘာလဲ. . ရှင်က ကျွန်မကို ရူးနေတယ်လို့ဆိုလို
ချင်နေတာလား"

သူမအပြောကို အုပ်စိုးက ခပ်မြန်မြန်ပဲ ဖြေပေးလိုက်၏။

"ကျွန်တော် အဲလို မရည်ရွယ်ပါဘူး"

"ထားပါ. . ကျွန်မကို ဘယ်လိုမြင်မြင် ကျွန်မ ဂရုမစိုက်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့်. . သေချာအောင်တော့ ထပ်ပြောခဲ့ဦးမယ် အဲဒီဖြစ်ရပ်ဆိုးတွေက ကျွန်မဆီက စခဲ့တာ. . ကျေးဇူးပြုပြီး ကျွန်မနဲ့ ခင်မင်ပတ်သက်ဖို့ မကြိုးစားပါနဲ့တော့. . ရှင်တို့တွေ ကံဆိုးသွားလိမ့်မယ်. . ကျွန်မက တစ္ဆေနက္ခတ်နဲ့လူပါ"

သူမအပြောကို အုပ်စိုးက သဘောကျသလို ပြုံး၍ပင် နေလိုက်သေးသည်။ -

"ငါ အဲဒါတွေကို အယုံအကြည်မရှိသလို. . စိတ်လည်း မဝင်စားဘူး၊ ဒါပေမယ့်. . ငါတို့အဖွဲ့က မင်းကိုတော့ တကယ်ခင်သွားမိပြီ မစ်ကီ"

အုပ်စိုးစကားအဆုံးမှာ သူမက တစ်ဖွဲ့လုံးကို မျက်လုံးအပြူးသားနှင့် အံ့သြတကြီးငေးကြည့်နေပြီး

"ဟင့်အင်း. . မခင်ကြပါနဲ့. . ငါ့ကို မခင်ကြပါနဲ့"

"ကဲပါ. . အဲဒီကိစ္စကို ဒီမှာပဲ ထားလိုက်ပါတော့ မစ်ကီ၊ ဒါနဲ့ စကားမစပ်. . ခု သိန်းတစ်ထောင်တောင် ကြော်ငြာထုတ်ထားတဲ့ * ၉၉၉ * ကရော ဘာလဲ. . ခေါ်တော့ ကြည့်ပြီးပါပြီ. . ဘာမှလည်း မဟုတ်ဘူး. . အလကား လျှောက်ကြီးအောင် ချဲ့ကား ရေးနေကြတာတွေပဲ"

အုပ်စိုးက တမင်စကားလမ်းလွှဲပြီး ဖုန်းနံပါတ်ကိစ္စကို စလိုက်မှ အခြေအနေက ပိုဆိုးသွားခဲ့၏။

"မဟုတ်ဘူး အဲဒီဖုန်းနံပါတ်က တကယ်ရှိတယ်"





"ဟင်"

"ဟုတ်တယ်. . ဒါပေမယ့်. . နောက်ထပ် အဲဒီဖုန်းနံပါတ်ကို ဘယ်သူမှ မခေါ်မိကြပါစေနဲ့. . အရမ်းအန္တရာယ်ကြီးတယ်"

သူမအသံက ကြောက်လန့်ဝမ်းနည်းမှုထက်. . အနည်းငယ် အထိတ်တလန့်နိုင်လွန်းလှပါသည်။

"ဘာလို့လဲ"

"အဲဒီနံပါတ်က တစ္ဆေဖုန်းနံပါတ်ပဲ"

သူမစကား အဆုံးမှာ အုပ်စိုးတို့ တစ်အုပ်စုလုံး ရှူးချင်သွားသည်။ တစ္ဆေနက္ခတ်တွေရော တစ္ဆေနံပါတ်တွေရော ဘာတစ်ခုမှ သူတို့ နားမလည်နိုင်ကြ။

"ဟုတ်တယ်. . အဲဒီ ဖုန်းနံပါတ်က သိပ်ကြောက်ဖို့ကောင်းတယ်၊ ပြီးတော့. . ကျွန်မရဲ့တစ္ဆေနက္ခတ်နဲ့လည်း တစ်ခုခု ဆက်စပ်နေပုံရတယ်။ ကျွန်မနဲ့ခင်မင်ပတ်သက်သူတွေကို ကံအကြီးအကျယ်ဆိုးလာစေတဲ့အထဲမှာ အဲဒီဖုန်းနံပါတ်က အဓိကပါဝင်ပတ်သက်နေတယ်။ ဘာပဲဖြစ်ဖြစ်. . . ရှင်တို့အားလုံး. . ကျွန်မစကားကို ယုံယုံကြည်ကြည်နဲ့ နားထောင်ပေးပါ"

"လုံးဝ အဓိပ္ပာယ်မရှိတာပဲ မစ်ကီရယ်"

အုပ်စိုးစကားကြောင့် သူမက တဖွဲ့လုံးကို တင်းကနဲ တစ်ချက် ကြည့်လိုက်ပြီး -

"ရှင် မကြုံဖူးလို့. . ဒီလိုစကားမျိုး ပြောထွက်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီလေ. . ဒါဆိုလည်း အဲဒီဖုန်းနံပါတ် ဘာလဲ၊ ဘယ်သူ သုံးတာလဲ၊ ဘာအတွက်လဲ ပြောပြလေ"

"ကျွန်မ မသိဘူး"

သူမအသံက ပြတ်သည်။

အုပ်စိုးကတော့ သူမမျက်နှာကို ခပ်လှောင်လှောင် တစ်ချက် ကြည့်ပြီး စားပွဲပေါ်က သူ့ဖုန်းကိုယူပြီး တစ္ဆေနံပါတ်၊ သိန်းတစ်ထောင် တန်နံပါတ်၊ *၉၉၉*ကို သူမရှေ့မှာတင် ခေါ်ပြလိုက်၏။

ပြီး -

"တွေ့လား အဲဒီနံပါတ်က ခေါ်လို့မရဘူး၊ တကယ်လည်းမရှိ ဘူး မစ်ကီ. . မင်းစိတ်ထဲမှာ အဓိပ္ပာယ်မရှိတဲ့ အရာတွေကို တကယ် ရှိသလို ထင်မြင်ပြီး၊ မင်းစိတ်တွေ ကစဉ့်ကလျားဖြစ်နေတာပါ မစ်ကီ"

သူမက ခေတ်အုပ်စိုးမျက်နှာကို စေ့စေ့ကြည့်ပြီး

"ရှင် ထင်ချင်သလိုထင်လို့ရတယ် အုပ်စိုး၊ ဒါပေမယ့်. . အဲဒီ ဖုန်းနံပါတ်ကိုတော့ နောက်ထပ် ဘယ်တော့မှထပ်မခေါ်တော့ဖို့ ကျွန်မ မေတ္တာရပ်ခံပါတယ်။ ကဲ. . အားလုံးပဲ ကျွန်မကို ခွင့်ပြုပါဦး"ဟု ဆို ကာ သီးသန့်ခန်းလေးထဲကနေ ထ,ထွက်သွားလေတော့သည်။

အားလုံးက သူပြောသည့်အကြောင်းအရာတွေကြားမှာ နစ် မြောစိတ်ဝင်စားနေမိပြီး သူမကို တားဆီးဖို့ပင် မေ့လျော့နေမိကြ၏။

တစ်အောင့်နေမှ ရှိန်းသူက စားပွဲပေါ်မှတစ်စုံတစ်ရာကို မြင် သွားပြီး -





"ဟာ. . ဒီမှာ စာအုပ် မစ်ကီ မေ့ကျန်ခဲ့ပြီ. . ငါ အမြန်လိုက် ပေးလိုက်ဦးမယ်"ဟုဆိုကာ သူမနောက်သို့ ပြေးလိုက်သွား၏။

"ဩော်. . ရှိန်းသူကတော့လေ ဘူးမယ်ဆိုတာချည်းပဲ၊ မိသွန်း လည်း ခဏနေ အဆောင်ပြန်မှာပဲ၊ ယူသွားပြီးပေးလိုက်ရင် ရတဲ့ကိစ္စ ကို သူ့ရည်းစား လင်နောက်လိုက်သလို ပြာယာခတ်ပြီး လိုက်ပေးနေ သေးတယ်"

"အေးလေ"

ဖက်တီးရဲ့အဆိုကို မိသွန်းက ထောက်ခံပေးနေ၏။ စဉ်းစား ခန်းဝင်နေသောအုပ်စိုးကိုတော့ မှုန်ကြီးက မေးခွန်းအချို့နှင့် စကားစ နေ၏။

"ဒီကိစ္စအားလုံးကို ဘယ်လိုမြင်လဲ အုပ်စိုး"

"ငါလား"

"အေး"

"ငါကတော့ အားလုံးကို အလိမ်တွေပဲလို့မြင်တယ် မှုန်ကြီး"

"Right! ငါလည်း အဲလိုပဲ ထင်တယ်. . ဆက်စပ်ကြည့်လို့ လည်း မရဘူး၊ အဓိပ္ပာယ်လည်း လုံးဝမရှိဘူး ဟုတ်တယ်မို့လား"

မှုန်ကြီးစကားအဆုံးမှာ မိသွန်းက သူ့အဆိုကို ဖြတ်တင်ဘော တစ်လုံးလို တင်ပေးလာခဲ့၏။

"ကဲ. . ဟုတ်ဟုတ်. . မဟုတ်ဟုတ် ငါကတော့ အဆောင်ကို လစ်တော့မယ်၊ ငါ့တာဝန်လည်း ကျေပြီ၊ နင်တို့ဘာသာ ဆက်ငြင်းကြ



www.burmeseclassic.com

www.burmeseclassic.com



ခုန်ကြ. . အဆောင်လည်း လိုက်ပို့မနေနဲ့တော့၊ ငါဘာသာပဲ ပြန်လိုက်တော့မယ်"

"ဪ. . အေး. . အေး. . မိသွန်း"

"ပြောလို့သာ ပြောရတာနော် အုပ်စိုး၊ ဟုတ်သော်ရှိ မဟုတ်သော်ရှိ . . မစ်ကီပြောစကားတွေအရတော့ တကယ်ကြောက်စရာကြီး"

မိသွန်းက ပြန်ရန် ဟန်ပြင်နေရာမှ အထက်ပါအတိုင်း ပြောလာသည်ကို အုပ်စိုးက

"သွားစမ်းပါ မိသွန်းရာ၊ ခေါင်းနဲ့သိပ်စားမနေနဲ့ ဘာအဓိပ္ပာယ်မှကို မရှိတာ"

"အင်းပါ. . ဒါနဲ့ ဒီက ပြန်ရင် နင်တို့အဖွဲ့ KTV သွားကြဦးမှာဆို. . "

မိသွန်းအမေးကို ဖက်တီးက ဝင်ရောက် ထောက်ခံပေးလိုက်၏။

"အင်း"

"မူးရူးပြီး သိပ်လည်း ကဲမနေကြနဲ့ဦး"

"အေးပါ ငါတို့က သီချင်းဆိုရုံပါပဲ. . အညှီအဟောက်တွေ ဘာမှမပါပါဘူးဟ၊ ဒါနဲ့. . ဟိုကောင် ဖွန်ကြောင်ရှိန်းသူကလည်း စာအုပ်လိုက်ပေးတာ ကြာလိုက်တာ"

"လာပါလိမ့်မယ်၊ ကဲ. . ကဲ. . ငါသွားပြီနော် သူငယ်ချင်းတို့"

"အေး. . အေး"





"See you tomorrow"

"good night!"

တစ်ယောက်တစ်မျိုး နှုတ်ဆက်ပြီးချိန်မှာတော့ မိသွန်းတစ်ယောက် ထွက်သွားခဲ့ပြီ ဖြစ်သည်။

ရှေ့စဉ်နောက်ဆက်ဆိုသလို ရှိန်းသူတစ်ယောက်လည်း ပြန်ရောက်လာခဲ့၏။

"စာအုပ်ပေးခဲ့ပြီလား"

"အင်း"

"ကဲ. . အားလုံးရှင်းပြီးရင် Super KTV ကို ဒိုးကြမယ်"

"ဟေး"

အုပ်စိုး၏ဦးဆောင်သံကို အားလုံးက တက်ညီလက်ညီ'ဟေး' လိုက်ပေးလိုက်၏။ (ဒါဟာလည်း လူငယ်ဘဝနေ့ရက်တွေရဲ့ အထင်တရ အပြုအမူတစ်ခုပဲ မဟုတ်ပါလား)

သို့သော်. . ထို'ဟေး'အော်သံတွေထဲမှာ 'ရှိန်းသူ'အသံတွေ ပျောက်ဆုံးနေတာကိုတော့ မည်သူမျှ သတိထားမိလိုက်မည် မဟုတ်ချေ. . . .

အဘယ့်ကြောင့်ဆိုပါလေသော်. . . .

◆



www.burmeseclassic.com

www.burmeseclassic.com

# Super K.T.V



(G)

♫ × × ဟာအာဟာ × × နင်မရှိဘဲ မနေတတ်တဲ့ ငါ့ဖွားနည်းချက် × × ဘာလုပ်လုပ် တစ်ယောက်တည်းမို့ × × ပိုပင်ပန်းနေတယ် × × နင် ငါ့အနားရှိချိန်တွေ ပြန်လည်သတိရနေတယ် × × နင့်ရဲ့အငွေ့အသက်များကို ငါ တမ်းတဆဲ × × ဒီမှာ အိပ်ယာနိုးလည်း ငါ မထသေးဘူး × × အရင်လို ဖုန်းဆက်နိုးမယ့် မင်းဖုန်းကို စောင့်မိဆဲ × × ဒါ မဖြစ်နိုင်မှန်း ကြိုသိထားလည်း × × နင်မရှိလို့ ရှုပ်ယှက်ခတ်နေတဲ့ အခန်းလေးထဲ × × ငါတစ်ယောက်တည်း မဖြစ်တဲ့ဘဝမို့ ငါ့ရဲ့အနားနား ပြန်လာပါ × × × × ♫

ရဲရင့်အောင်တော့ မဟုတ်ပါ။

အဆိုတော်အသံနှင့် မတူတူအောင် ဖြစ်ညှစ်ဆိုနေသော မှန်ကြီးရဲ့မဟာကျူးရင့်သံ(အသံဆိုးကြီး)သာ ဖြစ်ပါသည်။

အလုံခန်းမို့သာ တော်ရှောသည်. . မဟုတ်လို့ကတော့. . အဟွန်း။

အစားမက်သည့် ဖက်တီးကတော့ သောက်တာက တစ်ပက်



www.burmeseclassic.com

www.burmeseclassic.com



အမြည်းစားတာက တစ်ဝက် လုပ်နေ၏။ အုပ်စိုးကတော့ ဘာကို စားနေသည် မသိ၊ လက်ထဲက ဝီစကီခွက်ကို မယားငယ်ကြည့် ကြည့်နေလေ၏။

ထူးခြားမှုကတော့ မောင်ရှိန်းသူသာ ဖြစ်ပါသည်။ အရက်လည်း ဝင်မသောက်၊ စကားလည်း မပြော၊ သီချင်းလည်းမဆိုနှင့် . . ထောင့်တစ်ထောင့်မှာ ငြိမ်သက်နေ၏။ မသိရင် ပရော်ဖက်ဆာ တစ်ယောက် သီအိုရီတစ်ခုထိုင်ထုတ်နေသလို အနေအထားမျိုး။

အခန်းလေးထဲမှာတော့ မှုန်ကြီးရဲ့အသံဆိုးကြီးက ပယ်ပုယ်နယ်နယ် လှည့်ပတ်နေဆဲဖြစ်၏။

♫ ငါတစ်ယောက်တည်း မဖြစ်တဲ့ဘဝမို့ တစ်နေ့နေ့တော့ နင်ပြန်လာမလား × × အိပ်မက်ဆိုးများကြားထဲ ခုထက်ထိ ငါကြံ့ရ မရ × × နင်မသိဘူး × × လွမ်းလွန်းလို့သေနိုင်တယ် × × နင်မသိဘူး× × ♫

ရှိန်းသူကို စတင် သတိထားမိသူကတော့ ဖက်တီးပင် ဖြစ်သည်။

"ဟေ့ကောင်. . လာ. . ချလေကွာ၊ အဲဒီမှာထိုင်ပြီး ဘာလုပ်နေတာလဲ"

"ငါတွေးနေတာ ဖက်တီးရ"

"အမယ်၊ ဘာတွေများ. . မင်းက ကြီးကြီးကျယ်ကျယ် တွေးစရာရှိလို့လဲ"





"မစ်ကီ"

ရှိန်းသူအဖြေကြောင့် ဖက်တီးက ဟက်ဟက်ပက်ပက် ရယ်နေလေ၏။

"ဟား. . ဟား. . ဟား. . ဖြစ်ရလေ ရှိန်းသူရာ. . မင်းမလဲ အဲဒါ ရောဂါပဲ၊ တလောကလည်း မန္တလေးသူ နေပြည်တော်မမကြီး အသည်းအသန်၊ ဟော. . ခုလည်း ကျောင်းသူအသစ်လေး မစ်ကီကို စိတ်ဝင်စားနေပြီမို့လား"

တခြားအချိန်တွေဆို ထိုမေးခွန်းအတွက်. . ပြုံးဖြီးဖြီးကြီးနှင့် အရှက်မရှိ ပြန်လည်တုန့်ပြန်မိမည်ဖြစ်သော်ငြားလည်း သည်တစ်ခါတော့ ရှိန်းသူတစ်ယောက် တကယ်ပဲ ငြင်းဆန်လိုက်၏။

"မဟုတ်ဘူး ဖက်တီး. . ငါဆိုလိုတာက ဟိုဖုန်းနံပါတ်ကိစ္စကို ပြောတာ"

"ဟင်"

ထိုအသံကို ကြားသည်နှင့် ခေတ်အုပ်စိုးတစ်ယောက် လက်ထဲက ဝီစကီခွက်ကို ခုံပေါ်သို့ချလိုက်ပြီး

"ဘယ်လိုကွ. . ငါတို့နားလည်အောင် သေချာပြောစမ်း. . ရှိန်းသူ၊ ဟိုကောင် မှုန်ကြီး. . မင်းအသံပြုကြီးကို ခဏရပ်ထားလိုက်စမ်းပါ"ဟု မှုန်ကြီးကိုပါ တစ်ပါတည်းပြောလိုက်၏။

ဘာမှန်းမသိပေမယ့် တက်လက်စ Feel ကို ခဏဖြတ်သိမ်းပြီး မှုန်ကြီးတစ်ယောက် မှုန်ကုတ်ကုတ်နှင့် အနားရောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှိန်းသူ. . ဆက်ပြော"

"ဒီလိုကွ. . ငါ. . မစ်ကီ့ကို စာအုပ်လိုက်ပေးရင်းနဲ့ အဲဒီဖုန်းနံပါတ်ကိစ္စကို လက်မခံနိုင်တဲ့အကြောင်း. . စကား စ,မိရာကနေ ဒီအကြောင်းတွေ သိခဲ့ရတာပဲ"

"အင်း. ."

"ဇာတ်လမ်းက ဒီလိုကွ"ဟု အစချီကာ ရှိန်းသူက မစ်ကီနှင့် ပြောဆိုခဲ့ပုံများကို ရုပ်ရှင်အနှေးပြကွက်တစ်ခုလို တစ်ဖက်ပါအတိုင်း ဟန်ကျပန်ကျ ပြောပြနေလေတော့သည်။

◆





ညနေခပ်စောင်းစောင်း၏ ပလက်ဖောင်းတစ်ခုပေါ်တွင် ဂျင်း. . .တားနှင့် Mickey Mouse အမှတ်တံဆိပ် တီရှပ်တစ်ထည်တို့ . . .တွဲဖက်ဝတ်ဆင်ထားသော ကောင်မလေးတစ်ယောက်သည် ခြေ. . .မ်းမှန်မှန်ဖြင့် လမ်းလျှောက်နေပါသည်။

လူငယ်လေးတစ်ယောက်ကတော့ စာအုပ်တစ်အုပ်ကို ကိုင်. . . သူမနောက်သို့ အပြေးတစ်ပိုင်းနှင့်လိုက်လာနေပြီး သူမနာမည်ကို . . .ည်း တကြော်ကြော်အော်ခေါ်နေပါလေ၏။

"မစ်ကီ. . မစ်ကီ. . ခဏနေပါဦး"

အသံသဲ့သဲ့၏ရိုက်ခတ်မှုကြောင့် သူမ ခြေလှမ်းအစုံတို့ ရပ်. . .နဲ့သွားပြီး နောက်ကို လှည့်ကြည့်မိ၏။

"ဟင်. . ရှိန်းသူ"

"ရှင်"

"ဒီမှာ. . မစ်ကီ့စာအုပ် ကျန်ခဲ့လို့. . ကျွန်တော် လိုက်လာပေး. . .တာ. . ဟူး. . မောလိုက်တာ"

မိန်းကလေးတွေနှင့်တွေ့တိုင်း အော်တိုမစ်တစ် ပြောင်းလဲ. . .သွားတတ်သည့် ရှိန်းသူ၏ အိုတာအိုက်တင်နှင့် လေယူလေသိမ်းတို့ကို . . .သူမ သတိထားမိ မထားမိကိုတော့ မပြောတတ်ပါ။

သေချာသည်ကတော့ ရှိန်းသူလက်ထဲက (သူမ အင်မတန် . . .တ်မောနှစ်ခြိုက်သော)စာအုပ်ကို မြင်လိုက်ရသည်ကြောင့် သူမမျက် . . . ချက်ချင်းပြုံးရွှင်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"အိုး . . ဟုတ်ပါရဲ့၊ မစ်ကီ မေ့ကျန်ခဲ့တာ . . ကျေးဇူးပါပဲရှင်

"ရပါတယ်ဗျာ . . သူငယ်ချင်းချင်းတွေပဲဟာကို၊ ဪ . . ခ

နဲ့ စကားမစပ် . . ဟိုဖုန်းနံပါတ်က ဘာလဲဗျာ . . ခေါ် လို့ရတာလည်း

မဟုတ်ဘဲနဲ့"

"မခေါ် တာ အကောင်းဆုံးပါပဲ"

"မဟုတ်ဘူးလေ ကျွန်တော်ပြောချင်တာက ဘာမှအကြောင်

ထူးတာ မဟုတ်ဘဲနဲ့ အဲဒီနံပါတ်က တစ္ဆေနံပါတ်ဆိုပြီး . . ဘာကြောင့်

နာမည်ကြီးနေရတာလဲ"

ရှိန်းသူစကားအဆုံးမှာ သူမက ခပ်တင်းတင်းငေးစိုက်ကြည့်

လိုက်ပြီး

"ဒီမယ် ရှိန်းသူ"

". . . ."

"အဲဒီနံပါတ်က တကယ်ကြောက်စရာကောင်းတယ်"

ရှိန်းသူက ကိုရီးယားမင်းသားစတိုင်မျိုးဖြင့် ဟက်ကနဲ တ

ချက်ရယ်ကာ

"ကျွန်တော်ကတော့ သူများပြောတိုင်း အလွယ်တကူ ခေါ်

ညိတ်တတ်တဲ့ လူစားမျိုးတော့ မဟုတ်ဘူး၊ ပြီးတော့ . . ကျွန်တော်က

သူများ ဖြောက်တိုင်းလည်း မကြောက်တတ်ဘူး"

"ဒါဆိုလည်း ရှင် ည တစ်နာရီတိတိမှာ ဖုန်းခေါ်ကြည့်လိုက်

လေ"





"ဗျာ"

ပြောပြီး . . သူမကတော့ ပလက်ဖောင်းလေးအတိုင်း သူမ

အဆောင်ရှိရာသို့ ခြေလှမ်းမှန်မှန်ဖြင့် လှည့်ထွက်သွားခဲ့ပြီဖြစ်၏။

ရှိန်းသူမှာသာ ယုံရခက် မယုံရခက်နှင့် တွေတွေကြီးရပ်

ကျန်ခဲ့လေတော့သည်။

◆



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . ဒါဆိုရင်. . အဲဒီဖုန်းနံပါတ်က မင်းပြောပုံအရ ည တစ်နာရီတိတိမှာခေါ်မှ ထူးခြားမှုရှိမယ်ပေါ့"

"အင်း. . ငါလည်း သေချာတော့ မပြောတတ်ဘူး. . ဒါပေမယ့်. . တစ်ခုခုထူးမယ်လို့တော့ ငါထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ မစ်ကီ့ပုံစံက လုံးဝအတည်ပေါက်ကြီးကွ"

ဖက်တီးနှင့်မွန်ကြီးတို့ကတော့ ဖြစ်နိုင် မဖြစ်နိုင်ကို တွေးတော သုံးသပ်ရင်း ခေါင်းတညိတ်ညိတ်လုပ်နေလေ၏။

ထိုစဉ် ခေတ်အုပ်စိုး၏ မဆီမဆိုင် ရယ်သံကြီးကြောင့် အားလုံးပင် ကြောင်သွားကြသည်။

"ဟား. . ဟား. . ဟား. . "

"အုပ်စိုး. . မင်း ဘာရယ်တာလဲ"

"မင်းတို့ပြောတာတွေ သဘောကျလို့ပေါ့ကွ၊ မင်းပဲ စဉ်းစားကြည့်ပါဦး ရှိန်းသူရာ. . လိမ်ပြီဆိုကတည်းက ရုပ်တည်ကြီးနဲ့ လိမ်မှာပေါ့. . ဘယ်သူက ပြုံးစိစိလုပ်ပြီး လိမ်မှာလဲ၊ အဲဒါကို မင်းက တကယ်ထင်ပြီး ခံစားနေတာလား. . ရှုံးပါ့ကွာ"

"မင်း. . အဲလို လက်လွတ်စပယ်မပြောနဲ့ အုပ်စိုး၊ မစ်ကီက ငါ့ကို သေသေချာချာပြောခဲ့တာကွ"

ရှိန်းသူအသံမှာ မခံချင်စိတ်တို့ရောယှက်နေသည်ကို သဘောပေါက်မိသော ဖက်တီးက ဆင်ခြေ့ရန်ရှောင် ဝင်ပြောပေးလိုက်၏။

"ကဲ. . ကဲ. . အားလုံး အမြင်ရှင်းသွားအောင် မစ်ကီပြောတဲ့





ညတစ်နာရီကျရင် ခေါ်ကြည့်ကြတာပေါ့. . ဟုတ်ဘူးလား၊ ခုပဲ ဆယ့်နှစ်ခွဲနေပြီပဲ ခဏစောင့်ကြည့်ကြတာပေါ့"

"ဟုတ်တယ်"

မွန်ကြီးကလည်း ဖက်တီးအဆိုကို ထောက်ခံ၏။

အချိန်နာရီ၊ မိနစ်တို့သည် တရွေ့ရွေ့ ရွေ့ဆက်နေကြ၏။ များမကြာမီ အချိန်အတွင်းမှာပင် ညတစ်နာရီတိတိကို ရောက်ရှိတော့သည် ဖြစ်သည်။

ရှိန်းသူ၊ မွန်ကြီးနှင့် ဖက်တီးတို့ကတော့ မိုဘိုင်းလ်ဖုန်းတစ်လုံးစီနှင့် ငြိမ်သက်နေကြသည်။ အုပ်စိုးကတော့ သူတို့တွေကိုကြည့်ပြီး ပြုံးစိစိလုပ်လိုက်၊ ဝီစကီမော့လိုက်နှင့် ဟန်ကျနေ၏။

"ထိုးတော့မယ် ရှိန်းသူ"

"အေး. . ခေါ်ကြည့်လိုက်မယ်"

Result က ခေတ်အုပ်စိုးကို အားပေးအားမြှောက်ပြုနေ၏။

"call ended တဲ့. . မရဘူး"

ရှိန်းသူရဲ့ စိတ်ပျက်လက်ပျက်စကားအဆုံးမှာ. . မွန်ကြီးနှင့် ဖက်တီးတို့လည်း ခေါ်ကြည့်မိ၏။

ရလဒ်က စိတ်ပျက်ချင်စရာ. .

"call ended"

"ဟား. . ဟား. . ငါမပြောဘူးလား၊ မစ်ကီ ငါတို့ကို အလားနိုင်းနေတာပါဆို"



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်. . ရှိန်းသူ နှုတ်မှ အလောတကြီး ဝါကျတစ်ကြောင်း ကပိုကရို လွင့်ကျလာ၏။ အုပ်စိုး၏ပြောလက်စကားလည်း ရပ်တန့်သွားပြီး ရှိန်းသူအနားကို တိုးကပ်သွားလိုက်ကြ၏။

"တူ. . တူ. . တူ. . တူ"

ရှိန်းသူတစ်ယောက် လိုင်းဝင်သံသဲ့သဲ့ကို မနည်းအာရုံစိုက် နားထောင်နေ၏။

တစ်စုံတစ်ခုကို သဘောပေါက်မိသွားသည့် အုပ်စိုးက

"ခွေးမျိုး. . ငါတို့ကို အရူးလုပ်နေတာပေါ့လေ"ဟု ရယ်ကျဲကျဲနှင့်ပြောပြီး ခုံမှာ ပြန်ထိုင်သွားသည်။

"ဗျစ်. . . ဗျစ်. . . ဗျစ်"

"ဟယ်လို. . . ဟယ်လို"

"×××××"

"ဟယ်လို"

အုပ်စိုးက ရှိန်းသူကို

"မင်း. . မင်းသားလုပ်ပါလား. . action တွေ မိုက်တယ်"

"မဟုတ်ဘူး. . ငါ အတည်ပြောနေတာ. . ဖုန်း ဝင်နေတာ လိုင်းမကြည်လို့"

ရှိန်းသူစကား တစွန်းတစ်စနှင့်ရပ်တန့်သွား၏။ အကြောင်းက အမည်မသိပုဂ္ဂိုလ်၏ ကြက်သီးထဖွယ်ရာ ? အသံကြောင့်ပင် ဖြစ်ပါသည်။





"ဟယ်လို. . ၉၉၉ က ကြိုဆိုပါတယ်"

"ဗျာ"

"ဒါ. . ဒါဆို. . ဒီ. . ဒီ ဖုန်းနံပါတ်က တ. . တကယ်ရှိတာပေါ့"

ရှိန်းသူကိုကြည့်ပြီး အားလုံးပင် ကြောင်နေကြ၏။ အုပ်စိုးကတော့ 'တော်တော်ဒိုက်တင်ကောင်းတဲ့ကောင်'ဟု အသံတိတ်မှတ်ချက်ပြုနေ၏။

"ဘာ အလိုရှိပါသလဲ ပြောပါ. . ဗျစ်. . ဗျစ်"

"ဟင်. . . ဟို. . . "

စိတ်မြန်လက်မြန်ရှိသည့် မှုန်ကြီးက အ,ထစ်အ,ထစ်ဖြစ်နေသည့် ရှိန်းသူလက်ထဲမှ ဖုန်းကို ယူလိုက်ပြီး ပြောလိုက်၏။

"ဟယ်လို. . . ၉၉၉က ပါလား"

"တူ. . တူ. . တူ. , တူ"

"Hello"

"တူ. . တူ"

မှုန်ကြီးက ဖုန်းကိုတစ်လှည့် ရှိန်းသူကို တစ်လှည့်ကြည့်ပြီး

"ဟင်. . . လိုင်းလည်း မဝင်ဘဲနဲ့ တစ်ယောက်တည်း လျှောက်ပြောနေတယ်. . ငါက တကယ်မှတ်လို့ နားထောင်နေတာကို. . ခွေးမျိုး. . "

"ဟာ. . ငါနဲ့နိုင်းနိုင်းနိုင်းနဲ့ တကယ်ပြောနေတာဟ. . ပေး



www.burmeseclassic.com

www.burmeseclassic.com



စမ်းပါ ငါ့ဖုန်း. . ဘာအလိုရှိပါသလဲ ပြောပါ တဲ့. . အသံညြညြကြီး
သေချာ ငါ ကြားရတယ်"

"ဒါဆိုလည်း မင်းသိပ်လိုချင်တဲ့ GTR ပြိုင်ကားတစ်စီး ပေး
လို့ ပြောလိုက်လေကွာ"

ဟု မှုန်ကြီးက ခပ်ရွဲ့ရွဲ့ပြောတော့ ရှိန်းသူက မှုန်ကြီး လက်
ထဲက သူ့ဖုန်းကို ပြန်ယူလိုက်ပြီး

"Hello...Hello"

"ဗျစ်. . ဗျစ်"

ရှိန်းသူကိုကြည့်ပြီး မှုန်ကြီးနဲ့ ဖက်တီးတို့ ခေါင်းတရမ်းရမ်း
လုပ်နေကြသည်။ အုပ်စိုးကတော့ တခွီးခွီးအော်ရယ်နေ၏။ ရှိန်းသူမှာ
ကား

"ဟယ်လို"

"ဟယ်လို. . . ဘာအလိုရှိပါသလဲ ပြောပါ"

"ဟို ဟို GPR ပြိုင်ကားတစ်စီး လိုချင်ထယ်ဗျာ"

"OK ရရပါစေမယ်"

(တူ. . တူ. . တူတူ. . တူတူ"လိုင်းကျသံ

"ဟယ်လို. . ဟယ်လို ကျွန်တော့်နာမည်က ရှိန်းသူပါ။ ခင်ဗျား
နာမည်က. . ဟာ. . ဖုန်းချသွားပြီထင်တယ်"

ရှိန်းသူက ပြောရင်းဖြင့် *၉၉၉*ကို ထပ်ခေါ် လိုက်၏။ မ
call ended ပဲဖြစ်နေ၏။





သို့ဖြင့် မှုန်ကြီး၊ ဖက်တီးတို့၏ ဖုန်းကို ယူပြီး ထပ်ခေါ်ကြည့်
၏။ မရတော့ပေ။

ခေတ်အုပ်စိုးကတော့ ရှိန်းသူကို ကြည့်ပြီး ဟာသတစ်ခုလို
ရယ်နေမြဲပင် ဖြစ်၏။ မှုန်ကြီးနှင့်ဖက်တီးတို့လည်း ရှိန်းသူကိုကြည့်ပြီး
ပြုံးစိစိဖြစ်နေကြ၏။

"ကဲ. . ငါမောာ့ နောက်တစ်ပန်းကန်လောက် ထပ်ဆွဲလိုက်
ဦးမယ်"

"ကောင်းတယ်. . မှုန်ကြီး ငါလည်း ဆက်ကာစ်လိုက်ဦးမယ်"

အုပ်စိုးက ဝီစကီတစ်ခွက်နှင့် မှုန်ကြီးအဆိုကို ထောက်ခံလိုက်
၏။ ဖက်တီးကလည်း ရိုးရာမပျက် အမြည်းခွက်ကို လက်သွက်သွက်နှင့်
အမွှေကျင့်နေလေ၏။

သီးသန့်ခန်းလေးထဲမှာတော့ မှုန်ကြီးရဲ့အသံပြကြီးက ဆက်
လက် ဖုံးလွှမ်းထားလေသည်။ ရှိန်းသူကတော့ အခန်းထောင့်လေး
မှာ ခပ်ကုပ်ကုပ်ပြန်ထိုင်ပြီး ပရော်ဖက်ဆာတစ်ယောက် သီအိုရီတစ်ခု
ထုတ်နေသလို ငြိမ်သက်နေလေတော့၏။

◆



www.burmeseclassic.com

www.burmeseclassic.com

(H)

ထိုင်နေကျ canteen ထဲမှာ ဖြစ်သည်။

အုပ်စိုးတို့အဖွဲ့ လူစုံတက်စုံဖြင့် breakfast ကို စားသုံးနေကြ၏။ ညက အကြောင်းအရာတို့ကိုလည်း မေ့မေ့ပျောက်ပျောက်သဘောထားပြီး အခြားအကြောင်းအရာအချို့ကိုသာ ပြောဆိုဖြစ်ကြသည်။

"ဟား. . . ဟား. . . ဟား. . . ဟား. . . "

Ringtone သံတစ်ခု ဖြစ်သည်။

တီတီပပဆိုရသော ရှိန်းသူ၏ မိုဘိုင်းဖုန်း ringtone သံပင် ဖြစ်၏။

ရှိန်းသူက ဘောင်းဘီအိတ်ထဲက ဖုန်းကို ထုတ်ပြီး screen ပေါ်ကို တစ်ချက်ကြည့်လိုက်ပြီး -

"ဟင်. . ဘယ်သူ့ဖုန်းလဲ မသိဘူး. . 09....... တဲ့"

"သိအောင် ကိုင်လိုက်လေဟယ်"

မိသွန်းက ဝင်ပြောတော့ ရှိန်းသူက ခေါင်းညိတ်ပြပြီး ဖုန်းပြောလိုက်သည်။

"ဟယ်လို"





"....."

"ဟုတ်ကဲ့"

"....."

"ဗျာ"

"......"

"တကယ်. . . . "

"......"

"ဟာ. . ဝမ်းသာလိုက်တာဗျာ. . ဟုတ်ကဲ့. . ကျွန်တော် ခုချက်ချင်း လာခဲ့ပါ့မယ်. . လိပ်စာလေး တစ်ချက်လောက် ပြန်ပြောပါဦး. . "

"..........."

"ဪ. . ဟုတ်ကဲ့. . ကျေးဇူးပါဗျာ"

"........."

ရှိန်းသူမျက်နှာကြီး ပြုံးဖြီးနေမှုကြောင့် အားလုံးက စားလက်စကို ရပ်ပြီး အာရုံစိုက် နားထောင်နေကြ၏။ အနေအထားက စိတ်ဝင်စားဖို့လည်း ကောင်းလှသည်ကိုး. . .

"ဒါပဲ. . . အဲဒါပဲကွ. . Yahoo!"

ဖုန်းကိုချပြီး ရှိန်းသူက အနားမှာရှိသည့် ဖက်တီးကို ဖက်ပြီး အထက်ပါအတိုင်း အော်ဟစ်ပျော်မြူးနေလေ၏။

အားလုံးကတော့ ဘာကိုမှ နားမလည်နိုင်ကြသေး. .



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ဘာဖြစ်တာလဲ ရှိန်းသူရာ"

"ဘာဖြစ်ရမှာလဲကွ. . ငါ. . ကံစမ်းမဲပေါက်တယ်ကွ"

"ဟေ. . ."

သူငယ်ချင်းဖြစ်သူစကားကြောင့် အားလုံးပျော်သွားကြ၏။

"ငါက ဘယ်ကံစမ်းမဲမှ ကူပွန်တွေဘာတွေ ပြန်ပို့လေ့ပို့ထရှိတာ မဟုတ်ဘူး. . စိတ်လည်း မဝင်စားဘူး. . အဲဒီ ကော်ဖီမစ်အထုပ်ထဲက ကံစမ်းမဲကူပွန်က ငါလိုချင်တဲ့ GTR ပြိုင်ကားမဲပါတာနဲ့ ဟိုလကတည်းက စာတိုက်ကနေ သေချာဖြည့်ပြီး ပြန်ထည့်ပေးထားတာ. . အဲဒါ. . အခု ငါ ကားကံစမ်းမဲပေါက်လို့ ရုံးချုပ်ကနေ ဆုလက်ခံယူဖို့ အကြောင်းကြားလိုက်တာ"

"တကယ်. . ."

"ဒါပေါ့"

ရှိန်းသူအသံက ဝမ်းသာအံ့ဩမှုကြောင့် ရွှင်မြူးတက်ကြွနေ၏။ အားလုံးကလည်း ရှိန်းသူအတွက် ဝမ်းသာနေကြ၏။

(ဒါပဲပေါ့. . သူငယ်ချင်းဆိုတာ မျှဝေခံစားပေးခြင်းကိုအခြေပြုထားခဲ့တာပဲ မဟုတ်လား)

"ဒါပဲနော် ဒီနေ့ breakfastအတွက် မင်း ဒကာဖြစ်သွားပြီ"

"ဖြစ်ရမှာပေါ့ သူငယ်ချင်းတို့ရာ. . ငါ အခုလို GTRပြိုင်ကားလေးရတာ မစ်ကီ့ကို ကျေးဇူးတင်ရမယ်"

"ဟင်. ."





"ဘယ်လို"

အစပ်အဟပ်မတည့်သည့်စကားမို့ အားလုံး နဝေတိမ်တောင်ဖြစ်သွားကြသည်။

"ဒီလိုလေကွာ. . ညက ကိစ္စလည်း မင်းတို့ သိပြီးသားပဲ. . မစ်ကီကတစ်ဆင့် *999*ရဲ့သော့ချက်ကို ငါသိခဲ့ရတယ်. . ပြီးတော့ အဲဒီကပဲ ငါလိုချင်တာကို ဖန်တီးပေးလိုက်တယ်လေ"

"ဖွ. . သွားစမ်းပါ ရှိန်းသူရာ. . အဲဒါက ဘာမှ မဆိုင်ပါဘူးကွာ. . ညက ကိစ္စ ညမှာပဲ ထားလိုက်တော့. . လာစားမနေနဲ့တော့"

အုပ်စိုးစကားကို ရှိန်းသူက -

"ငါ နောက်နေတာ မဟုတ်ဘူး အုပ်စိုး. . ညက ဖုန်းတကယ်ဝင်သွားပြီး ဘာအလိုရှိသလဲပြောပါဆိုလို့. . ငါလည်း ငါလိုချင်တာကို ပြောလိုက်တာ. . ဟော. . အခု. ."

"တော်ပြီ သူငယ်ချင်း. . မင်းလိုချင်တဲ့ကား မဲပေါက်တယ်ဆိုလို့ ငါ တကယ်ဝမ်းသာပါတယ်. . ဒါပေမယ့် အဲဒီဖုန်းနဲ့ ဘာမှမဆိုင်ဘူး. . မင်းပြောသလို ဖုန်းဝင်တယ်ဆိုရင် ဟိုကောင်တွေ ပြောတော့ ဘာလို့ လိုင်းမဝင်သလဲ. . ပြီးတော့. . ဘယ်မလဲ မင်းနဲ့ပြောထားတဲ့ Record"

မိသွန်းကတော့ နားမလည်သူပီပီ နှုတ်ဆိတ်နေ၏။ မှုန်ကြီနှင့်ဖက်တီးကလည်း အုပ်စိုးစကားကို ထောက်ခံဟန်ဖြင့် ခေါင်းငုံ့ဆိတ်ဆိတ်ညိတ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရှိန်းသူကတော့ အချက်ကျသော အုပ်စိုးမေးခွန်းအတွက် . . အဖြေမဲ့နေလေ၏။

အဘယ့်ကြောင့်ဆိုသော် . .

သူ့Handsetက Auto recordပေးထားပါလျက်နှင့် *999* နဲ့ပြောထားတဲ့ စကားတွေကို ဖမ်းမထားခဲ့သည်ကိုတော့ အဖြေရှာမ ဖြစ်နေသောကြောင့် ဖြစ်သည်။

"ထားပါတော့ကွာ. . . Record မကျန်တာတော့ Hands ကြောင်သွားလို့နေမှာပါ. . ဒါပေမယ့် ညက ငါ တကယ်ဖုန်းရခဲ့တယ် အုပ်စိုး"

"ဟုတ်ပါပြီကွာ. . အဲဒါဆိုရင်လည်း ဖုန်းလိုင်းပူးဝင်ပြီး အ ကိစ္စနဲ့တိုက်ဆိုင်သွားတာရော မဖြစ်နိုင်ဘူးလား. . ပြီးတော့ ဒီကား မင်း လွန်ခဲ့တဲ့ တစ်လက ပြန်ထည့်လိုက်တဲ့ ကော်ဖီမစ်ကူပွန်ကြော မဲပေါက်ပြီး ရခဲ့တာလေ. . *999*နဲ့ဘာမှမဆိုင်ဘူး. . ငါ ဘာလို့ လိုပြောသလဲဆိုတော့ အဲဒီနံပါတ်ကို လုံးဝအယုံအကြည်မရှိလို့ပဲ ငယ်ချင်း"

ခေတ်အုပ်စိုးရဲ့စကားအဆုံးမှာ ရှိန်းသူက မျက်နှာကို တည် တည်ကြည့်ပြီး

"အေး. . မင်းတို့ မယုံကြည်ပေမယ့် ငါကတော့ အဲဒီနံပါ တကယ်ရှိတယ်ဆိုတာကို ယုံကြည်သွားပြီ အုပ်စိုး. . ဒီကား ရ ခဲ့တာလည်း. . အဲ့ဒီနံပါတ်နဲ့ တစ်နည်းတစ်ဖုံ ပတ်သက်နေလို့ပဲ ဖြ





လိမ့်မယ်. . ကဲ. . ငါ ဆုလက်ခံယူဖို့အတွက် ရုံးချုပ်ကို သွားလိုက်ဦးမယ်. . သြော်. . ဒီနေ့ ငါ ကျောင်းကို ပြန်မလာတော့ဘူးနော်"

ထထွက်သွားသည့် ရှိန်းသူကို မည်သူမျှ မတားမိသလို ဘာစကားမှလည်း မဆိုဖြစ်တော့ပါ။

အားလုံးကတော့ အတွေးကိုယ်စီနှင့်ငြိမ်သက်နေကြလေ၏။

ဒါဟာ. . . တိုက်ဆိုင်မှုတစ်ခုလား. . .

ဒါမှမဟုတ်. . .

. . . . . . . . ?

◆



www.burmeseclassic.com

www.burmeseclassic.com

(၊)

အင်မတန် စိုပြည်တက်ကြွခဲ့သော canteen လေးသည် ထူး
ဆန်းစွာ သေ့ပျက်ခြောက်ကပ်နေ၏။

အဆိုးဆုံးကတော့ ခေတ်အုပ်စိုးတို့စားပွဲဝိုင်းလေးတွင် ဖြစ်
သည်။ သတင်းဂျာနယ်တစ်ခုကိုကြည့်ပြီး မယုံကြည်နိုင်လောက်အောင်
အံ့ဩတုန်လှုပ်နေကြသည်။

အံ့အားသင့်ဖွယ်ကောင်းသော ဆန့်ကျင်ဘက်သတင်း ၂ပုဒ်
သည်လည်း အယ်ဒီတာ၏အထားအသိုပါးနပ်မှုကြောင့် ဘေးချင်းယှဉ်
လျက် ဓာတ်ပုံများနှင့်အတူ ဝေဝေဆာဆာဖော်ပြထား၏။

သတင်း(၁)

၁၂-၈-၂၀၁၃

. . . ကော်ဖီမစ်၏ပထမဦးဆုံး GTR ပြိုင်ကားကံထူးရှင် ရှိန်းသူ



၂၀၁၃ခုနှစ်တွင် ပထမဆုံးအကြိမ် ထည့်သွင်း
ထားသည့် GTR ကားကံစမ်းမဲကို (. . . . .)
ကော်ဖီမစ်သောက်သုံးကံစမ်းသူ. . . . တက္က
သိုလ်မှမောင်ရှိန်းသူ ဆွတ်ခူးရရှိသွားပါသည်။





သတင်း(၂)

၁၂-၈-၂၀၁၃

GTR ပြိုင်ကားအသစ်နဲ့ထားပြိုင်မောင်းမိသူ 'ရှိန်းသူ'ရဲ့အဖြစ်



. ယခုလ ၁၂ရက်နေ့ည ၉း၃၀နာရီအချိန်
တွင် . . . . . တက္ကသိုလ်ကျောင်းသား မောင်
ရှိန်းသူသည် . . . . . တက္ကသိုလ်ကျောင်းသား
မောင်ကြည်သာ ဆိုသူနှင့် နေပြည်တော်အမြန်
လမ်းမကြီးပေါ်တွင် (အပျော်တမ်း) ကားပြိုင်
မောင်းရာမှအရှိန်မထိန်းနိုင်ဖြစ်ပြီး တခြားကား
တစ်စီးနှင့်ခေါင်းချင်းဆိုင်တိုက်မိ၍ ပွဲချင်းပြီးသေဆုံးသွားခဲ့သည်။

ပြိုင်မောင်းသူ မောင်ကြည်သာနှင့် တခြားကား မောင်းနှင်
လာသူတို့မှာ မည်သို့မျှ ထိခိုက်မှုမရှိကြောင်းနှင့် သာမန်မတော်
တဆမှုတစ်ခုသာဖြစ်ကြောင်း သုံးသပ်ပြောကြားထားသည်။

"ငါ တားတဲ့ကြားက ဒီလိုဖြစ်တာကို ရင်နာလို့မဆုံးဘူး. .
ကြည်သာနဲ့မှ ကားပြိုင်မောင်းရတယ်လို့"

မိသွန်းရဲ့မချိတင်ကဲရေရွတ်သံအဆုံးမှာ မှုန်ကြီးက -

"ငါထင်တယ်. . ညနေက ဒီကောင် ကြည်သာကို ဖုန်းဆက်
ပြီး ကားပြိုင်မောင်းဖို့ စိန်ခေါ် နေကတည်းက ငါတားလိုက်သေးတယ်"

အုပ်စိုးကတော့ ဂျာနယ်ကိုသာတွေတွေကြီးစိုက်ကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဖက်တီးတစ်ယောက် canteen ထဲသို့ ဟျာယီးဟျာယာနှင့် ဝင်လာပြီး -

"ငါ . . သတင်းတစ်ခု ထပ်ကြားလာသေးတယ် . . အတွင်းသတင်းဆိုပါတော့"

"ဘာလဲ"

"ရှိန်းသူလက်ထဲမှာ ဖုန်းကို ကျစ်ကျစ်ပါအောင်ကိုင်ရင်း သေသွားခဲ့တာတဲ့ . . မျက်နှာအပါအဝင် ခန္ဓာကိုယ်တစ်ခုလုံး ရစရာမရှိဘူးတဲ့ . . အဲ . . ထူးခြားတာက ဒီကောင့်မသေခင် မိနစ်ပိုင်းအတွင်းမှာ *999* က ဖုန်းပြန်ခေါ်ထားတာကိုတွေ့ရတယ်တဲ့"

"ဟင်"

"ဟုတ်တယ်၊ လူသားစားတက္ကသိုလ်ကကိစ္စတွေနဲ့ ပတ်သက်ပြီး တာဝန်ရှိသူတွေက ပြည်သူတွေကို မလိုလားအပ်ဘဲ ထိတ်လန့်စေမှာစိုးလို့ တမင်ထိမ်ချန်ထားတာတဲ့"

"နေပါဦး ဖက်တီး . . နင့်သတင်းက သေချာလို့လား"

မိသွန်းရဲ့အမေးကို ဖက်တီးက သက်ပြင်းတစ်ချက် ချလိုက်ပြီး -

"ငါ့အဖေက ဘာကောင်ဆိုတာ နင်တို့မေ့သွားပြီလား"

"ဟုတ်ပါရဲ့ . . ဖက်တီးက မိတ်ဆွေတို့ မကြာခဏပြောပြောနေတဲ့ အကောင်ကြီးရဲ့သားဆိုတဲ့လူစားမျိုးလေ . . (သတိ-ဘာကောင်မှန်းတော့ မပြောတတ်ပါ။)





"ဒါဆို ရှိန်းသူ accident က ဟိုဖုန်းနံပါတ်နဲ့များ ပတ်သက်နေမလား"

"မဝေးစမ်းပါနဲ့ မှုန်ကြီးရာ . . ဒီကောင် အခုလိုဖြစ်ရတာက ကားကို အထာလည်း မသိသေးဘဲနဲ့ နိုင်ချင်စိတ်နဲ့ မဆင်မခြင်မောင်းလို့ အခုလိုဖြစ်ရတာ . . အဲဒါတွေနဲ့ဘာမှမဆိုင်ဘူး . . မင်းတို့ပဲ စဉ်းစားကြည့်စမ်းပါ . . အသိဉာဏ်ရှိတဲ့လူသားတစ်ယောက်ကို ဘာမဟုတ်တဲ့နံပါတ်ကလေး ၃လုံးက ဒုက္ခပေးနိုင်မတဲ့လား"

မိသွန်းရဲ့ကြားဖြတ်အဆိုကြောင့် အုပ်စိုးစကားသံတို့ ရပ်သွားပြီး canteen ရှေ့ကို အကြည့်ရောက်သွားမိသည်။

"ဟိုမှာ . . မစ်ကီလာနေတယ်"

ထုံးစံအတိုင်း ကြွက်တံဆိပ်အကျႌကို ဝတ်ဆင်ထားပြီး လက်ထဲမှာလည်း ရိုးရာမပျက် စာအုပ်တစ်အုပ်ကို ကိုင်ဆောင်ထားရင်း . . လျှောက်လှမ်းလာနေ၏။

သူမက အုပ်စိုးတို့ ဝိုင်းမှာ ခပ်တည်တည်နှင့် ဝင်ထိုင်လိုက်ပြီး -

"အခု . . ရှင်တို့အားလုံး ကျွန်မပြောတာကို ယုံပြီမို့လား၊ ရှင်တို့သူငယ်ချင်းအတွက်တော့ ကျွန်မ တကယ်စိတ်မကောင်းပါဘူး"

"ကျွန်တော်တို့က ဘာကိုယုံကြည်ရမှာလဲ"

"ကျွန်မက တစ္ဆေနက္ခတ် ဆိုတာကိုပေါ့ . . ပြီးတော့ ကျွန်မနဲ့ ခင်မင်သူတွေကို ကံဆိုးစေတယ်ဆိုတဲ့ အချက်ကိုရောပေါ့ . . အခု



www.burmeseclassic.com

www.burmeseclassic.com



ရှင်တို့ ယုံကြည်ပြီ မဟုတ်လား. . ရှိန်းသူက အားလုံးအတွက် နမူနာပဲ လေ"

သူမရဲ့တည်ငြိမ်အေးစက်လှသော စကားလုံးတွေရဲ့အောက်မှာ အားလုံး ဆွံ့အနေကြ၏။

"အဲဒီတော့. . ရှင်တို့အားလုံး ကျွန်မနဲ့ ခင်မင် ပတ်သက်ဖို့ မကြိုးစားကြပါနဲ့တော့. . ပြီးတော့. . *999* ဆိုတဲ့ တစ္ဆေနံပါတ်ကိုလည်း ဘယ်သူမှမခေါ်ကြပါနဲ့တော့. . ကျွန်မကို အားလုံးပဲ ခွင့်ပြုကြပါဦး"

သူမက ပြောပြီး ထထွက်သွားမည်အလုပ်မှာ အုပ်စိုးက တားဆီးလိုက်၏။

"ခဏနေပါဦး မစ်ကီ"

"ဘာများလဲ ခေတ်အုပ်စိုး"

"မနေ့ညက ရှိန်းသူကို မစ်ကီက *999* ကို ည တစ်နာရီတိတိမှာခေါ်မှ ရတယ်လို့ တကယ်မဲ့ ပြောခဲ့တာလား"

သည်မေးခွန်းအတွက် သူမမျက်နှာ တစ်ချက်ပျက်သွား၏။ သို့သော် သူမက မဲ့ပြုံးတစ်ခုနှင့်သက်ပြင်းတစ်ခုတို့ကို ပူးတွဲဖန်တီးလိုက်ပြီး ဘာမှထူးဆန်းတဲ့ မေးခွန်းတစ်ခု မဟုတ်သလို ခပ်လွယ်လွယ်ပင် ပြန်ဖြေပေးလိုက်၏။

"ဟုတ်တယ်"

"ဒါဆိုရင် မစ်ကီ့ကို ကျွန်တော် နောက်တစ်ခုထပ်မေးမယ်"





သူမက 'မေး'ဆိုသည့်သဘောနှင့် မေးဆတ်ပြ၏။

"အဲဒီ ဖုန်းနံပါတ်က တကယ်ပဲ တစ္ဆေနံပါတ်လား. . . ပြီးတော့. . ဒီဖုန်းနံပါတ်အကြောင်းကို မစ်ကီက ဘာကြောင့်သိနေရတာလဲ"

အုပ်စိုးမေးခွန်းအဆုံးမှာ မိသွန်း၊ ဖက်တီးနှင့် မှုန်ကြီးတို့ကလည်း သူမအဖြေကို အာရုံစိုက်နားစွင့်နေကြသည်။

"ဝမ်းနည်းပါတယ် ခေတ်အုပ်စိုး၊ ဒီမေးခွန်းအတွက် ကျွန်မမှာ အဖြေမရှိပါဘူး. . သေချာတာကတော့ အဲဒီနံပါတ်က တကယ်ပဲ ရှိနေတယ်. . နောက်ထပ် ရှင်တို့ စမ်းသပ်ဖို့ လုံးဝမကြိုးစားပါနဲ့တော့၊ ကျွန်မနဲ့လည်း ဝေးဝေးမှာပဲ နေပေးကြပါ. . ဒါဟာ အားလုံးအတွက် အကောင်းဆုံးနည်းလမ်းတစ်ခုပါပဲ"

ပြောပြီး ထထွက်သွားသည့် သူမကျောပြင်ကို မျက်စိတဆုံး ငေးကြည့်ရင်း အုပ်စိုး တစ်ချက်ပြုံးလိုက်မိသည်။

"အုပ်စိုး. . ရှိန်းသူက တကယ်ပဲ အဲဒီကိစ္စကြောင့် သေသွားခဲ့တာများလား"

"မဟုတ်ဘူး မိသွန်း. . မစ်ကီ တစ်ခုခုကို လုပ်ကြံဖုံးကွယ်ပြီး ပြောနေတာကို ငါသိတယ်. . ရှိန်းသူကိစ္စနဲ့ ဘာမှမဆိုင်ဘူး"

"ဒါဆိုရင် ရှိန်းသူမသေခင် ဝင်လာတဲ့ *999* ဖုန်းနံပါတ်ကိစ္စကရော. . ."

အုပ်စိုးမျက်နှာကို မှုန်ကြီးက တည့်တည့်ကြည့်ပြီး အထက်



www.burmeseclassic.com

www.burmeseclassic.com



ပါအတိုင်း မေးလာခဲ့၏။

"တိုက်ဆိုင်မှုတစ်ခုပါ မှန်ကြီးရာ"

တက္ကသိုလ်လေးအတွင်းမှာတော့ ရှိန်းသူ၏ accident သတင်းနှင့် ကားကဲစမ်းမဲပေါက်သည့် သတင်းတို့က အထူးရေပန်းစား လျက်ရှိနေလေတော့၏။

♦



(၂)

အဆောင်မှာ မှန်ကြီးတစ်ယောက် မျက်နှာမကောင်းဖြစ်နေသည်ကို ခေတ်အုပ်စိုးသတိထားမိနေတာ ညနေကတည်းက ဖြစ်သည်။

နှုတ်ကတော့ တိုက်ရိုက်ဖွင့်မမေးမိသေး. .

အတော်ကလေးကြာမှ မှန်ကြီးဘက်က စကားစလာခဲ့၏။

"ငါ. . မနက်ဖြန် ကျောင်းမလိုက်တော့ဘူး အုပ်စိုး"

"ဘာဖြစ်လို့လဲ"

"ငါကတော့ ဘာမှမဖြစ်ပါဘူး. . ဖြစ်နေတာက ငါ့အမေပါ။ နယ်က ညနေက ဖုန်းဆက်တယ်. . အမေ အသည်းအသန်ဖြစ်လို့. . ဆေးရုံတင်ထားရတယ်တဲ့. . အဲဒါ မနက်ဖြန်ကားနဲ့ ငါ နယ်ကိုပြန်မှ ဖြစ်မယ်"

"ဩော်"

သူငယ်ချင်းဖြစ်သူအတွက် အုပ်စိုး တကယ်ပဲ စိတ်မကောင်း ဖြစ်နေမိသည်။ မှန်ကြီးမှာက သည်အမေတစ်ယောက်ပဲ သံယောဇဉ် တွယ်စရာရှိတော့တာမို့လား. .



www.burmeseclassic.com

www.burmeseclassic.com



"သိပ်လည်း စိုးရိမ်မနေပါနဲ့ သူငယ်ချင်းရာ၊ မင်းအမေ သက်သာမှာပါ. . ကျောင်းစာအတွက် ဘာမှစိတ်ပူမနေနဲ့. . ငါ အားလုံးကူထားပေးမယ်၊ မနက်ဖြန် မင်း စိတ်ချလက်ချသာ လိုက်သွား"

"ကျေးဇူးပဲ အုပ်စိုးရာ. . ငါ့အမေ ဘာမှတော့ မဖြစ်လောက်ပါဘူးနော်"

"အာ. . ဘာဖြစ်စရာရှိလို့လဲ မှုန်ကြီးရာ"

"ငါ့ဘဝမှာ အမေက အရေးအကြီးဆုံးပါပဲကွာ"

အမေအတွက် အလွန်အမင်းစိတ်ပူနေသော မှုန်ကြီးကို. . အုပ်စိုးက တမင်ပဲ စကားလမ်းလွှဲပြီး ဖြတ်ပြောပစ်လိုက်၏။

"ကဲ. . မှုန်ကြီး. . မင်း ဘာမှတွေးပူမနေနဲ့ မနက် ခရီးထွက်ရမယ် မဟုတ်လား၊ စောစောအိပ်တော့လေကွာ. . ခုပဲ. . ဆယ့်နှစ်ခွဲတော့မယ်. . ငါကတော့ ဒီစာအုပ်ကလေး ဆက်ဖတ်လိုက်ဦးမယ်"

"အေးပါ. . ငါလည်း တွိုင်းလက်ခဏဝင်ပြီး အိပ်တော့မှာပါ"

မှုန်ကြီးက ပြောပြောဆိုဆိုဖြင့် တွိုင်းလက်ထဲကိုဝင်သွားပြီး ကြွေကမုတ်ပေါ်မှာ ထိုင်လိုက်၏။ နောက် အိတ်ထဲက Handphone ကိုထုတ်ပြီး စိတ်ပြေလက်ပျောက် Angry Bird Game လေးကို ကစားနေမိသည်။

အတော်ကြာတော့ Handphone မှ ညတစ်နာရီထိုးသည့် Alarm က ထမြည်လာသည်ကြောင့် တစ်စုံတစ်ခုကို သတိရသွားပြီး screen ပေါ်မှာ ဂဏန်းအချို့ကို နှိပ်လိုက်၏။





"*999*"

"တူ. . . တူ. . . တူ. . "

လိုင်းက ချက်ချင်းဆိုသလို ဝင်သွားသည်ကြောင့် မှုန်ကြီးတစ်ယောက် ရင်တစ်ချက်ပင် ဆောင့်ခုန်သွားသည်။

"ဟယ်လို"

". . ဗျစ်. . . ဗျစ်. . . "

ဖုန်းလိုင်းက တဗျစ်ဗျစ်နှင့် မကြည်။

"ဟယ်လို. . ဟယ်လို. . "

"ဟယ်လို. . . 999 က ကြိုဆိုပါတယ်"

ဖုန်းထဲက ရုတ်တရက်ထွက်ပေါ်လာသည့် ယောကျ်ားတစ်ယောက်၏ ခြေရှရှအသံကြီးကြောင့် မှုန်ကြီးတစ်ယောက် အံ့ဩစိတ်နှင့်အတူ ကြက်သီးပင် ထနေမိသည်။

"ဟုတ်. . ကဲ့. . "

"ဗျစ်. . . ဘာအလိုရှိပါသလဲ. . ပြောပါ. . ဗျစ်. . ဗျစ်"

မှုန်ကြီးတစ်ယောက် စိတ်ထဲရှိသည့်အတိုင်း လွှတ်ကနဲပြောလိုက်မိ၏။

"ကျွန်တော့်အမေကို ကျန်းမာရေးကောင်းမွန်နေစေချင်တယ်"

"OK. . ဖြစ်ရပါစေမယ်"

(တူတူ. . တူ. . တူ. . = ဖုန်းကျသွားသံ)

ဖုန်းချသွားပြီးမှ 'နာမည်ဘယ်သူလဲ'ဆိုတာကိုမေးဖို့သတိရ



www.burmeseclassic.com

www.burmeseclassic.com



မိသည်။ နောက် ဖုန်းထပ်ခေါ်ကြည့်သော်လည်း မရတော့သည်ကြော
Toilet ထဲမှ အမြန်ထွက်ကာ အုပ်စိုးကို အံ့ဩတကြီး အမြန်ပြောပြ
၏။

အုပ်စိုးက မယုံကြည်သလိုမျက်နှာနှင့်

"ဟုတ်ရဲ့လား. . မှုန်ကြီးရာ"

"ငါ တကယ်ပြောတာ အုပ်စိုး"

ခေတ်အုပ်စိုးတစ်ယောက် တကယ်ပဲ ခေါင်းစားနေရပြီ ဖြ
၏။

ဒီဖုန်းနံပါတ်က ဘာလဲ. .

ဘယ်လိုဖြစ်လာခဲ့တာလဲ. . ပြီးတော့. . .

အယ်သူ သုံးနေတာလဲ. .

နောက်. . မစ်ကီ. .

သူမကရော ဒီကိစ္စတွေကို ဘယ်လိုသိနေခဲ့တာလဲ. . ဘယ်
က သိလာရတာလဲ. .

မေးခွန်း အမြောက်အမြားက အုပ်စိုးဦးနှောက်ကို ကောင်း
စွာ အလုပ်ပေးထားလေ၏။ သို့သော်လည်း အချိန်တွေသာ ပျက်သုဉ်း
ကုန်ဆုံးလာခဲ့၏။ လုံလောက်လက်ခံနိုင်လောက်သောအဖြေကိုမူ လုံး
စဉ်းစား၍မရနိုင်ခဲ့ပေ. . . . ။

◆



(K)

ရန်ကုန်မြို့မှ ထွက်ခွာလာခဲ့သော အဝေးပြေး မှန်လုံဘတ်စ်ကားကြီးတစ်စီးသည် နယ်မြို့ကလေးတစ်မြို့ဆီသို့ အမြန်လမ်းမကြီးမှ တစ်ဆင့် အရှိန်ပြင်းစွာ မောင်းနှင်ထွက်ခွာလာနေ၏။

ကားပေါ်မှာတော့ ခရီးသွားလူအများ ပုံစံမျိုးစုံဖြင့် ငြိမ်သက်စွာ စီးနင်းလိုက်ပါလာကြသည်။

ခုံနံပါတ်(၁၃)မှာပါလာသည့် လူငယ်လေးကတော့ ကားသေးဘီဝဲယာ ရှုခင်းများကို ကြည့်ရင်း သက်ပြင်းကို မကြာခဏချနေသည်ကို တွေ့ရ၏။ တစ်စုံတစ်ခုအတွက် စိတ်ပူပင် သောကရောက်နေပုံလည်း ရပါသည်။

ဟုတ်ကဲ့. . အထက်ပါအဆိုသည် မလွဲမှားပါ။

အဘယ်ကြောင့်ဆိုသော် လူငယ်ကလေးသည် နယ်မှာ ဆေးခုံတင်ထားရသော မိခင်ဖြစ်သူအတွက် အလွန်အမင်းစိတ်ပူစိုးရိမ်နေသော မှုန်ကြီးဖြစ်နေ၍ပင် ဖြစ်ပါသည်။

မှုန်ကြီး၊ မိသွန်းနှင့် အုပ်စိုးတို့သည် နယ်မြို့မှ ရန်ကုန်မြို့သို့ ပညာလာသင်ကြရသော တက္ကသိုလ်ကျောင်းသားများ ဖြစ်သည်။ မိန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးဖြစ်သူ မိသွန်းကတော့ နတ်သမီးဘော်ဒါဆောင်မှာနေပြီး မှုန်ကြီးနှင့်အုပ်စိုးတို့ နှစ်ယောက်ကတော့ မြေနီကုန်းက တိုက်ခန်းတစ်ခုမှာ အတူထားနေဖြစ်သည်။

ဖက်တီးနှင့် သွားလေသူ ရှိန်းသူတို့ကတော့ ရန်ကုန်သားများ ဖြစ်သည့်အလျောက် သူတို့အိမ်မှပင် ကျောင်းတက်ကြ၏။

ရှိန်းသူ့အတွက် တကယ်ပဲ စိတ်မကောင်းဖြစ်မိသလို လက်ရှိ အခြေအနေအရ မိခင် ဖြစ်သူ ကျန်းမာရေးအတွက်လည်း မှုန်ကြီးတစ်ယောက် စိုးရိမ်ပူပန်နေရပြန်သည်။

ထိုစဉ်. . .

♫ အိုးလေး လှုပ်ပါဟော့ × × ရေအိုးလေး လှုပ်ပါဟော့× × ကောင်မလေးတွေ ×အိုးလေးလှုပ်ပါဟော့× ×♫

လက်ထဲမှ ဖုန်းမြည်သံကြောင့် screen ကို ကြည့်မိတော့ နယ်က ဦးလေးဝမ်းကွဲတစ်ယောက်ဆီက ဖြစ်နေ၏။

"ဟယ်လို. . ဦးအောင်. . ပြော"

"အေး. . ဘာမှတော့ မဟုတ်ပါဘူးကွာ၊ မင်းအမေက မင်းဆီကို ဖုန်းဆက်ခိုင်းလို့ဟ"

"ဗြော်. . ဟုတ်. . ဦးအောင်. . ပြော"

"မင်း စိတ်ပူနေမှာစိုးလို့တဲ့၊ မနေ့က မင်းအမေ သွေးတိုးပြီး





သတိလစ်သွားလို့ ဆေးရုံ ခဏတက်လိုက်ရတာ. . အခု အိမ်တောင် ပြန်ရောက်နေပြီ. . ဘာမှ မဖြစ်တော့ဘူး သိလား၊ အဲဒါ. . မင်းအမေက ကျောင်းဖျက်ပြီး ပြန်လာမနေတော့နဲ့တဲ့. . အပြောခိုင်းလို့ဟ"

"အာ. . ကျွန်တော်က အခု ပြန်လာနေပြီ. . ကားပေါ်မှာ၊ ဘာတစ်ခု မထူးတော့ပါဘူးဗျာ. . ပြန်ခဲ့ပါ့မယ်"

"အေး. . အေး. . ငါ မင်းအမေဆီကို ဒီအတိုင်းပဲ ပြောလိုက်တော့မယ်. . ဒါဆို. . ဒါပဲနော် ဖုန်းချလိုက်တော့မယ်"

"ဟုတ်ကဲ့"

သည်လိုဆိုတော့လည်း မှုန်ကြီးရင်ထဲ အတော်ကလေး ပေါ့သွားရသည်။ အမေ ကျန်းမာသွားပြီ တဲ့။

ဟင်. . .

မှုန်ကြီးတစ်ယောက် တစ်စုံတစ်ခုကို ချက်ချင်းဆိုသလို သတိရမိသွားပြီး ဆက်စပ် စဉ်းစားကြည့်လိုက်မိသည်။

"*999*"

ဟုတ်ပါသည်။ ညက တစ်နာရီတိတိမှာ ခေါ် လိုက်မိသော အရွှေနံပါတ်/ထူးဆန်းသောဖုန်းနံပါတ်အကြောင်းပင် ဖြစ်သည်။ ညက စကားသံများကိုလည်း သူ ပြန်ကြားယောင်နေမိသည်။

"ဟယ်လို. . . ၉၉၉က ကြိုဆိုပါတယ်. . ဘာအလိုရှိပါသလဲ . . ပြောပါ"

"ကျွန်တော့်အမေကို ကျန်းမာရေးကောင်းမွန်နေစေချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"OK. . ဖြစ်ရပါစေမယ်"

မှန်ကြီးတစ်ယောက် ယုံရခက်၊ မယုံရခက်နှင့် အတော် ...
စားရခက်နေခဲ့၏။

"ဒါ. . တကယ်ပဲ *999*ရဲ့ အစွမ်းတွေလား"

နောက်. . ရှိန်းသူကိစ္စ. .

ရှိန်းသူတုန်းကလည်း *999* ကို GRT ပြိုင်ကား လိုချ...
ကြောင်း ပြောပြီး မနက်မှာ ကံစမ်းမဲပေါက်ပြီး ရခဲ့သည်မဟုတ်ပါလား...
ပြီးတော့. . . ရှိန်းသူတစ်ယောက်. . .

ညက မှန်ကြီးတစ်ယောက် မိခင်ကျန်းမာရေးကောင်းမွန်...
အတွက် တောင်းဆိုခဲ့ပြီး ယခု မိခင်ကျန်းမာရေးက ကောင်းမွန်နေ...
ဖြစ်၏။ သည်လိုဆိုလျှင် သူလည်း. . . . .

သူ ခေါင်းတစ်ချက်ပူပြီး ရင်အစုံ ဆောင့်ခုန်သွားမိ၏။ ယ...
သူ ဘာလုပ်ရမည်နည်း။ ဘာလုပ်သင့်ပါသနည်း။

ဦးဆုံးသတိရမိသူကတော့ ခေတ်အုပ်စိုးကိုပင် ဖြစ်၏။ သူ...
ကိစ္စကို ဖုန်းဆက်ပြီး အုပ်စိုးကို တိုင်ပင်ကြည့်ရမည်။ အဖြေတစ်ခုထ...
ထွက်လာကောင်းပါ၏။

မှန်ကြီးတစ်ယောက် သူ့ Handset ထဲရှိ contact list ...
အုပ်စိုးကို ရှာလိုက်၏။ ထိုစဉ်. .

♫ အိုးလေး လှုပ်ပါဟေ့ × × ရေအိုးလေး လှုပ်ပါဟေ့ × ...
ကောင်မလေးတွေ × × အိုးလေး လှုပ်ပါဟေ့ × × ♫





ထူးဆန်း တိုက်ဆိုင်လွန်းသော အဖြစ်အပျက်တစ်ခုကြောင့် မှန်ကြီးတစ်ယောက် ဖုန်းပင် မပြောနိုင်သေးဘဲ စကရင်ပေါ်မှ နံပါတ်ကို ကြည့်ပြီး ကြက်သေသေသွားမိသည်။

ဖုန်းစကရင်ပေါ်မှာကား

***999***

အဝေးပြေးမှန်လုံကားကြီးကတော့ လေအဟုန်ကို ခွင်းပြီး အရှိန်ခပ်ပြင်းပြင်းနှင့် အမြန်လမ်းမကြီးအထက်မှာ နယ်မြို့လေးတစ်မြို့ဆီကို ဦးတည်ပြီး ခရီးဆက်နေဆဲပင် ဖြစ်လေတော့၏။

◆



www.burmeseclassic.com

www.burmeseclassic.com

(L)

ထိုင်နေကျ canteen ၏ ထိုင်နေကျစားပွဲလေးတွင် ဖြ

သည်။

လူငယ် ၃ယောက် ထိုင်နေကြ၏။

၄င်းတို့မှာ အုပ်စိုး၊ ဖက်တီးနှင့် မိသွန်းတို့ ဖြစ်ကြသည်။

"ငါတို့ဝိုင်းလေးက လူမစုံတော့ တမျိုးကြီးပဲနော်... ခြောင်

ကပ်ကပ်နဲ့ "

ဖက်တီးအပြောကို မိသွန်းက အပြည့်အဝ ထောက်ခံပေး

၏။

"ဟုတ်တယ်နော်. . ဘယ်လိုကြီးမှန်းလဲ မသိဘူး"

"မင်းတို့တွေကလည်းကွာ. . မှန်ကြီးက သူ့အမေ ဆေး

တင်ထားရပါတယ်ဆိုမှ ပြန်မှဖြစ်မှာပေါ့ဟ၊ ပြီးတော့. . မှန်ကြီးမှာ

ဒီအမေတစ်ယောက်ပဲ ရှိတော့တာလေ"

ခေတ်အုပ်စိုးက တမင် ရှိန်းသူအကြောင်းကိုထည့်မပြော

အထက်ပါအတိုင်း ဝင်ပြောလိုက်၏။

သို့သော် ဖက်တီးက -





"ဒါတော့ ဒါပေါ့ကွာ၊ ဒါပေမယ့်. . ခုတလော ငါတို့အဖွဲ့တွေ ဘယ်လိုဖြစ်နေမှန်းကို မသိပါဘူးကွာ ရှိန်းသူက သေသွားတယ်။ ဟော အခု မှန်ကြီးအမေက အသည်းအသန်ဖြစ်နေတယ်။ ပြီးတော့ ငါလည်း တော်ပုံပြီကွာ မပြောချင်တော့ပါဘူး။ ဘယ်လိုဖြိုဟ်ဆိုးတွေများ ဝင်လာနေလဲ မသိပါဘူး"ဟု စိတ်ပျက်လက်ပျက်ဆိုလာခဲ့၏။

"နေပါဦး ဖက်တီးပုပ်ရဲ့၊ နင်က အခု ဘာတွေဖြစ်နေလို့လဲ"

"ဘာဖြစ်ရမလဲ၊ လောကနတ်ကဖီးက ငါလိုက်နေတဲ့ ယမင်းအောင်ကို သိတယ်မို့လား"

"အင်း"

"သူက ဒီနေ့ ငါ့ကို ဘာပြောလိုက်တယ်မှတ်လဲ"

"ပြောပါဦး. . ဘာပြောလိုက်လို့လဲ"

"သူက ငါ့ကို ဒီခန္ဓာကိုယ်မျိုးကြီးမဟုတ်ဘဲ ဝိတ်ကျအောင်ကြိုးစားပါတဲ့. . ဝိတ်ကျလာရင် အဖြေပြန်ပေးမယ်တဲ့"

ဖက်တီးတစ်ယောက် ပြောရင်းဖြင့် သူ့ခန္ဓာကိုယ်ကို သူပြန်ကြည့်ပြီး အတော်စိတ်ပျက်အားငယ်နေပုံရသည်။ မိသွန်းကတော့ ထိုစကားကြောင့် ပြုံးစိစိလုပ်နေ၏။

"ငါ တစ်ခါတလေကျရင် အုပ်စိုးကို သိပ်အားကျတာပဲ"

"ဘာလဲဟ. . ဖက်တီးရ"

"မင်းလို ရုပ်လေးနဲ့ body structure လေးနဲ့ဆို. . သိပ်ကောင်းမှာပဲလို့"



www.burmeseclassic.com

www.burmeseclassic.com



"သြော်. . ဒါကတော့ မင်းက အကောင်ကြီးကြီးရဲ့သား ဖြစ်နေတော့ မင်းလည်း အကောင်ကြီးပြီပေါ့. . ကိုယ့်ကုသိုလ်နဲ့ ကိုယ်ပဲလေ. ."

"ဟော့ကောင်. . အုပ်စိုး. . မင်းစကားကြီးက ဘယ်လိုကြီးလဲကွ"

"ဒီလိုလေကွာ. . မင်းအဖေက ခပ်ဝဝကြီးမဟုတ်လား၊ ပြီးတော့. . လူကြီးလေ"

"အဲဒါ. . ဘာဖြစ်လဲ"

အုပ်စိုးက ရယ်ချင်စိတ်ကို မနည်းထိန်းပြီး ဆက်ပြောပြလိုက်သည်။

"လူကြီးအတော်များများက ထိုင်ရာကမထဘဲ အဆီအဆိမ့်တွေ စားလွန်းပြီး. . အဆီရစ်နေတဲ့ ဗိုက်ရွှဲကြီးတွေ၊ ပုံဆိုးပန်းဆိုးကြီးတွေနဲ့က များတယ်မဟုတ်လား. . ဥပမာ. . မင်းအဖေလို အကောင်ကြီးတွေပေါ့ကွာ. . အဲဒီတော့. . သူ့သားဖြစ်တဲ့ မင်းလဲ'

"တော်တော့. . အုပ်စိုး"

ဖက်တီးစကားကြောင့် အုပ်စိုးအသံ တိကနဲ ရပ်သွားသည်။ မိသွန်းကတော့ ဘာကို ဘယ်လိုသဘောပေါက်သွားသည်မသိ၊ တခွိခွိသ,ရယ်နေ၏။

"ငါ့အဖေက အထက်ကပေးတဲ့ တာဝန်တွေကို မအားမလပ်လုပ်ဆောင်နေတဲ့ ခေါင်းဆောင်ကောင်း၊ မင်းပြောသလို ထိုင်ပြီး စား





သောက်နေတဲ့ လူကြီးမျိုးမဟုတ်ဘူးကွ. . မနက်ဖြန်တောင် တာဝန်နဲ့ တချင်ပြည်နယ်ဘက်ကို ခရီးထွက်ရဦးမှာ. . တဲ့"

"ငါဆိုလိုတဲ့ လူကြီးဆိုတာက. . ဟိုလို အထက်လူကြီးကိုပြောတာ မှုတ်ဘူးဟ"

"ဒါဆို ဘယ်လူကြီးလဲ"

"ငါတို့ မင်းတို့ အဖေတွေလို အသက်ကြီးတဲ့ လူကြီးတွေကို ပြောတာ"

"အဲဒီလူကြီးတွေက ဘာဖြစ်လဲ"

ဖက်တီးအသံက ဘုဆတ်ဆတ်။ ကြိတ်ရယ်နေသည့် မိသွန်းပင် မနည်းဟန်ဆောင်နေရ၏။

မှင်ကောင်းလှသည့်ခေတ်အုပ်စိုးကတော့ ရုပ်တည်ကြီးနှင့်-

"ဘာဖြစ်ရမလဲ. . လူကြီးတွေက ငါတို့လို လူငယ်တွေထက် ကိုယ်လက်လှုပ်ရှားမှု အရမ်းနည်းသွားကြတယ်လေ။ အဲဒီမှာပဲ တစစနဲ့ ဝိတ်တိုးပြီး ဝဝဖိုင့်ဖိုင့်ကြီးတွေ ဖြစ်လာကြတာပေ့ါ။ မယုံရင်. . လူကြီး ၁၀ ယောက်လောက်ကို မင်း သတိထားကြည့်လိုက်၊ အနည်းဆုံး ၇ယောက်လောက်က အဆီရွှဲနေတဲ့ ဗိုက်ပူပူဝဝလူကြီးတွေ ဆိုတာကို မင်း. . သတိထားမိလိမ့်မယ် ဖက်တီး"

သို့မှ ဖက်တီးတစ်ယောက် ကျေနပ်သွားပုံရပြီး စကားလမ်းလွှဲသွား၏။

"ငါ့မှာတော့ ညတိုင်း ပေါင်ချိန်စက်ပေါ်တက်ပြီး ပေါင်နှစ်



www.burmeseclassic.com

www.burmeseclassic.com



ရာထက်မကျော်အောင် မနည်း ကြိတ်ဆုတောင်းနေရတယ်။ ငါ့ကံ
က ဆိုးပါတယ်ကွာ. . ဒါ. . ဒါနဲ့. . အဲဒီအဖြစ်အပျက်တွေက မစ်
နဲ့များ ပတ်သက်နေမလားပဲ"

ထိုစကားကြောင့် အုပ်စိုးတစ်ယောက် စိတ်ပျက်သလို ကျွ
က့နဲ့ ,တစ်ချက်စုတ်သပ်လိုက်ပြီး -

"မဆိုင်လိုက်တာ. . ဖက်တီးရာ"

"ဟာ. . မင်း အဲလိုမပြောနဲ့တော့လေ၊ မင်းပဲ ညက မှုန်ကြီး
*999*ကို ဖုန်းခေါ်တာ ရသွားတယ်ဆို"

"အေး"

"ဒါဆို မစ်ကီပြောတာတွေက အမှန်တွေပေါ့. . တစ္ဆေနံပါတ်
က တကယ်ရှိတာကို လက်ခံရင်. . မစ်ကီရဲ့ တစ္ဆေနက္ခတ် ဆိုတာကို
လည်း လက်ခံရမှာပေါ့ဟာ. . အခုလို. . ငါတို့တွေ ကံမကောင်းဖြစ်နေ
ခဲ့တာ မစ်ကီနဲ့ပတ်သက်ခဲ့မိလို့ပဲ နေမယ်"

"တော်စမ်းပါ ဖက်တီးရာ. . ဘယ်သူက အဲဒါတွေကို လက်ခံ
ပါပြီ ပြောနေလို့လဲ. ."

"မင်းပဲ မှုန်ကြီး. . ."

ဖက်တီးစကားမဆုံးခင် အုပ်စိုးက တမင်ပဲ ဖြတ်ပြောပစ်လိုက်
၏။

"အဲဒီကောင် ငါ့ကို. . အတည်ပေါက်နဲ့နောက်သွားတာရော
မဖြစ်နိုင်ဘူးလား"





"ဒါဆိုတော့. ."

"ကဲ. . ဘယ်သူတွေ ကံဆိုးဆိုး၊ ငါကတော့ ဒီနေ့ ကံကောင်း
ခဲ့တယ်"

မိသွန်းက မဆီမဆိုင်ဝင်ပြောလာသည်ကြောင့် ဖက်တီးက

"ဘာတွေ ကံကောင်းလာလို့လဲ မိသွန်းရဲ့"

"တက္ကသိုလ်ပေါင်းစုံမယ်ပြိုင်ပွဲအတွက် စကာတင် ၃ယောက်
ရွေးတာ. . ငါ ပါသွားတယ်"

"တကယ်. ."

"ဟာ. . ဟုတ်လှချည်လား"

မိသွန်းအတွက်. . နှစ်ယောက်သား တကယ်ပဲ ပျော်သွားမိ
သည်။

ပြောလို့သာပါ။ မိသွန်းက အဝတ်အစားခပ်တုံးတုံးလေးတွေ
ဝတ်နေ၍သာ သိပ်မထင်ပေါ်ခြင်း ဖြစ်သည်။

ယနေ့ခေတ်နှင့်အညီ. . အလန်းစားတွေ ဝတ်စား ပြင်ဆင်
လိုက်ပါက ဖွေးဖွေးတို့ ငုတ်တုတ် မေ့သွားနိုင်လောက်သည့် ရုပ်ရည်
မျိုး. . .။

ခန္ဓာကိုယ် အချိုးအဆစ် အဖုအထစ်တို့ကလည်း Inter-
national Levelကို အသာလေးမီပါသည်။

ပြီးတော့. . . မိသွန်းဝါသနာက နာမည်ကြီး မော်ဒယ်တစ်
ယောက် ဖြစ်ရန်ပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ သူမအတွက် အနုပညာလမ်းစတစ်ခုက ကမ်းလင့်နေခဲ့ပြီ ဖြစ်၏။

"ဟုတ်တယ်ဟ၊ နောက်အပတ်ထဲ ကျောင်းပေါင်းစုံက စကာတင် 'မယ်'အယောက် ၄၀ တို့ကို Cityhall မှာ တစ်ပတ်လုံး camp သွင်းလေ့ကျင့်ရတော့မှာ. . ငါသာ 'မယ်'ဆု ရလိုက်လို့ကတော့ ဆယ်သိန်းဆုငွေအပြင် မဂ္ဂဇင်း၊ ပြက္ခဒိန်တွေ၊ တီဗီကြော်ငြာတွေနဲ့ဂျာနယ်တွေမှာပါ ပါဝင်ခွင့်တွေ ရမှာဟ"

တက်တက်ကြွကြွပြောနေရှာသည့် မိသွန်းတစ်ယောက်. . အုပ်စိုးစကားကြောင့် ရှုံ့မဲ့သွား၏။

"ဘာလဲ နင် ဆုရရင်(××××××)တို့လို မဂ္ဂဇင်းတွေမှာ cover model လုပ်ရမှာတဲ့လား. . နင် ဒီထက် အောင်မြင်ရင် နိုင်ငံခြားက (××××××)မဂ္ဂဇင်းမျက်နှာဖုံးတွေမှာတောင်. . ခေါ် သုံးရင် သုံးဦးမှာနော်"

"ဟာ. . မသာကောင် အုပ်စိုး၊ နင်ပြောရက်လိုက်တာနော်"

ဖက်တီးကတော့ သဘောတကျ တဟားဟားအော်ရယ်နေလေ၏။

"ငါက တမင်နောက်တာပါ မိသွန်းရာ. . နင် ပထမရအောင်သာ အကောင်းဆုံးကြိုးစား. . ကြားလား"

"အေးပါ"

မိသွန်းနှင့်ပြောနေရာမှ အုပ်စိုးက ဖက်တီးကို ရုပ်တည်ကြီးနှင့်စိုက်ကြည့်လာသည်ကြောင့်. . ဖက်တီးတစ်ယောက် ရယ်နေရာမှ ကြောင်စီစီနှင့် ရုပ်တန့်သွားပြီး





"ဘာလဲ. : အုပ်စိုးရ"

"တွေ့လား. . မစ်ကီရဲ့တစ္ဆေနက္ခတ်ဆိုတဲ့ အလင်္ကာစကားလုံးကြီး. . ငါတို့နဲ့ ဘာမှ မဆိုင်ဘူး၊ အဲဒီတစ္ဆေနံပါတ်နဲ့လည်း မဆိုင်ဘူး. . ပြီးတော့. . မင်းကီနဲ့လည်း မပတ်သက်ဘူး၊ မင်းထင်သလို မစ်ကီကြောင့် ငါတို့အဖွဲ့လေး ကံဆိုးနေတာလဲ မဟုတ်ဘူး. . အခု မိသွန်းကို ကျောင်းက စကာတင်ရွေးချယ်ခံလိုက်ရတာက ကံဆိုးတာလား. . ကဲ. . ဖက်တီး ပြောပါဦး"

တွေးကြည့်တော့ ဟုတ်သလိုလိုလည်း ရှိနေ၏။

သို့ကြောင့်လည်း အုပ်စိုးရဲ့စကားကို ချက်ချင်းမတုန့်ပြန်နိုင်ဖြစ်နေရသည်။

သို့သော်လည်း ဖက်တီးက လူကြီးသားပီပီ စောဒကလေးတော့ တက်ဖြစ်အောင် တက်လိုက်ပါသေးသည်။

"ဟုတ်ပါပြီ၊ အဲဒီကိစ္စက မင်းပြောသလိုပဲ ထားလိုက်ပါတော့ဒါနဲ့. . မင်းက ဘာကိစ္စ မစ်ကီဘက်က အဲလောက် ရှေ့နေလိုက်ပေးနေရတာလဲ. . ပြောပါဦး"

ခေတ်အုပ်စိုးအဖြေစကားကို မိသွန်းပါ နားစွင့်နေ၏။

အတော်ကလေးကြာမှ အုပ်စိုးက

"ငါက မစ်ကီကို သိပ်စိတ်ဝင်စားသွားမိလို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

"တကယ်"

ထိုနေ့က အုပ်စိုး၏ အချစ်ပန်းအချို့ ဖူတ်ကနဲ ပွင့်လန်းလာခဲ့ပြီး ချစ်ခြင်းရနံ့တို့ ကခုန်မြူးထူးခဲ့ကြ၏။

အပြာရောင်ဆန်သော ရင်တွင်းလှိုင်းတို့သည်လည်း တိုး . . တိတ် . . ညင် . . . သာ . . . စွာ . . . . ။

◆



(M)

အချိန်က ည(၁၂)နာရီခန့်။

အိမ်က လူတွေ အားလုံးကလည်း ကချင်ပြည်နယ်ဘက်ကို ခရီးထွက်သွားသည်ကြောင့် အိမ်မှာ ဖက်တီးတစ်ယောက်တည်း ပျင်းပျင်းရှိလှတာနဲ့ ကွန်ပျူတာတစ်လုံးနှင့် General Game ထိုင်ကစားနေသည်မှာ အတော်ကြာနေပြီဖြစ်၏။

နောက် . . ဂိမ်းဆော့လို့ပြီးတော့ ဖက်တီး ဆိုသည့် နာမည်/ကိုယ်ခန္ဓာနှင့် လိုက်ဖက်လှစွာ ဗိုက်က ဆန္ဒပြလာ၏။

သို့ကြောင့် . ဗီရိုထဲနှင့်ရေခဲသေတ္တာတွေထဲကို ညလယ်စာအတွက် အဆင်ပြေရာ စားသောက်စရာများကို ရွေးချယ်လိုက်ပြီး စားပွဲပေါ် တင်ထားလိုက်သည်။

စားခါနီးမှ . . ချစ်ရသူ ယမင်းအောင်၏ ပြောစကားများကို ကြားယောင်လာမိ၏။

"ရှင့်ရဲ့ဒီခန္ဓာကိုယ်မျိုးကြီး မဟုတ်ဘဲနဲ့ ဝိတ်ကျလာမှ ရှင့်ကို အဖြေပေးမယ်"

www.burmeseclassic.com



ဖက်တီးတစ်ယောက် စားပွဲပေါ် မှစားသောက်ဖွယ်ရာများကို မစားဖြစ်တော့ဘဲ ရေတစ်ခွက်ကိုသာ စိတ်ရှိလက်ရှိ မော့သောက်ပစ် လိုက်မိသည်။

နောက်. . အခန်းထောင့်မှာရှိနေသည့် ဒစ်ဂျစ်တယ်ပေါင်ချိန် စက်ကလေးပေါ် သို့ သတိတရတက်ချိန်လိုက်၏။

"ဟူး. . တစ်ရာကိုးဆယ့်ရှစ်ပေါင်ကကို မလျော့ပါလားနော်"

သူတစ်ယောက်တည်း အထက်ပါအတိုင်း တီးတိုးရေရွတ်နေ စဉ်မှာပင် အခန်းနံရံရှိ ရှေးဟောင်းနာရီကြီးမှ ညတစ်ချက်တီးခေါင်း လောင်းသံကို ကြားလိုက်ရသည်။

"ဒေါင်. . ."

"အို. . တစ်နာရီတောင် ထိုးပြီပဲ၊ အိပ်တော့မှပဲ"

ထိုအတွေးနှင့်အတူ. . အခြား အတွေးတစ်ခုကလည်း သူ့ ဦးနှောက်ထဲကို ဖြိုင်တူလိုလို message ပို့ပေးလာ၏။

"အင်း. . ငါ စမ်းကြည့်လိုက်ဦးမယ်"

ဖက်တီးက ဘောင်းဘီထဲမှ လက်ကိုင်ဖုန်းကို ထုတ်လိုက်ပြီ ဂဏန်းအချို့ကို ရိုက်နှိပ်ခေါ် ဆိုလိုက်၏။

နောက်. . သူ့မျက်နှာက အံ့သြဝမ်းသာမှုအရှိန်ကြောင့် လှဲ ကနဲ တစ်ချက်ပြုံးသွားပြီး -

"ဟယ်လို"

"......"

ဆောင်းညပြာဆိုစာပေ



"ဗျာ. . ဩော်. . . ဟုတ်ကဲ့"

"......."

ဖက်တီးတစ်ယောက် ခေတ္တစဉ်းစားဟန်ပြုပြီး ဖုန်းဆက်ပြော လိုက်၏။

"ကျွန်တော် ဝိတ်ကျချင်တယ်"

"......"

"ဟယ်လို. . ဟယ်လို. . ဟိတ်လူ. . နေဦးလေဗျာ. . ဟယ် လို. . ဟိတ်လူ"

တစ်ဖက်က ဖုန်းချသွားပုံရ၏။

အားမလိုအားမရဖြစ်နေရှာသောဖက်တီးတစ်ယောက် ဖုန်း ကို အကြိမ်ကြိမ် ပြန်ခေါ် နေမိသော်လည်း အဆင်မပြေတော့သည် ကြောင့် လက်လျော့သွားပြီး ထူးခြားဖြစ်စဉ်တစ်ခုကို အုပ်စိုးအား ဖုန်း ခေါ် ပြောရန် တွေးမိသွား၏။

သို့သော် သူ မခေါ် ခင် ဖုန်းက ထမြည်လာသဖြင့် ယောကျ်ား တန်မဲ့ တစ်ချက်တုန်သွားမိသေးသည်။

♫ ဒူမတ်ဂျာလေး× ×ဒူမတ်ဂျာလေ× ×ရော့× ×ရော့ ♫

ဖုန်းscreen ပေါ် ကို ကြည့်မိတော့ အုပ်စိုး၏ဖုန်းဖြစ်နေသည် ကြောင့် တိုက်ဆိုင်မှုအတွက် ဖက်တီးပင် အံ့သြနေမိသည်။

ဆောင်းညပြာဆိုစာပေ

www.burmeseclassic.com

www.burmeseclassic.com



"အုပ်စိုး. . ငါတောင် ခုပဲ မင်းကိုဖုန်းဆက်မလို့. . အဲဒါ မင်း ဖုန်းဝင်လာလို့. . ဒါနဲ့ မင်းက ခုချိန်ထိ မအိပ်သေးဘူးလားဟ"

"နေပါဦး. . မင်းက ဘာကိစ္စပြောဖို့ ဖုန်းဆက်မှာလဲ"

"ဒီလို အုပ်စိုးရ. . မင်း လုံးဝ မယုံကြည်ဘူးဆိုတဲ့ မစ်ကီပြော တဲ့ တစ္ဆေဖုန်းနံပါတ်က တကယ်ရှိတယ်ဟ"

BURMESE CLASSIC

"ဘာ. ."

ဖုန်းထဲက ခေတ်အုပ်စိုး၏အော်သံကြောင့် ဖက်တီး နားထောင် အူသွားသည်။

"ဟာ. . ဖြည်းဖြည်းအော်ပါဟ. . ဒီမှာ နားကွဲတော့မယ်"

"ဖက်တီး. . ဒါ. . ဒါဆိုရင် မင်း ဖုန်းခေါ်မိသွားပြီပေါ့"

အုပ်စိုးအသံက အထိတ်တလန့်နိုင်နေသလောက် ဖက်တီး အသံက လန်းဆန်းတက်ကြွလွန်းနေပါသည်။

"ဟုတ်တယ်. . ငါ အခုပဲ ဖုန်းပြောပြီးတာ၊ အဲဒီလူက အမယ် . . ဆရာလိုလိုဘာလိုလိုအထာနဲ့ ငါ့ကိုလာပြီး ဘာအလိုရှိပါသလဲတွေ ဘာတွေ လာမေးနေသေးတယ်. . သူက ဘာမှိုလို့လဲကွာ. . ငါလည်း တမင်ရွှဲပြီး ဝိတ်ကျချင်တယ်လို့ပြောပစ်လိုက်တယ်. . မှတ်ကရောပဲ. . တစ်ခါတည်း ဖုန်းချသွားတော့တာပဲ. . ပြန်ခေါ်လို့ကို မရတော့ဘူး. . ငါ့ကိုများ ဘယ်သူ့သားများ မှတ်နေလဲ မသိဘူး. . ဖက်တီးလေ. . ဇောက်ချဉ်မှမဟုတ်တာပဲ. . ဟားဟား"

"တကယ်. ."





"တကယ်ပေါ့ကွ. . ဘာလဲ ငါ မင်းကို နောက်နေတာ ထင်လို့လား"

"မဟုတ်ဘူး. . ဖက်တီး"

"ဒါဆိုရင်. . မင်း မစ်ကီပြောတာတွေကို ယုံကြည်လက်ခံသွားပြီး အံ့သြနေတာလား"

"မင်း. . မင်း. . ဒုက္ခရောက်တော့မယ်. . ဖက်တီး"

အစပ်အဟပ်မတည့်လှသည့် အုပ်စိုး၏စကားကြီးကြောင့်. . ဖက်တီး အတော်တင်းသွားမိသည်။

"ဖတ်. . ဖတ်. . ဖွဟဲ့. . လွဲပါစေ ဖယ်ပါစေဗျာ၊ နိမိတ်မရှိ ဘျက်သရေမရှိတဲ့စကားတွေ လာပြောနေတယ် အုပ်စိုး မင်း ပြောင် ချင် နောက်ချင်ရင် ဇာတ်ထဲလိုက်ကွာ၊ ပြောကွာ အခု ငါ့ကို ဘာလို့ ဖုန်းဆက်တာလဲ"

"ငါ နောက်နေတာ မဟုတ်ဘူး ဖက်တီး. . အဲဒီ နံပါတ်က တကယ့်မကောင်းဆိုးဝါးနံပါတ်ဆိုတာကို အခုပဲ ငါသိလိုက်ရလို့ မင်းတို့ဆီကို ချက်ချင်း ဖုန်းဆက်ပြောတာ။ camp ဝင်နေတဲ့ မိသွန်းကို လည်း ငါ ဖုန်းဆက်ပြောထားပြီးပြီ၊ ဒါပေမယ့် အခု မင်းက ဖုန်းရပြီး ပြီဆိုတော့ နောက်ကျသွားပြီ ဖက်တီး"

အုပ်စိုး အတည်ပြောနေမှုန်း ရိပ်မိ၍ ဖက်တီး ယုံကြည်သွား မိ၏။

"မင်း. . ဘာကိုပြောချင်တာလဲ အုပ်စိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုတစ်နေ့ညက မှုန်ကြီး အဲဒီဖုန်းနံပါတ်ကို ခေါ်လို့ရတာ ကို မင်း သိတယ်နော်"

"အေး. . မင်းပဲ မဖြစ်နိုင်ဘူး. . မယုံပါဘူးဆို"

"ဟုတ်တယ်. . ဒါပေမယ့် အခု ငါယုံကြည်သွားပြီ ဖက်တီး"

တဖြည်းဖြည်းနှင့် ဖက်တီး ရင်ခုန်လာမိ၏။

"ဘာတွေလဲ အုပ်စိုးရာ. . ငါနားလည်အောင် မင်း သေချာ ပြောစမ်းပါ"

"အေး. . မင်းနားလည်အောင် ရှင်းရှင်းပြောရရင် အဲဒီတနေ့ နံပါတ်ကို ခေါ်လို့ရတဲ့လူတိုင်း သေတယ်. . လူသားစားတက္ကသိုလ်က သေသွားတဲ့ ၅ယောက် အပါအဝင်ပေါ့. . ငါတို့သူငယ်ချင်း ရှိန်းသူ လည်း ကေတီဗီခန်းထဲမှာ တကယ်ဖုန်းခေါ်လို့ ရပြီး သေသွားတာ အခု. . မှုန်ကြီးလည်း သေသွားပြီ. . တဲ့၊ သူတို့ခွေမျိုးတွေထဲက တစ် ယောက် စောစောကပဲ ငါ့ကို ဖုန်းဆက် အကြောင်းကြားလို့ သိလိုက် ရတယ် ဖက်တီး"

"ဟင်. . ဒါ. . ဒါဆို. . ငါလဲ. . "

ဖက်တီးတစ်ယောက်. . ကြောက်စိတ်ကြောင့် အသံတွေပင် တုန်ယင်လာ၏။

"စိတ်အေးအေးထား ဖက်တီး. . ငါ မနက်ဖြန် မစ်ကီနဲ့သွား တွေ့မှ ဖြစ်တော့မယ်။ သူ ဒီကိစ္စတွေနဲ့ပတ်သက်ပြီး တစ်ခုခု သိကိုသိ ရမယ်။ အဲဒါဘာလဲဆိုတာကို ငါ့နည်းငါ့ဟန်နဲ့ ရအောင်ကြိုးစားဖော်





ထုတ်ပြီး အဖြေတစ်ခု ရအောင်ရှာခဲ့မယ်. . ဘာမှ မစိုးရိမ်နဲ့ ဖက်တီး အိပ်ပျော်အောင်သာ အိပ်လိုက်. . ငါတော့ စီစဉ်စရာရှိတာတွေ စီစဉ် လိုက်ဦးမယ်"

". . . ."

မစိုးရိမ်နဲ့ ဆိုသော်ငြားလည်း ဖက်တီးတစ်ယောက် အသံ ပင် မထွက်နိုင်တော့ပေ။

"ခြော်. . ငါတွေးမိသလောက်ပြောရရင် အဲဒီနံပါတ်က ဖုန်း ခေါ်တဲ့သူတွေကို အက်ဆီးဒင့်တစ်ခုခုပုံစံမျိုးနဲ့ သေအောင်သတ်တာ ဆိုတော့ ခုကစပြီး မင်း အိမ်ထဲက အိမ်ပြင် မထွက်နဲ့တော့. . ကျောင်း ကိုလည်း မလာခဲ့နဲ့. . ငါ တစ်ခုခုအဖြေရရင် မင်းအိမ်ကို ငါလာပြော မယ်. . ဒါမှမဟုတ် ဖုန်းဆက်ပြောမယ် သူငယ်ချင်း"

"ဒါနဲ့. . မှုန်ကြီးက ဘယ်လိုဖြစ်သွားတာတဲ့လဲ"

"ဒီကောင် စီးလာတဲ့ ကားက ဘရိတ်ပေါက်ပြီး ချောက်ထဲ ထိုးကျသွားတာလို့ ပြောတာပဲ. . နောက်မှ ငါသေချာပြောပြမယ် ဖက် တီးရာ. . အခု မစ်ကီနဲ့ မနက်တွေ့မယ့်ကိစ္စကို အစီအစဉ်ဆွဲလိုက်ဦး မယ်ကွာ"

အုပ်စိုးဘက်က ဖုန်းချပြီးသည်အထိ ဖက်တီး တစ်ယောက် ကြောင်ပြီး ရပ်နေမိသည်။

ဖုန်းကိုလည်း မချဖြစ်သေး။ လက်အစုံကလည်း တဆတ် ဆတ် တုန်ယင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲက ရှေးဟောင်းတိုင်ကပ်နာရီအိုကြီးကတော့ ည နာရီပြန် နှစ်ချက်တီးပြီဖြစ်ကြောင်းကို တာဝန်ကျေပွန်စွာ ထမ်းရွက်ဆောင် ပြသနေပြီ ဖြစ်လေတော့၏။

"ဒေါင်. . ဒေါင်"

◆





သတင်းဂျာနယ်အချို့မှာတော့ အောက်ပါသတင်းတစ်ပုဒ်က ခေါင်းကြီးပိုင်းနေရာမှာ အပြည့်နေရာယူထားသည်ကို တွေ့ရမည်ဖြစ် ပါသည်။

၁၇-၈-၂၀၁၃

**ရန်ကုန်မြို့မှထွက်ခွာလာခဲ့သော အဝေးပြေးမှန်လုံယာဉ်တစ်စီးသည် ဘရိတ်ပေါက်ပြီး ချောက်ထဲသို့ထိုးကျရာ အံ့သြဖွယ်ရာ လူတစ်ယောက်ပင် သေဆုံးခဲ့**

ရန်ကုန်မြို့မှ(. . . )မြို့သို့ထွက်ခွာလာခဲ့သော မှန်လုံယာဉ် တစ်စီးသည် အဝေးပြေးလမ်းပိုင်းတစ်နေရာတွင် ဘရိတ်ပေါက် ပြီး ချောက်ထဲသို့ထိုးကျရာ ယာဉ်မောင်းနှင့်စပယ်ယာအပါအဝင် ခရီးသည် ၅၂ယောက်တို့အနက်မှ ခုံနံပါတ် ၁၃တွင် စီးနင်းလိုက် ပါလာခဲ့သူ (. . . . . )တက္ကသိုလ်မှ မောင်ဖြိုးမင်းသူ(ခ)မှုန်ကြီး တစ်ယောက်သာသေဆုံးခဲ့ပြီး ကျန်ခရီးသည်များသည် အခြားထိ ခိုက်မှုတစ်စုံတစ်ရာမရှိကြောင်း တာဝန်ရှိသူများမှပြောကြားသည်။

၎င်းသေဆုံးသူ ဖြိုးမင်းသူ(ခ)မှုန်ကြီးသည် ၁၂-၈-၂၀၁၃ ရက် ည ၉း၃၀အချိန်တွင် ကားပြိုင်မောင်းရင်း မတော်တဆသေ ဆုံးသွားခဲ့သူ မောင်ရှိန်းသူနှင့်လည်း တစ်ကျောင်းတည်းနေ သူငယ် ချင်းများဖြစ်ကြောင်း အံ့သြဖွယ်ရာတွေ့ရှိရပြီး ဖြိုးမင်းသူ(ခ)မှုန်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဓါလက်ကိုင်ဖုန်းကိုဆက်လက်စစ်ဆေးရာ ကားဘရိတ်မပေါက်ခင် မိနစ်ပိုင်းအလိုမှာ သိန်းတစ်ထောင်အထိ ဆုကြေးငွေထုတ်ထားခဲ့သော *999*(ခ)ထူးဆန်းသောဖုန်းနံပါတ်တစ်ခုမှ ခေါ်ဆိုထားကြောင်း တွေ့ရှိရပြန်သည်။

လူသားစားတက္ကသိုလ်၏ ကျောင်းသူ/သား (၅)ယောက် သေဆုံးခဲ့မှုတွင်လည်း အလားတူ ဖုန်းနံပါတ်နှင့် ပတ်သက်နိုင်ကြောင်း သုံးသပ်ထားမိနေသောကြောင့် တာဝန်ရှိသူများမှာ ယခု သေဆုံးသူ (. . . . )တက္ကသိုလ်မှ ကျောင်းသား(၂)ယောက်အပါ အဝင်အဖြေရှာမရ ဖြစ်နေကြောင်းနှင့် ဖော်ထုတ် အကြံပြုနိုင်သူ မည်သူမဆိုကိုလည်း ဆုငွေသိန်းတစ်ထောင့်ငါးရာကျပ်အထိ တိုးမြှင့်ပေးမည်ဖြစ်ကြောင်း ယခုအချိန်ထိ အကြံပြုနိုင်သူ မရှိပါသေးကြောင်းနှင့် ၄င်းဖုန်းနံပါတ်ကိုလည်း အများပြည်သူများ (လုံး၀) မခေါ်ဆိုမိစေရန် တင်းကြပ်စွာ ကြေညာအမိန့်ထုတ်ပြန်ထားလိုက်ပြီဖြစ်ကြောင်း သတင်းရရှိပါသည်။

တက္ကသိုလ်ကျောင်းဝင်းထဲတွင်လည်း ကျောင်းသူကျောင်းသားများသည် ဂျာနယ်ပါ မတော်တဆမှုဖြစ်စဉ်များနှင့် ပတ်သက်ပြီး အမျိုးမျိုး ပြောဆိုသုံးသပ်နေကြလေ၏။

"ဒီနှစ်ထဲ တက္ကသိုလ်ကျောင်းသူကျောင်းသားတွေ ဘယ်လိုတွေဖြစ်နေကြလဲ မသိဘူး. . ဟိုဘက်တက္ကသိုလ်က ၅ယောက်၊ အခု





ငါတို့ကျောင်းက ၂ယောက်. . ပိုးစိုးပက်စက်တွေ သေကုန်ကြပြီ. . နောက်ထပ် သေဦးမှာလား မသိပါဘူးကွာ"

"ဒါနဲ့. . ဂျာနယ်တွေထဲမှာ မကြာခဏလိုလိုပါနေတဲ့ ဟိုဖုန်းနံပါတ်က တကယ်ပဲ လူတွေ လိုက်သတ်နေတာလား မသိဘူး"

"မပြောတတ်တော့ပါဘူးကွာ၊ အဲဒါကြောင့်လည်း ဆုငွေတွေ ထပ်တိုးထားတာနေမှာပေါ့"

". . . . . "

". . . . . "

ကန်တင်းများတွင်လည်း အထက်ပါအကြောင်းကိစ္စကိုသာ ပြောဆိုနေကြသည်ကိုတွေ့ရ၏။ အခြားဂျာနယ်မဂ္ဂဇင်းများတွင်လည်း

* ကျိန်စာသင့်နေသော တက္ကသိုလ်များ
* ဒုတိယ လူသားစားတက္ကသိုလ်
* မယုံကြည်နိုင်အောင် များပြားလာခဲ့သော မတော်တဆသေဆုံးမှုများ
* *999*ရဲ့ နောက်ထပ်ပစ်မှတ်က ဘယ်သူများလဲ။
* အဓိပ္ပာယ်မဲ့သော ဖုန်းနံပါတ်တစ်ခုရဲ့ ရက်စက်ခြင်း
* တရားခံ ဘယ်သူလဲ. . . .

စသည်ဖြင့် ခေါင်းစဉ်အမျိုးမျိုးဖြင့် ရေးသားဖော်ပြထားကြလေ၏။

◆



www.burmeseclassic.com

www.burmeseclassic.com

ဥက်ပဲမျှားတဲ့ လမ်းမှာ
အချစ်က 'လောင်းကြေး'တဲ့.....။
တကယ်ဆိုရင်
ကိုယ့်အဖြစ်က တိမ်တွေပေါ်ကို တက်ပြီး
အိပ်မက်ပျောက်ကို ရှာနေခဲ့ရသလိုမျိုး.....။



(N)

တက္ကသိုလ်ဝန်း၏ 'ချစ်သူ့ပန်းခြံ'ဟု . အသတ်မှတ်ခံထားရသောပန်းခြံထဲတွင် ဖြစ်သည်။ သစ်ပင်ကြီးတစ်ပင်အောက်ရှိ ခုံတန်းလေးပေါ်တွင် ကြွက်အမှတ်တံဆိပ်အင်္ကျီကိုဝတ်ဆင်ထားသော ကောင်မလေးတစ်ယောက်သည် စာအုပ်တစ်အုပ်ကို သဲကြီးမဲကြီးဖတ်နေလေ၏။ ဂျာနယ်တစ်စောင်ကို ကိုင်ဆောင်ထားသော လူငယ်တစ်ယောက်သည် သူမ စာဖတ်နေရာသို့ လျှောက်လှမ်းလာခဲ့ပြီး သူမနောက်နားလေးတွင် အသာရပ်လိုက်သည်။ ချစ်သူကို ကျီစား စ,နောက်ရန် တိတ်ဆိတ် ချဉ်းကပ်လာသည်ဟု သင်တို့ တွေးထင်မိပါက အမှားကြီးမှားသွားပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် သူတို့နှစ်ဦးသည် သူငယ်ချင်းအဆင့်ကိုပင် ပီပီပြင်ပြင်မရောက်ရှိကြသေးသော မစ်ကီနှင့် ခေတ်အုပ်စိုးတို့ ဖြစ်နေကြ၍ပင် ဖြစ်၏။

"ရှင်ရောက်လာမယ်လို့ ကျွန်မသိသားပဲ၊ ရှင့်သူငယ်ချင်းတွေအတွက် ကျွန်မ တကယ်ပဲ စိတ်မကောင်းပါဘူး"

သူမက လှည့်မကြည့်ဘဲ ကြိုသိနေသည့်အလား စာအုပ်ဖတ်မပျက် ဆိုလာခဲ့သည်ကြောင့် အုပ်စိုး တွန့်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ဂျာနယ်ထဲမှာ ဖတ်လိုက်ရတယ်. . ရှင်တို့က ကျွန်မ စကားကိုမှနားမထောင်ကြပဲကိုး. . . အခုတော့ ကျွန်မရဲ့တစ္ဆေနက္ခတ် နဲ့ တစ္ဆေနံပါတ် *999*ကို ရှင်တို့ ယုံပြီမို့လား"

သူမအသံက တည်ငြိမ်လွန်းလှ၏။

"ဟူး"

အုပ်စိုးက သက်ပြင်းတစ်ချက်ကို ခပ်ဖွဖွချပြီး သူမနှင့် မျက် နှာချင်းဆိုင်အနေအထားသို့ ရောက်လာခဲ့ပြီး

"ဟုတ်တယ်၊ အဲဒီနံပါတ် တကယ်ရှိတယ် ဆိုတာကို ကျွန် တော် လက်ခံသွားပြီ ဒါပေမယ့်. . . "ဟုဆိုတာ စကားစကို ရပ်ထာ လိုက်သည်ကြောင့် သူမရဲ့. . စိုလဲ့ရည်ရွှမ်းနေသည့်မျက်ဝန်းအစုံနှ အကြည့်ချင်း ဆုံမိသွားသည်။

"ဆက်ပြောလေ. . ဒါပေမယ့်. . ဘာဖြစ်လဲ အုပ်စိုး"

"ဒါပေမယ့်. . မစ်ကီရဲ့ တစ္ဆေနက္ခတ် ဆိုတာကိုတော့ ကျွ တော် လက်မခံနိုင်သေးဘူး"

သူမက မဲ့သလို အပြုံးတစ်ချက်နှင့်အတူ

"ရှင်က အတော်ပြောရခက်တဲ့လူပဲ၊ ရှင်တို့တွေ ဒီလောက အထိအဖြစ်ဆိုးတွေနဲ့ ကံဆိုးနေတာကိုပဲ မယုံကြည်နိုင်သေးဘူးလား"

"တခြားသူတွေတော့ ဒီအခြေအနေအရ ယုံကြည်ချင် ယုံ ကြည်နေကြလိမ့်မယ် ကျွန်တော်ကတော့. . . "

သူမက အုပ်စိုးစကားမဆုံးခင် တမင်ပဲ ဖြတ်ပြောပစ်လိုက်၏





"ဒါကတော့ ရှင်. . သက်သက်ခေါင်းမာနေတာပဲ၊ ဒီမယ်. . ကျွန်မ ပွင့်ပွင့်လင်းလင်းပဲပြောမယ်. . ကျွန်မနဲ့ နောက်ထပ်မပတ်သက် ပါနဲ့တော့. . ကျေးဇူးပြုပြီး ကျွန်မစကားကို နားထောင်ပေးပါ။ ဒီလို အဖြစ်ဆိုးတွေအတွက် ကျွန်မ ဘယ်လောက်အထိ စိတ်ထိခိုက်ခံစား နေရလဲ ရှင်တို့သိရဲ့လား. . "

သူမအသံက တောင်းပန်သံဘက်သို့ အနည်းငယ်ယိမ်းနွဲ့နေ သည်ကို အုပ်စိုး သတိထားမိလိုက်သည်။

"ဒါဆို. . ကျွန်တော့်ဘက်ကလည်း မစ်ကီနားလည်သဘော ပေါက်အောင် ပြောစရာရှိတာကို ပွင့်ပွင့်လင်းလင်းပြောပြရတာပေါ့ဗျာ"

"ဘာကိုလဲ"

မျက်ဝန်းနှစ်ခု လဲ့ကာနဲလင်းပြီး ဆုံမိကြ၏။ အတော်ကြာမှ. . အုပ်စိုးက

"အမှန်အတိုင်း ဝန်ခံရရင် အခုအချိန်မှာ မစ်ကီ ပြောသမျှ စကားလုံးတိုင်းကို ယုံကြည်ခေါင်းညိတ်ချင်တာပါ"

ဘာကိုဆိုလိုချင်မှန်း သူမ မသိ။

အုပ်စိုး စကားသံတွေကတော့ ညင်းသွဲ့ပျော့ပျောင်းနေ၏။

"မစ်ကီပြောတဲ့ တစ္ဆေနံပါတ်ဆိုတာကိုလည်း ကျွန်တော် ယုံ ကြည်တယ်၊ မစ်ကီဟာ တစ္ဆေနက္ခတ်ပိုင်ရှင်ဆိုတာကိုလည်း ကျွန်တော် ယုံကြည်တယ်၊ ဒါပေမယ့် အဲဒါတွေကို ကျွန်တော့်နှလုံးသားက လုံးဝ လက်မခံနိုင်ဘူးဖြစ်နေတယ် မစ်ကီ"



www.burmeseclassic.com

www.burmeseclassic.com



ခေတ်အုပ်စိုး၏စကားလုံးအသွားအလာတွေကို သူမ ခြေ<br>
ရှာနေမိ၏။ အဓိပ္ပာယ်တစ်ခုခုကို ရိပ်ကနဲ သဘောပေါက်မိသလိုတော<br>
ရှိနေမိသည်။ သို့သော်. . အဖြေက မသေချာသေး။

"မစ်ကီနဲ့ဆက်နွယ်ပတ်သက်ခဲ့သူတိုင်း အခုလိုအဖြစ်ဆိုးတွေ<br>
ကြုံတွေ့နေရတာကလည်း လက်တွေ့ပဲ၊ ဒါပေမယ့်. . ကျွန်တော့်စိ<br>
က မစ်ကီနဲ့ အရမ်းပတ်သက်ချင်နေတယ်။ ကျွန်တော့်ကံတွေ မညံ<br>
ဆိုးပေသွားပါစေ၊ ကျွန်တော် ဘာကိုမှ ဂရုမစိုက်ဘူး။ အရှင်းဆုံးပြော<br>
ရရင်. . မစ်ကီနဲ့ဆက်ပတ်သက်လို့ ကျွန်တော်သေဆုံးသွားမယ်ဆို<br>
တောင်. . ကျွန်တော် ကြည်ဖြူနိုင်တယ် မစ်ကီ"

အုပ်စိုးရင်တွင်းက သွန်းအံ့ပွင့်ထွက်ကျလာသည့် ခံစားချ<br>
ဝါကျတွေအောက်မှာ သူမနှလုံးခုန်သံတို့ ဆူဝေ လှုပ်ရှားနေမိတာ<br>
တော့ သူမ တိတ်တဆိတ်ဝန်ခံလိုက်မိ၏။ သို့သော်. .

"ရှင်. . ရူးနေတာလား ခေတ်အုပ်စိုး"

"ဟုတ်တယ် မစ်ကီ. . ကိုယ် မင်းကိုချစ်လွန်းလို့ ရူးသွားပြ

"ဘာ"

ချစ်ခြင်းဖွဲ့မယ်လိုဒီတစ်ခု၏ ဖမ်းစားညှို့ယူခံလိုက်ရမှုကြော<br>
သူမ 'ဘာ'သံက မပီပြင်လှ. . .။ သူမ စိတ်လှုပ်ရှားနေမိ၏။

"အဓိပ္ပာယ်မရှိလိုက်တာ"

"အချစ်နဲ့ပတ်သက်လာရင် ကိုယ့်အတွက်တော့ အားလုံးဟာ<br>
အဓိပ္ပာယ်ရှိနေတယ် မစ်ကီ"





"ရှင်. . ကျေးဇူးပြုပြီး ထွက်သွားပေးပါ၊ ကြာလာရင်. . ရှင် ကံဆိုးလာလိမ့်မယ်"

"မင်းနဲ့ ပတ်သက်ခွင့်လေးရဖို့အတွက်. . ကိုယ့်အသက်ကို တောင် ရင်းနိုင်တယ်လို့ ပြောပြီးပြီပဲ မစ်ကီရယ်"

သူမမျက်နှာပေါ်တွင် ခံစားချက်အချို့ကြောင့် ရှက်ရွံ့မှု၏ ယှက်အစုံ တွဲခိုငေ့ဂ်ဒနေလေ၏။

"မဖြစ်နိုင်ပါဘူး၊ လုံးဝကို မဖြစ်နိုင်ပါဘူး. . ခေတ်အုပ်စိုး"

"ဘာကြောင့်လဲ"

"ရှင် သေသွားနိုင်တယ်ဆိုတာ. . နားလည်ရဲ့လား"

"မင်းပါးစပ်က ချစ်တယ်ဆိုတဲ့ စကားသံသဲ့သဲ့လေးနဲ့တောင် ငါ ရဲကြီးသေရဲတယ် မစ်ကီ"

"ဩော်. . ခက်လိုက်တာ အုပ်စိုးရယ်"

သူမအသံမှာ နူးညံ့မှုတို့ ပါဝင်နေ၏။

ရှင် ကျွန်မကို အဲသလောက်ထိအောင် ချစ်မိနေသတဲ့လား။

"ဘာမှ အခက်တွေ့စရာမရှိပါဘူး မစ်ကီရယ်. . ကိုယ့်ကိုပြန် ချစ်ပေးရုံပါပဲ"

"နေစမ်းပါ ခေတ်အုပ်စိုး. . ရှင်က အခုမှ. . ကောက်ခါငင်ခါ ဘာ အရူးထလာခဲ့ရတာလဲ"

အနေအထားအရ သူမမေးခွန်းက အထူးသင့်လျော်လှ၏။

"အချစ်မှာ အကြောင်းပြချက်မရှိပါဘူး မစ်ကီရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို. . ရှင့်ကို ကျွန်မ မေးမယ်"

မျက်ဝန်းချင်း ဆုံမိကြပြန်၏။

"ရှင့်ဘဝအတွက်. . ကျွန်မက ဘယ်လောက်အထိ အရေး အရာရောက်နေလို့ ဒီလိုစကားမျိုး ပြောထွက်ရတာလဲ"

သူမစကားအဆုံးမှာ အုပ်စိုးက ခပ်ဖွဖွ တစ်ချက်ပြုံးလိုက် ပါသည်။

ပြီးမှ သူမကို

"မင်း အခု မျက်လုံးမှိတ်ကြည့်လိုက်ပါ မစ်ကီ"ဟု ဆိုင်းမဆ ငံ့မဆင့်ပြောချလိုက်၏။ သူမကလည်း ယောင်နနနှင့် မျက်လုံးကိုမှိတ် ထားလိုက်သည်။

"ဟုတ်ပြီ. . မင်း အခု ဘာကိုမြင်ရလဲ. . မစ်ကီ"

"ဟင်"

အုပ်စိုးမေးခွန်းက တကယ်ပဲ ကသောက်ကပြောက်နိုင်လွ လှ၏။ မျက်လုံးမှိတ်ထားသူတစ်ယောက်ကိုမှ ဘာမြင်ရလဲဟု မေးရ လိုက်လေခြင်း။

"ဖြေပါ. . မစ်ကီ"

"ဟင့်အင်း. . ကျွန်မ ဘာကိုမှ မမြင်ရပါဘူး။ အရာအား မှောင်မဲနေတာပဲ"

စကားအဆုံးမှာ အုပ်စိုးက ကြည်ကြည်စင်စင်ကြီးပြုံးလို ပြီး -





"ဟုတ်တယ်. . အဲဒါ. . မင်းမရှိတဲ့ ငါ့ဘဝရဲ့နေ့ရက်တွေပါပဲ မစ်ကီ"ဟု ခပ်ဆွေးဆွေးလေး ပြောချလိုက်တော့ သူမမျက်နှာပေါ်က ဝန်းနုရောင်ဖြတ်မျဉ်းတစ်ကြောင်းနှင့်အတူ အာမေဍိတ်သံတစ်ခုသာ လွတ်ကျလာခဲ့နိုင်၏။

"အို"

"ကိုယ့်ဘဝအတွက်. . မစ်ကီက အဲသလောက်အထိ အရေး ပါ အရာရောက်ပါတယ်. . ကျေးဇူးပြုပြီး. . ကိုယ့်အချစ်ကို လက်ခံပေး ပါနော်"

သူမ မည်သို့တုန့်ပြန်ရမည် မသိတော့။ အုပ်စိုးမျက်နှာကိုသာ တရှိုက်မက်မက် ငေးကြည့်နေမိ၏။

အားမလိုအားမရ ဖြစ်လာဟန်တူသည့် ခေတ်အုပ်စိုးက သူမ လက်တစ်ဖက်ကို ဆွဲယူဆုပ်ကိုင်ပစ်လိုက်ပြီး

"ကိုယ့်ကို ပြန်ချစ်ပေးပါ မစ်ကီရယ်. . "

သို့သော်. . .

သူမ၏တုန့်ပြန်မှုစကားလုံးတို့ကတော့ လုံးဝ ကဗျာမဆန်လှ ပါ။

"ရှင့်ကို. . ကျွန်မ မသေစေချင်ဘူး အုပ်စိုး"

"ဟင်"

"ဟုတ်တယ်. . ကျွန်မနဲ့ပတ်သက်ပြီး ရှင့်ကို ဘာတစ်ခုမှထိ ခိုက်စေချင်ဘူး။ အဲဒါ ကျွန်မရင်ထဲက စကားပဲ၊ ဒါကြောင့်. . ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



နဲ့မပတ်သက်ချင်ပါနဲ့ ပြီးတော့. . တစ္ဆေနံပါတ်ကိုလည်း ဘယ်တော့မှ မခေါ်မိပါစေနဲ့"

အုပ်စိုးက သွားလေသူ ကိုသားကြီးအထာနှင့် သူမမျက်နှာကို နူးညံ့ခြင်းမျက်ဝန်းအစုံနှင့်စေ့စေ့ကြည့်ပြီး သက်မတစ်ချက်ကို ဟန်ပါပါ ချလိုက်ပြီး

"မစ်ကီ. . အဲဒီနံပါတ်က ဘာလဲ. . ဘာကြောင့် မစ်ကီ့ခံစားချက်အားလုံးကို အဲဒီဖုန်းနံပါတ်က ချုပ်ကိုင်လွှမ်းမိုးထားနေရတာလဲ"

သူမက မျက်လုံးအစုံကို စက္ကန့်အနည်းငယ်မျှ မှိတ်ထားလိုက်ပြီး အသက်ကို ခပ်ပြင်းပြင်း တစ်ချက်ရှူသွင်းလိုက်၏။ ပြီးမှ အုပ်စိုးမျက်နှာကို စူးစိုက်ကြည့်လိုက်ပြီး ပြောပြသည်။

"ဟုတ်ပြီလေ. . ရှင်နားလည်သဘောပေါက်အောင် *999* နဲ့ပတ်သက်တဲ့အကြောင်းအရာအားလုံးကို ကျွန်မပြောပြမယ်။ ကျွန်မ သိထားသလောက်ပေါ့. . ရှင် သေချာနားထောင်ပါ အုပ်စိုး. . ဘာလို့ ခုလို ရှင့်ကို ပြောပြရသလဲဆိုတာကိုရော သိလား"

သူ(အုပ်စိုး) ရိုးသားစွာနဲ့ပဲ ခေါင်းညိတ်ပြလိုက်သည်။ သူမကတော့ လွင့်ကနဲ တစ်ချက်ပြုံးလိုက်ပြီး ဆက်ပြောပြ၏။

"ရှင့်ကို ဘာမှ မဖြစ်စေချင်လို့ပဲ"

"ဩော်"

"တကယ်တော့ *999* က . . . . . . . . . . ."

◆



(၀)

အိမ်ထဲက အိမ်အပြင်သို့ လုံးဝမထွက်ရဲရှာသော ဖက်တီးတစ်ယောက် အိမ်ထဲမှာ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်နေရ၏။

သိပ်မက်မောလှသော General Gameကိုပင် မဆော့နိုင်အား။ ထိုင်ရမလို ထရမလိုပုံစံနှင့် ဟိုတွေး ဒီတွေး တွေးကာ တောင်လျှောက် မြောက်လျှောက်လုပ်နေမိတာ တစ်နေ့ခင်းလုံးပင်ဖြစ်သည်။

ထိုစဉ် အသံတစ်ခုကြောင့် ဖက်တီးတစ်ယောက် တုန်တက်သွားမိ၏။

♫ ဒူမတ်ဂျာလေး × × ဒူမတ်ဂျာလေ × × ရော့× ×ရော့ ♫

Phone Ringtone သံတစ်ခုဖြစ်သည်။

ခေတ်အုပ်စိုးဖုန်းဖြစ်သဖြင့် ဖက်တီး အမြန်ကိုင်လိုက်၏။

"ဟယ်လို အုပ်စိုး. . အခြေအနေထူးရဲ့လား၊ ငါ တကယ်ပဲ သေတော့မှာလား ဟင်"

"သိပ်မစိုးရိမ်နဲ့တော့ ဖက်တီး. . ငါ *999*ရဲ့ လျှို့ဝှက်ချက်တချို့ကို မစ်ကီ့ဆီက သိခဲ့ရပြီ"

"တကယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖက်တီး အတော်အားတက်သွားသည်။

"အေး. . ဒါပေမယ့်. . မင်းကိစ္စကျ နည်းနည်းခက်တယ်. . ဖက်တီး"

"ဟင်"

ဖက်တီး အတော်အားလျော့သွားပြန်၏။

"ငါ နားလည်အောင် သေချာရှင်းပြပါဦး အုပ်စိုးရာ"

"ဒီလိုကွာ. . အဲဒီတရွေ့နံပါတ်က ညတစ်နာရီမှာ ဖုန်းခေါ် လူတိုင်းကို လိုချင်တာတစ်ခု ဒါမှမဟုတ် သိချင်တဲ့ အကြောင်းအ တစ်ခုကို ဖြည့်ဆည်းပေးနိုင်တယ် တဲ့. . တစ်ညကိုလည်း တစ်ယော ပဲ ခေါ်ဆိုလို့ ရနိုင်မယ်"

"အင်း"

"ပြီးတော့ ဖုန်းခေါ်သူရဲ့အလိုဆန္ဒကို ဖြည့်ဆည်းပေးပြီး တော့ *999*က ဖုန်းပြန်ခေါ်ပြီး သူလိုချင်တာကို ပြန်တောင်းဆို တဲ့. ."

"သူက ဘာပြန်တောင်းတာလဲ"

ဖက်တီးအသံက အမောတကော နိုင်လွန်းပါ၏။

"အဲဒါတော့ ခေါ်တဲ့လူပဲ သိမှာတဲ့. . ဒါပေမယ့်. . ငါတွေ့ သလောက်ကတော့ တောင်းဆိုမှုတွေကို *999*က ဖြည့်ဆည်းပေး ရင် ဖုန်းပြန်ခေါ်တယ်၊ ပြီးတော့. . အက်ဆီးဒင့်တစ်ခုခုနဲ့ ဖုန်းအခေါ် ခံရတဲ့လူတွေ သေကုန်ကြတာပဲ၊ ဥပမာ-ရှိန်းသူကို ကြည့်ကွာ"





". . . ."

"ဒါပေမယ့်. . လွတ်လမ်းတော့ရှိတယ်"

"ဘာလဲ အုပ်စိုး"

"*999*ကို တောင်းဆိုထားတဲ့အရာကို ကိုယ်က လက်မခံလိုက်ဘူးဆိုရင်တော့ ကိုယ့်ကို ဘာအကျိုးသက်ရောက်မှုမှ မရှိနိုင်ဘူးလို့ မစ်ကီက ပြောတယ်။ ဥပမာ-ရှိန်းသူသာ သူလိုချင်လို့ တောင်းဆိုခဲ့တဲ့ GTR ဖြိုင်ကားကို မယူဘူး၊ လက်မခံခဲ့ဘူးဆိုရင် သူ ဘာမှဖြစ်မှာ မဟုတ်ဘူး"

"ဒီ. . ဒီလိုဆို. . ငါ့အတွက်ကျတော့ရော"

"အေး. . အဲဒါကြောင့် မင်းအတွက်က ခက်တယ်လို့ ပြောတာပေါ့. . မင်းက ပစ္စည်းတို့ ငွေကြေးတို့ တောင်းဆိုထားတာ မဟုတ်ဘူးလေ. . စိတ်ကျဖို့ တောင်းဆိုထားတာ"

နှစ်ယောက်သား စက္ကန့် အနည်းငယ်မျှ နှုတ်ဆိတ်သွားကြသည်။

တစ်စက္ကန့်. .

နှစ်စက္ကန့်. . .

သုံးစက္ကန့်. . .

"ဒါ. . ဒါဆိုရင်. . ငါ စိတ်ကျလို့ မရဘူးပေါ့ ဟုတ်လား. . အုပ်စိုး"

ဖက်တီးအသံက တုန်ယင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဖက်တီး. . ခုချိန်ကစပြီး မင်း လုံးဝ ဝိတ်ကျ မဖြစ်တော့ဘူး၊ အဲဒါက မင်းအတွက် တစ်ခုတည်းသော နည်းလမ်း

". . . . . "

"နောက်. . ငါတွေးမိတာ တစ်ခုတော့ရှိသေးတယ်. . အဲ ဘာလဲဆိုတော့ *999*က ဖြည့်ဆည်းပေးပြီးရင် ဖုန်းပြန်ခေါ်တယ် ဆိုတော့ သူ ဖုန်းပြန်ခေါ်လို့ မရအောင် မင်းလုပ်ထားရမယ်. . ခုချိန် က စပြီး. . မင်းဖုန်းကို Power Off ထားလိုက်ကွာ"

"အေး"

"စိတ်ကို အေးအေးထားပြီး အကောင်းဆုံး ပြင်ဆင်ကြိုးစား ကြတာပေါ့ကွာ"

"အေး. . သူငယ်ချင်း၊ ငါ ဖုန်းကိုလည်း ပြောပြီးတာနဲ့ ပိတ် မယ်. . ပြီးတော့. . ဝိတ်မကျအောင်လည်း ကြိုးစားမယ်၊ ဒါနဲ့ ဒီအဖြ အပျက်တွေက တကယ်အသေအချာပဲလား၊ ပြီးတော့. . ဒီအကြောင်း အရာတွေကို မစ်ကီက ဘာကြောင့်. . ခုမှ ပြောရတာလဲ. . သူ အစ ကတည်းက ငါတို့ကို ပွင့်ပွင့်လင်းလင်းပြောပြသင့်တယ်. . အခုတော့ အားလုံး ဒုက္ခရောက်ကုန်ပြီ"

"မဟုတ်ဘူး. . မစ်ကီက ဒီလို့ဝှက်ချက်တွေကို ဘယ်သူ့ကို မှ ပြောတာမဟုတ်ဘူး. . ငါ မာယာတချို့နဲ့ သိမ်းသွင်းပြီးမှ သိခဲ့ရတာ ကွ၊ ဒါပေမယ့်. . သူ တစ်ခုခုကို ခုထိ ဖုံးကွယ်ထားတုန်းပဲဆိုတာ ငါ သိတယ်။ အဲဒါ ဘာလဲဆိုတာ. . ငါရအောင် ဖော်ထုတ်မယ်၊ ကဲ. . ထ





မင်းပြင်ဆင်စရာရှိတာ ပြင်ဆင်တော့ ဖက်တီး. . ပြီးတော့. . ငါလည်း အဲဒီကိစ္စကို အဆုံးသတ်ဖော်ထုတ်နိုင်ဖို့အတွက် ခရီးတစ်ခု အရေးတကြီး သွားစရာရှိနေတယ်"

"အေး. . အေး"

ဖက်တီးတစ်ယောက် ဖုန်းချပြီးသည်နှင့် အုပ်စိုး အကြံပြုသည့် အတိုင်း ဖုန်းကို အရင်ဆုံးပိတ်ထားလိုက်သည်။

နောက်. . အခန်းထောင့်က ပေါင်ချိန်စက်ပေါ်သို့. . တက် ကြည့်လိုက်၏။

၁၉၈ ပေါင်။

Resultကိုကြည့်ပြီး ဖက်တီး ခေါင်းတစ်ချက်ညိတ်လိုက်ပြီး ရေခဲသေတ္တာဆီ အကြည့်ရောက်သွားမိသည်။

နောက်တော့. . ရေခဲသေတ္တာထဲမှာရှိသမျှ စားသောက်စရာ များကို စားပွဲပေါ်သို့ထုတ်တင်ထားလိုက်ပြီး ခုံတစ်လုံးမှာ ဝင်ထိုင်လိုက် သည်။

"ဟူး"

သက်ပြင်းတစ်ချက်ကို ခက်ခက်ခဲခဲ ချလိုက်ပြီး အောက်ပါ အတိုင်း တီးတိုးရွတ်ဆိုလိုက်ပြီး ဟန်ဘာဂါတစ်ခုကို လက်လှမ်းယူလိုက် လေတော့၏။

"ငါ. . ဝိတ်ကျလို့ လုံးဝမဖြစ်ဘူး"

◆



www.burmeseclassic.com

www.burmeseclassic.com

(P)

City Hall မှာ အခြားတက္ကသိုလ်မှလက်ရွေးစင်အလှမယ်များနှင့်အတူ camp သွင်း လေ့ကျင့်နေရသော မိသွန်းတစ်ယောက် မနက်မှာ ယှဉ်ပြိုင်ရတော့မည့် ပြိုင်ပွဲကြီးအတွက် အထူးစိတ်လှုပ်ရှားပြီး အိပ်မပျော်ဖြစ်နေမိသည်။

သူမ အကောင်းဆုံးလေ့ကျင့်ကြိုးစားထားသည်။ သို့သော် 'ပထမ'ဆိုသည့်နေရာကို လိုချင်ပေမယ့် မိမိကိုယ်ကို မချင့်မရဲခံစားနေရ၏။

သူမ အိပ်မပျော်သည့်ကြောင့် လမ်းထလျှောက်နေမိသည်။ ညသန်းခေါင်ကိုကျော်လာသည်အထိ သူမ အိပ်ယာထဲ မဝင်ဖြစ်သေး နောက်တော့ မနက်ပြိုင်ပွဲဝင်ရင် မျက်တွင်းတွေ ကျနေမှာကို တွေးမိပြီး အိပ်ယာဝင်ရန် ဆုံးဖြတ်လိုက်သည်။

ပြီးမှ Toiletဝင်ရန် သတိရမိပြီး ကော်ရစ်တာအတိုင်းထွက်လာခဲ့သည်။

Toilet ကိုရောက်တော့ အရင်ရောက်နှင့်နေသည့် 'ပန်းသော်တာ'နှင့်တွေ့ရ၏။ သူမလည်း အိပ်မပျော်ပုံပင် ဖြစ်သည်။





ပန်းသော်တာက သူမကိုကြည့်ပြီး -

"ခါးနံပါတ် (၉)ပိုင်ရှင် သွန်းခကြယ် ထင်တယ်"ဟု စကားစလာသဖြင့် သူမ ပြန်ပြောလိုက်ရ၏။

အသိုင်းအဝိုင်း တောင့်တင်းပြီး အသားလွတ် အောက်ခြေလွတ် ဘဝင်မြင့်နေသည့် ပန်းသော်တာကို အမှန်တော့. . သူမ လုံးဝကြည့်မရပါ။ သို့သော် လူမှုရေးအရ သူမ ကောင်းကောင်းမွန်မွန်ပြန်ဖြေပေးလိုက်ပါသည်။

(ယခုပြိုင်ပွဲအတွက် ပထမနေရာမှာ ရေပန်းစားနေသူလည်း ဖြစ်ပါသည်။)

"ဟုတ်ပါတယ်. . ကျွန်မ သွန်းခကြယ်ပါ"

"အိပ်လို့မပျော်ဖြစ်နေပုံ ရတယ်နော်. . ဩော်. . တို့ကိုတော့ သိတယ်မို့လား. . အားလုံးက ထင်ကြေးဝိုင်းပေးနေကြတဲ့ ပန်းသော်တာလေ"

"ဩော်. . ဟုတ်ကဲ့. . သိပါတယ်၊ ပြီးတော့. . ဘယ်သူ့သမီးလဲဆိုတာကိုပါ သိပါတယ်"

သူမ တမင်ပဲ ခပ်ရွဲ့ရွဲ့ပြောပစ်လိုက်မိသည်။

ဟုတ်တယ်လေ. . ကိုယ့်ကို ဘလိုင်းကြီးလာကြောနေတာမို့လား. . .

"ဒါနဲ့. . သွန်းခကြယ်ရော. . ဒီပွဲမှာ ဘယ်သူသရဖူရမယ်လို့ ထင်မိလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း. . ကျွန်မ မပြောတတ်ဘူး၊ ပြီးတော့. . အဲလို. အပိုအလုပ်တွေကိုလည်း စိတ်မဝင်စားဘူး"

သူမစကားအဆုံးမှာ ပန်းသော်တာက ကိုရီးယားမင်းသမီး တစ်ယောက်အိုက်တင်ကို အပြည့်ယူပြီး ရှိသမျှကို လှုပ်လှုပ်ရယ်နေ ၏။

နောက် -

"ဒါဆိုရင်. . ဒီကတစ်ယောက်ကရော ကိုယ့်ကိုယ်ကို သ ရမယ်လို့ ထင်မထားဘူးပေါ့"

"ဒီမယ်. . ကျွန်မကက ဘယ်သူရရ ဂရုမစိုက်ဘူး၊ အားလ အတွက် မုဒိတာပွားပေးနိုင်တယ်. . ဒီပြိုင်ပွဲမှာ ကျွန်မ အကောင်း ကြိုးစားပြီး ရိုးရိုးသားသား ယှဉ်ပြိုင်မှာပါ. . ဒါပေမယ့် တစ်ခုတော့ တယ်. . Honesty is the best ? တဲ့. . ရိုးသားခြင်းဟာ အကောင် ဆုံးမူဝါဒပဲ. . ကျွန်မရဲ့အောင်မြင်မှု၊ ရှုံးနိမ့်မှုဟာ ကျွန်မရဲ့ကြိုးစား result ပဲ. . ရွေးချယ်ရမှာက ဒိုင်တွေရဲ့အလုပ်၊ အဲဒီအတွက် ဘ ရလဒ်ကိုမဆို ကျွန်မ လိပ်ပြာသန့်နိုင်ပါတယ်. . ပန်းသော်တာ"

"အို. . ဒါဆိုရင်. . တို့ကို မရိုးမသားယှဉ်ပြိုင်နေတယ်လို့ လိုတာလား. . ဒီမယ် သွန်းခကြယ်. . ပြိုင်ပွဲဆိုတာ အရှုံးနဲ့အနိုင် မျိုးနဲ့ရပ်တည်နေတဲ့အရာပဲ. . လူတွေအားလုံးကလည်း နိုင်တဲ့သူ ပဲ လက်ခုပ်တီးမှာပဲ. . တို့က လက်ခုပ်သံကို မြတ်နိုးတယ်၊ နောက်. . တို့ဘဝမှာ အရှုံးဆိုတာ လုံးဝမရှိစေရဘူး"





သူမတို့နှစ်ယောက် Toilet အဝမှာ မတ်တတ်ရပ်ပြီး တစ်ယောက်ကိုတစ်ယောက် စူးစူးနစ်နစ်စိုက်ကြည့်နေကြ၏။

သွန်းခကြယ်(ခ)မိသွန်းကတော့ ဘာစကားမှထပ်မပြောချင်တော့လောက်အောင်ကို ပန်းသော်တာကို ရွံရှာနေမိပြီဖြစ်သည်။

"ဒီမယ်. . သွန်းခကြယ်. . ဦးချို ရှိတဲ့ သတ္တဝါက သူ့ဦးချိုအားကိုးနဲ့ယှဉ်ပြိုင်မယ်၊ လက်သည်းရှိတဲ့ သတ္တဝါကလည်း လက်သည်းကို အားကိုးမှာပဲ. . အေး. . ငွေကြေးတောင့်တင်းတဲ့သူတွေကလည်း သူလိုချင်တဲ့အနိုင်ရဖို့အတွက် ငွေကြေးကို အားကိုးမှာပဲ. . အဲဒါ. . အမှားမဟုတ်ဘူး၊ အပြစ်မဟုတ်ဘူး၊ အဲဒါ. . မတူညီတဲ့လူတွေရဲ့ ကံကြမ္မာအတွက် ဘုရားက သီးခြားစီပေးထားတဲ့ ဆုလာဘ်ပဲ၊ ဒီအတွက် ဘာကိုမှမနာလိုဖြစ်မနေပါနဲ့ သွန်းခကြယ်. . OK! See you morning. Good luck and good night."

ပန်းသော်တာက ခနိုးခနဲ့ပုံစံအချို့နှင့် အထက်စီးဆန်ဆန်ပြောဆိုပြီး ထုံးစံအတိုင်း ရှိသမျှခန္ဓာကိုယ်အစိတ်အပိုင်းအတော်များများကို လှုပ်ခါရင်း ထွက်သွားလေ၏။

"ဟွန်း. . တောက်. . ."

သူမ အတော်ဒေါသထွက်နေမိသည်။ လက်တွေပင် တဆတ်ဆတ်တုန်ယင်နေ၏။

ဒါ. . ဘာအချိုးမျိုးလဲ. . ပန်းသော်တာ.

ထိုစဉ် နံရံတစ်ခုမှနာရီဆီသို့ သူမအကြည့်ရောက်သွားမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . တစ်နာရီတောင် ထိုးတော့မှာပါလား" -

အတွေးနှင့်အတူ တစ်စုံတစ်ခုကို သူမ သတိရမိသွားသည်၊ တစ္ဆေနံပါတ်. . .

*999* . . .

ည တစ်နာရီ. . .။

သူမ မိုဘိုင်းဖုန်းလေးကို ထုတ်ကိုင်လိုက်ပြီး လုပ်သင့် မလုပ်သင့် စဉ်းစားနေမိ၏။

ပန်းသော်တာ၏ လှောင်ပြုံးများ. . အထက်စီးဆန်လှသော စကားလုံးများ. . .

ခေတ်အုပ်စိုး၏ သတိပေး မှာကြားထားမှုများ. . . ရှိန်းသူ ပြောခဲ့ဖူးသော စကားများ. . .။

"မစ်ကီက တစ်ဆင့် *999* ရဲ့သော့ချက်ကို ငါသိခဲ့ရတယ်။ ပြီးတော့. . အဲဒီကပဲ ငါလိုချင်တာကို ဖန်တီးပေးလိုက်တယ်လေ"

သူမ အံတစ်ချက်ကြိတ်လိုက်မိသည်။ နောက်. . သူမအာရုံထဲမှာ ပန်းသော်တာ့မျက်နှာနှင့်စကားသံတို့က ပျံ့လွင့်နေပြန်၏။

"အေး. . ငွေကြေးတောင့်တင်းတဲ့သူတွေကလည်း သူလိုချင်တဲ့ အနိုင်ရဖို့အတွက်. . ငွေကြေးကို အားကိုးမှာပဲ. . အဲဒါ. . အမှားမဟုတ်ဘူး၊ အပြစ်မဟုတ်ဘူး၊ အဲဒါ. . မတူညီတဲ့လူတွေရဲ့ ကံကြမ္မာအတွက် ဘုရားက သီးခြားစီပေးထားတဲ့ ဆုလာဘ်ပဲ"

သူမ ခေါင်းကို စိတ်ရှုပ်ထွေးစွာ ခါရမ်းပစ်လိုက်၏။





နာရီလက်တံအစုံကတော့ တရွေ့ရွေ့နှင့် တစ်နာရီအတိကို ညွှန်ပြရန် ကြိုးစားချီတက်နေကြလေ၏။

တစ်မိနစ်. . .။

သူမ သက်ပြင်းတစ်ချက် ခပ်ရှည်ရှည်ဆွဲချလိုက်သည်။

"ဟူး. . ."

နှစ်မိနစ်. . .။

သူမ မျက်လုံးကို မှိတ်ပြီး ခေါင်းတရမ်းရမ်းဖြစ်နေရ၏။

သုံးမိနစ်. . .။

သူမ ပြုံးလိုက်သည်။ လှဲလှဲကလေးပင် ပြုံးခြင်းဖြစ်၏။

လေးမိနစ်. . .။

. . . . .          . . . . .

ငါးမိနစ်. . . . .။

◆



www.burmeseclassic.com

www.burmeseclassic.com

(၉)

ည (၂) နာရီထိုးသည်အထိ ဖက်တီးတစ်ယောက် အိပ်လို့ မပျော်နိုင်သေး. . .

တစ်စုံတစ်ရာ စိုးရိမ်ပူပန်မှုကြောင့် သွေးက အလိုလို ထိတ်လန့်နေ၏။

ဝိတ်ကျသွားမှာကိုလည်း သေမတတ်စိုးရွံ့နေမိသည်ကြောင့် မကြာခဏဆိုသလို ပေါင်ချိန်စက်ပေါ် သို့လည်း တက်,တက်ချိန်ကြည့်ရသေးသည်။

တစ်နာရီခြား တစ်ခါ ဆိုသလို ဝိတ်တိုးလာစေမည့် ထောပတ်ဆီဥများနှင့် juice မျိုးစုံတို့ကိုလည်း ကြိတ်မှိတ်စားသောက်နေရသေးသည်။ တစ်ညလုံး မပြတ်တမ်းစားသောက်ထားရသည်ကြောင့် ဗိုက်ကလည်း အင်တော်ကို ပူဖောင်းနေပြီဖြစ်၏။

မိနစ်အနည်းငယ်မျှကြာလာချိန်မှာတော့ ဖက်တီးဗိုက်က ဆူဆူပူပူ သောင်းကြမ်းလာခဲ့ပြီဖြစ်ပါသည်။

"အာ. . ဗိုက်တွေ ရစ်, ရစ်နာလိုက်တာ. . ဟာ. . မရတော့ဘူး. ."





ဖက်တီးတစ်ယောက် ဖင်ကင်လေးကို ပိတ်ပြီး toilet ထဲသို့ အမြန်ပြေးဝင် ဖြေရှင်းလိုက်ရ၏။

"ဗွက်. . ဗွမ်း. . . အီး. . . အား"

အတွင်းခေတ်ပြုမှုက အတော်များပုံ ရသည်။ နားချိန် မရှိ လောက်အောင်ကို တဗွမ်းဗွမ်းနှင့် ပန်းထွက်နေရှာ၏။ ဖက်တီး တစ်ယောက် ပိုးစိုးပက်စက်ကြီးကို ဝမ်းပျက်ဝမ်းလျှောဖြစ်နေပါသည်။

ဒါဟာ. . နွားနို့စိမ်းတွေရဲ့ လက်ချက်လား. . သီးစုံပဲကုလားဟင်းအစွမ်းလား. . Morning Breakfast က မုန့်ဟင်းခါးလား. . .

ဟင့်အင်း. . သူ အဖြေမထုတ်နိုင်ပါ။

"ဗွမ်း. . အား. . ."

toilet ထဲမှာ အချိန်အတော်ကြာခဲ့ပြီဖြစ်သည်။ ထိုင်ရလွန်း၍ ခါးတွေပင် ညောင်းလှပြီ။ ကိစ္စက ခုထိမပြီးပြတ်နိုင်သေး. . .

စားထားသမျှကို ဗိုက်ထဲမှာ အရည်ဖျော်ပြီး ရေစုပ်စက်နှင့် မောင်းထုတ်နေသည့်အလား. . .

"အိုး. . ကျွတ်. . ကျွတ်"

အနည်းငယ် ပါးသွားချိန်မှာတော့ ကိုယ်လက်သန့်စင်ပြီး သူ အားယူ ထ,လိုက်၏။

"အို"

သူ. . တစ်ချက် ယိုင်သွားသည်။ ဝမ်းသွားထားသည့်ဒဏ်ကြောင့် ခေါင်းက ရိုပ်ခနဲ မူးမိုက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဟန်ချက်ညီအောင် မနည်းထိန်းပြီး toilet အပြင်ကို ထွက်
လိုက်သည်။ လူပုံက ခပ်ယဲ့ယဲ့. . ခပ်ပျော့ပျော့သာ ကျန်တော့သည်
နောက်. . တစ်စုံတစ်ခုကို သတိရပြီး ပေါင်ချိန်စက်ပေါ် သို့ တက်ကြည့်
လိုက်၏။

"ဟင်. . ."

သူ ခေါင်းနပမ်းကြီးသွားရသည်။

"ဒါ. . မဖြစ်နိုင်ဘူး. . . မဖြစ်ရဘူး"

သူ. . အထိတ်တလန့်ရှေ့ရွှတ်ပြီး ပေါင်ချိန်စက်ပေါ်က ဆင်း
လိုက်သည်။ နောက်. . . ပြန်တက်ပြီး နောက်တစ်ကြိမ် ထပ်ချိန်ကြည့်
လိုက်မိသည်။

Result ကတော့ ပထမအကြိမ်အတိုင်း. . လုံးဝမပြောင်းလဲ

195 lb

"ဟာ. . ငါ ကိုယ်အလေးချိန်တွေ ကျသွားပါလား. . မဖြစ်
ဘူး. . ဒီလိုဖြစ်လို့မရဘူး"

သူ. . အသင့်တွေ့ရသည့် ရေသန့်ဗူးအလွတ်စားကလေး
ကြောက်ကြောက်လန့်လန့်ဖြင့် အကုန်မော့သောက်ပစ်လိုက်သည်။

သို့မှ အခြေအနေက ပိုဆိုးသွား၏။ အနည်းငယ် ငြိမ်သက်
နေသည့် အတွင်းဖြစ်စဉ် မှတ်ပြုမှုတစ်ခုကို ထိုရေသန့်များက သွား
ရောက်.စ,နောက်သလိုဖြစ်သွားပြီး သူ့ ဗိုက်တွေ ရစ်လာပြန်၏။

"အား. . မရတော့ဘူး"





သူ toilet ထဲ ပြန်ရောက်သွားပြန်သည်။ အခြေအနေက. .
အတော်ဆိုးလွန်းပါသည်။ လူကိုလည်း ပျော့ဖတ်နုံးခွေသွားစေ၏။

"ယွး... ဘုရား. . ဘုရား. ."

မိနစ်တချို့ ပျက်သုဉ်းသွားချိန်မှာတော့ သူ အပြင်ထွက်ပြီး
ပေါင်တစ်ခါ ချိန်ကြည့်မိပြန်သည်။

193 lb

သူ မျက်လုံးပြူးနေမိသည်။

မဖြစ်ဘူး. . .

ဖက်တီးတစ်ယောက် ဗီရိုထဲမှာ ရှိနေသည့် ပေါင်မုန့်တစ်ထုပ်
ကို ထုတ်ပြီး အတင်းမျိုချစားသောက်နေ၏။

ထိုစဉ်. . .

"ကလင်ကလင်. . . ကလင်ကလင်. ."

ဖုန်းမြည်သံတစ်ခု. . .။

သူ သေချာနားစွင့်ကြည့်တော့ ဧည့်ခန်းက ကြိုးဖုန်းမြည်သံ
ဖြစ်၏။ ဒါ. . ဘယ်သူ့ဖုန်းလဲ. .

ဖေဖေ့ဆီကများလား. . .။ အရေးကြီးကိစ္စတစ်ခုခုလား. .

ဒါမှမဟုတ်. . .

"ကလင်ကလင်. . ."

ဖုန်းကတော့ အဆက်မပြတ်မြည်နေဆဲပင် ဖြစ်သည်။

သူလည်း ဖုန်းကို ကိုင်သင့် မကိုင်သင့် စဉ်းစားချိန်ချိန်ရင်း



www.burmeseclassic.com

www.burmeseclassic.com



တွေဝေနေမိ၏။ နောက်ဆုံးတော့ သူ ဆုံးဖြတ်ချက်တစ်ခုကို အားတင်းချလိုက်ပြီး ကောက်ကိုင်ပစ်လိုက်သည်။

"ဟယ်လို. ."

"ဟယ်လို. . ."

တစ်ဘက်က ကြက်သီးထဖွယ်ရာ ဩရှရှအသံကြီးကြောင့် သူ ဆတ်ကနဲတုန်သွားပြီး ဖုန်းကို အလျင်အမြန်ချပစ်လိုက်ရ၏။

"*999* ရဲ့အသံပဲ"

သူ အံတော်ချောက်ချားနေမိသည်။ သူက ငါ့အိမ်ဖုန်းနံပါတ်ကို ဘယ်လိုသိနေတာများလဲဟုလည်း တွေးလိုက်မိသည်။

ထိုစဉ် ဖုန်းပြန်မြည်လာသဖြင့် သူ ခေါင်းမွေးပင် ထောင်သွားမိသည်။

"ကလင်ကလင်. . ."

မဖြစ်ဘူး. . မဖြစ်တော့ဘူး. . ။ ငါ ဘာလုပ်ရမလဲ. . .

သူ့ဦးနှောက်ခိုင်းစေမှုအရ ဖုန်းပလပ်ကြိုးကို အမြန်ဆွဲဖြုတ်ပစ်လိုက်၏။ ဖုန်းမြည်သံလည်း ရပ်တန့်သွားလေတော့သည်။

သို့မှ သူလည်း သက်ပြင်းကို ခပ်ရဲရဲချနိုင်တော့သည်။

"ဟူး. . တော်ပါသေးရဲ့"

သို့သော်လည်း. .

"× × ဒူမတ်ဂျာလေး× ×ဒူမတ်ဂျာလေ× × ရော့××ရော့"

"ဟင်"





သူ့ဘောင်းဘီအိတ်ထဲမှ phone ringtone သံ ဖြစ်နေ၏။

"ငါ စက်ပိတ်ထားတာပါ"

သူ ဇဝေဇဝါနှင့် စက်ပိတ်ထားသော မိုဘိုင်းဖုန်းလေးကို ဆွဲထုတ်ကြည့်လိုက်မိသည်။

အို. . .

*999*

screen ပေါ်က အထက်ပါမြင်ကွင်းကြောင့် သူ အသက်ရှူရပ်မတတ် ထိတ်လန့်အံ့ဩသွားသည်။

"ငါ စက်ပိတ်ထားတာပဲ၊ ဒါ. . ဘယ်လိုဖြစ်ရတာလဲ"

သူ တွေးရင်း သွေးပျက်နေမိ၏။ ဖုန်းကို သူ မဖြေရဲပါ။

ရုတ်တရက် စိတ်၏စေစားမှုကြောင့် တစ်စုံတစ်ခုကို သူပြုမူလိုက်မိသည်။

"ကဲကွာ"

"ခွပ်"

သူ့မိုဘိုင်းဖုန်းလေးကို ကြမ်းပြင်ပေါ်သို့ ပစ်ပေါက်ခွဲပစ်လိုက်၏။ Handset ကလေးကတော့ တစ်စစီကွဲထွက်သွားပြီး Ringtone သံ ပြတ်တောက်သွားသည်။

"မြည်ဦးလေ. . ဟားဟား. . ဟား. . ငါ့ကို ဘယ်တော့မှဖုန်းခေါ်လို့ မရစေရဘူးကွ. . ဟားဟား. . ဒီလို လွယ်လွယ်နဲ့လည်း ငါ မသေနိုင်ဘူး. . ဟား. . . ဟား. ."



www.burmeseclassic.com

www.burmeseclassic.com



သူ သွေးပျက်ခြောက်ကပ်စွာ ဟားတိုက်ရယ်မောရင်း အ
တင်းထားလိုက်သည်။

သို့သော်. . .

“ဟယ်လို. . သင် ဝိတ်ကျသွားအောင်. . ဖြည့်ဆီးပေးလို
ပါပြီ”

“ဟင်. . ဒါ. . ဘယ်ကအသံလဲ”

အံ့ဩတုန်လှုပ်စိတ်နှင့် အသံထွက်ပေါ်ရာနေရာကို သူ
ကြည့်မိတော့ အံ့ဩဖွယ်ရာ. . မယုံကြည်နိုင်ဖွယ်ရာ အဖြေတစ်ခု
တွေ့ရှိရ၏။

Handset အတွင်းမှ ကြိုးသေးသေးလေးနှင့်ဆက်သွယ်ထား
သော စပီကာသေးသေးလေးတစ်လုံးထံမှ ဖြစ်သည်။

သည်လောက် ကွဲကြေစုတ်ပြတ်သတ်နေသော ဖုန်းမှ
ဆန်းစွာ အလုပ်လုပ်နေသည်ကြောင့် သူ. . နားမလည်နိုင်ဖြစ်နေ
ချွေးသီးချွေးပေါက်အချို့ပင် မျက်နှာပေါ်မှာ တွဲလွဲခိုနေ၏။

“ခင်. . ခင်ဗျားက ဘယ်သူလဲ. . ဘာလိုချင်လို့လဲ. . .
ကြောင့် ဖုန်းဆက်နေတာလဲ”

သူ့ဝါကျတွေက ဆောက်တည်ရာမဲ့. . တရစပ်. . ။

“သင့်အလိုကို ဖြည့်ပြီးပြီဆိုတော့. . ကျွန်ုပ်အလိုကို ပြန်
ပေးဖို့. . အလှည့်ကျလာပါပြီ”

စကားအဓိပ္ပာယ်က ဘာလဲ. .





သူ ဘာကိုလိုချင်တာလဲ. .

“ခင်ဗျား. . ကျွန်တော့်ဆီက ဘာလိုချင်တာလဲ. . ပြော. .
ကျွန်တော် ဘာလုပ်ပေးရမလဲ”

ဖြေသာ ဖြေနေရပေမယ့် သူ့မျက်နှာက သွေးမရှိတော့သည့်
ဟပ်ဖြူတစ်ကောင်လို ဆွတ်ဆွတ်ဖြူနေခဲ့ပြီဖြစ်သည်။

“ကျွန်ုပ်လိုချင်တာကတော့ သင့်ရဲ့အသက်ပါပဲ”

“ဗျာ. . .”

◆



www.burmeseclassic.com

www.burmeseclassic.com

(R)

City Hall အတွင်းရှိ stage စင်တစ်ခုပေါ်တွင် တက္ကသိုလ်ပေါင်းစုံ၏အလှမယ်လေးများသည် စတီရီယိုသံစဉ်တစ်ခုနှင့်အတူ အလှည့်ကျ catwalk လျှောက်နေကြလေ၏။

မိမိတို့တွင်ရှိသော အချိုးအဆစ်များကို အထူးပေါ်လွင်စေရန် ဂရုတစိုက်ယှဉ်ပြိုင်နေကြသည်ကို အောက်မှညှော့ပရိသတ်များနှင့်အတူ ဒိုင်လူကြီး (၅)ဦးကလည်း ကြည့်ရှုအကဲဖြတ်ပေးနေသည်ကို တွေ့ရ၏။

မိသွန်းက စင်မြင့်ထက်မှာ ယှဉ်ပြိုင်ရင်း ပရိသတ်ထဲကို ငွေ့ဝဲကြည့်ရှုပြီး သူငယ်ချင်းဖြစ်သူများကို ရှာဖွေကြည့်လိုက်သည်။

မတွေ့. . . .

ခေတ်အုပ်စိုးကို မတွေ့ရသလို. . ဖက်တီးကိုလည်း အစပင် ရှာမတွေ့။

သူမ ပါဝင်သည့်ပြိုင်ပွဲတစ်ခုမှာ အရင်းနှီးဆုံးသူငယ်ချင်းတွေကိုတော့ လာအားပေးစေချင်ပါသည်။

ယခုတော့. . .





ပြိုင်ပွဲရက်ကို မေ့နေတာများလား ဟု တွေးမိသောကြောင့် သူမ ပွဲမစခင်က ဖုန်းဆက်ကြည့်သေးသည်။

အုပ်စိုးက ခရီးသွားနေရာကနေ ယခုပြိုင်ပွဲအမီ ပြန်လာမည်ဖြစ်ကြောင်းပြောပြီး အခုထိ ပေါ်မလာနိုင်သေး။

အုပ်စိုးက ဘယ်ခရီးကို သွားရတာလဲ. . ဘာအတွက်လဲ. . ဘာကြောင့်လဲ. . . ။

သူမ မသိ။ ပြီးမှ မေးကြည့်ရဦးမည်။

ဖက်တီးကိုတော့ သူမ တော်တော်စိတ်တိုနေမိပါသည်။ လူလည်း လာဖော်မရ။ ဖုန်းလည်း ဆက်ဖော်မရ။

သူမ ပြန်ခေါ်ကြည့်တော့လည်း စက်ပိတ်ထားပါသည်တဲ့။

ဟွန်း. . . တွေ့ဦးမယ်. . . ။

ပြီးတော့. . သူငယ်ချင်းတွေကို သူမ တိုင်ပင်ဆွေးနွေးစရာလည်းရှိ၏။ ခက်တာက ခုထိ တစ်ယောက်မှပေါ်မလာကြသေး။

"ဟုတ်ကဲ့. . အစီအစဉ် နံပါတ်(၇)အရ ပြိုင်ပွဲဝင်အလှမယ်လေးရဲ့ ရမှတ်ကို ဒိုင်လူကြီးများက တွက်ချက်နေတဲ့အချိန်မှာ အသုံးတော်ခံဖို့ အလှည့်ကျလာသူလေးကတော့ တက်သစ်စအဆိုတော်လေး နောင်လွင်ရဲ့အလှည့်ပဲ ဖြစ်ပါတယ်ရှင်"

"ဖြောင်း. . . ဖြောင်း"

Presenter မမတစ်ယောက်ရဲ့ကြေငြာသံအဆုံးမှာ ခန်းမတစ်ခုလုံး လက်ခုပ်သံတွေ ဟိန်းဟိန်းညံသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ပြိုင်ပွဲဝင် အလှမယ်ကလေးများကတော့ နောက်ခန်းထဲမှာ အနားယူရင်း ထွက်ရှိလာမယ့် resultအတွက် ရင်ခုန်နေကြရလေ၏။

အလှမယ်သရဖူပိုင်ရှင်က ဘယ်သူများလဲ. . .

အားလုံးပဲ အတွေးကိုယ်စီနဲ့ ရင်ခုန် စိတ်လှုပ်ရှားနေမိကြသည်။

သူမက အုပ်စိုးတို့များ အချိန်မီရောက်လာဦးမလားဆိုသည့် အတွေးနှင့် ဟိုဟိုဒီဒီ ငေးမောကြည့်နေမိသည်။

ထိုစဉ် သူမနှင့်ပန်းသော်တာတို့ မရည်ရွယ်ပါဘဲ မျက်လုံးချင်း ဆုံမိသွား၏။ ပန်းသော်တာက သူမကို မခိုးမခန့်ပုံစံနှင့် မျက်ခုံးပင့်ပြနေသည်။

သူမ အတော်တင်းသွားမိသည်။ သို့သော်. . လူလိမ္မာအမျက် အပြင်မထွက်ဆိုသလို သူမ သည်းခံလိုက်ပြီး အပြုံးနှင့်တုန့်ပြန်လိုက်၏။ နောက်. . . အကုသိုလ်တွေ ထပ်ပွားနေရမည်ကြောင့် ရည်ရွယ်ချက်မပါဘဲ toilet ထဲသို့ ဝင်ခဲ့မိသည်။

ကိုယ်လက်သန့်စင်ပြီးတော့ သူငယ်ချင်းတွေကို သတိရ၍ သူမ ဖုန်းခေါ်ကြည့်လိုက်၏။

"တူ. . . . တူ. . . တူ. . . "

လိုင်းဝင်သွား၏။ တော်တော်နှင့်မကိုင်သေး။ အတော်ကြာမှ အုပ်စိုးအသံကို ကြားရ၏။

"ဟယ်လို. . မိသွန်း. . နင် အဆင်ပြေရဲ့လား"





သူမ စိတ်တိုတိုနှင့် ဘုဂလန့်ပင် ဖြေပေးလိုက်ပါသည်။

"မပြေဘူးဟေ့. . လုံးဝ မပြေဘူး"

"ဘယ်လိုတွေ ဖြစ်နေလို့လဲ"

အုပ်စိုးအသံက လိုအပ်သည်ထက် အနည်းငယ်ကျယ်လောင်နေ၏။

"ဟဲ့. . ဖြည်းဖြည်းပြောပါဟဲ့. . ငါ့နားက အကောင်းကြီးပါ"

"ငါ. . စိတ်ပူလို့ပါ မိသွန်းရာ"

"အပိုတွေ ပြောမနေစမ်းပါနဲ့ အုပ်စိုးရာ. . ကိုယ့်သူငယ်ချင်းရဲ့ပွဲကိုတောင် လာအားပေးဖော် မရဘဲနဲ့. . ဟိုကောင် ဖက်တီးပုတ်လည်း အတူတူပဲ. . ဖုန်းတောင် စက်ပိတ်ထားသေးတယ်"

"မိသွန်း"

အုပ်စိုးအသံက တစ်စုံတစ်ခုကို ပြောချင်နေမှန်း ပေါ်လွင်လှသည်။

"ငါ. . အခု ဖက်တီးတို့အိမ်ရှေ့ကို ရောက်နေတာ. . ခရီးက ရောက်ရောက်ချင်း နင့်ပွဲကို လာမလို့ပါပဲ. . ဒါပေမယ့် သတင်းတစ်ခုကြောင့် ငါ. . ဖက်တီးတို့အိမ်ကို အရင်သွားလိုက်ရတယ်"

"ဟဲ့. . နင့်စကားက ဘယ်လိုကြီးလဲ. . မထိတ်သာမလန့်သာ ရှိလိုက်တာဟယ်"

သူမ တကယ်ပဲ နားမလည်နိုင်သဖြင့် ပြန်မေးလိုက်မိ၏။

"ဖက်တီးတို့အိမ်. . ညက မီးလောင်သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟမ်"

သူမ တကယ်ပဲ အံ့ဩနေမိသည်။ ဒါ. . ဘယ်လိုဖြစ်ရတာ တဲ့လဲ. . ။

"ဟုတ်တယ် မိသွန်း. . မီးထဲမှာ ဖက်တီးလည်း ပါသွားတယ်"

အုပ်စိုးအသံက နွမ်းလျလွန်းလှပါ၏။

"တကယ်ပဲလား. . . အုပ်စိုးရယ်"

"ဟုတ်တယ်. . *999* က ဖက်တီးကို သတ်ပစ်လိုက်တာပဲ၊ ငါ အချိန်မီ ဖုန်းဆက်တားဆီးခဲ့ပေမယ့် ဒီကောင်က ဖုန်းခေါ်ပြီးဖြစ်နေပြီ. . လုံး၀နောက်ကျသွားပြီ. . အဲ့ဒီဖုန်းနံပါတ်က တကယ်ပဲ တစ္ဆေဖုန်းနံပါတ်ပဲ"

". . . . . . . ."

မိသွန်း ဘာစကားမှ မတုန့်ပြန်နိုင်တော့။ မတ်တတ်မေ့သလို ငြိမ်သက်သွား၏။

"ဟယ်လို. . မိသွန်း၊ ငါပြောတာ ကြားလား. . နင်လည်း. . လုံး၀ အဲ့ဒီနံပါတ်ကို မခေါ်မိစေနဲ့နော်. . တကယ်အန္တရာယ်ရှိတယ်၊ ပထမ. . ရှိန်းသူ၊ နောက်. . မှုန်ကြီး. . ခု. . ဖက်တီး၊ အားလုံး accident နဲ့သေကုန်ကြပြီ. . ဂက်စ်အိုးပေါက်တာလိုလို. . လျှပ်စစ်ရှော့ဖြစ်တာလိုလို ပြောနေကြတယ်. . ဘယ်ကစပြီး မီးလောင်တယ် မသိပါဘူးဟာ"

". . . . ."





"ဟယ်လို မိသွန်း၊ ဘာဖြစ်နေတာလဲ စကားပြန်ပြောဦးလေ"

အတော်ကြာမှ သူမ ခပ်လေးလေးကြီး ပြန်ဖြေပေးလိုက်၏။

"အုပ်စိုး၊ ငါ. . ငါလည်း ညက အဲ့ဒီဖုန်းကိုခေါ်လိုက်မိတယ်"

"ဘာ"

သူမရဲ့ကြောက်ရွံ့ထိတ်လန့်စွာနဲ့ ဖြေလာတဲ့ စကားသံအဆုံးမှာ အုပ်စိုး'ဘာ'သံက သွေးပျက်မှုကို ဖော်ညွှန်းနေ၏။

"ငါ. . ငါ. . ဘယ်လိုလုပ်ရမလဲဟင်"

"မိသွန်း. . ညက *999* ကို နင်ဘာတောင်းဆိုလိုက်သလဲ၊ မြန်မြန်ဖြေ"

"ဒီပွဲမှာ ပထမရဖို့ ငါ တောင်းဆိုလိုက်မိတယ်"

"အခု နင်တို့ပြိုင်ပွဲက ပြီးပြီလား"

"အေး"

"ဟာ. ."

အုပ်စိုး အတော် စိတ်ဓာတ်ကျသွားရသည်။

"ပြိုင်လို့တော့ ပြီးပြီ. . ဒါပေမယ့် ဆုကြေညာဖို့အတွက် ဒိုင်တွေ အမှတ်ပေါင်းနေတုန်း"

"ဆုကြေငြာဖို့ အချိန်ဘယ်လောက်လိုဦးမယ်ထင်လဲ"

". . . . . ."

အုပ်စိုးမေးခွန်းတွေကို သူမ နားမလည်နိုင်ပါ။ စိတ်ထဲမှာလည်း ရှုပ်ထွေးကြောက်လန့်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"မိသွန်း. . နင့်အသက်အတွက် အရေးကြီးတယ်. . မြန်မြန် ဖြေစမ်းပါ"

သို့မှ ထစ်ထစ်အအနှင့် သူမက ပြောလာခဲ့၏။

"နာရီဝက်လောက်တော့ စောင့်ရဦးမယ်ထင်တယ်. ."

"OK, နင် အဲဒီမှာပဲ နေ၊ ငါ ခုချက်ချင်းလာခဲ့မယ်. . ဘာမှ မစိုးရိမ်နဲ့. . နင် ဘာမှမဖြစ်စေရဘူး"

"အုပ်စိုး. . နင် မြန်မြန်လာခဲ့ပါ. . ငါ. . ငါကြောက်တယ်"

"အေးပါ. . ငါ ခုချက်ချင်း ထွက်လာနေပြီ. . ဆယ့်ငါးမိနစ်အတွင်း ငါအရောက်လာခဲ့မယ်"

ပြောပြီး အုပ်စိုးက ဖုန်းချသွား၏။ သူမမှာသာ ဖုန်းကိုကိုင်ပြီး ဘာလုပ်ရမည်မသိ ဖြစ်နေရ၏။

သူမ သေရတော့မှာလား. . .

အတွေးက သူမရင်အစုံကို ဆောင့်ခုန်စေ၏။ သူမစိတ်ထဲမှာ လက်ရှိအခြေအနေအရ ပြိုင်ပွဲကိုလည်း သတိမရနိုင်အားတော့. .

ခေါင်းတွေ ထူပူကာ. . မျက်ရည်တွေသာ ဝဲနေမိသည်။

"ငါ. . ဘာလုပ်ရပါ့မလဲ. . အုပ်စိုးရယ် နင် မြန်မြန်လာပါတော့"

stage ပေါ်မှာတော့ တက်သစ်စအဆိုတော်ကလေး နှောင်လွင်ကြားက ပါဖော့မန့်အပြည့်နှင့် အပီဟစ်လို့နေဆဲပင်ဖြစ်လေတော့၏။

◆



(၆)

City Hall ရှေ့သို့ အဝါရောင်တက္ကစီတစ်စီး ထိုးရပ်လာ၏။ ကားပေါ်မှလူငယ်တစ်ဦးသည် ကားရပ်သည်နှင့် အလျင်စလိုဆင်းပြီး City Hall အတွင်းသို့ အပြေးဝင်ရောက်သွားလေသည်။

သူသည် ခေတ်အုပ်စိုးဖြစ်၏။

ခန်းမဆောင်ကို တစ်ဖက်လမ်းမှဖြတ်ဝင်သွားပြီး မိသွန်းတို့ရှိရာအခန်းဘက်သို့ သူဆက်ထွက်လာခဲ့၏။

အခန်းထောင့်ချိုးတစ်ခုတွင် သူ့အလာကို ထွက်မျှော်နေသော မိသွန်းကို မျက်နှာငယ်လေးနှင့်အသင့်တွေ့လိုက်ရသည်။

"အုပ်စိုး"

"မိသွန်း. . ငါပြောတာကို သေချာအရင်ဆုံးနားထောင်. . အဲဒီ တစ္ဆေဖုန်းနံပါတ်က လိုချင်တာကို ဖြည့်ဆည်းပေးပြီးရင် အသက်ကို ပြန်ယူတာ"

". . . ."

မိသွန်းမျက်နှာက ဟန်မဆောင်နိုင်လောက်အောင်ကို ဖျက်ယွင်းနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် သူ့ဖြည့်ဆည်းမှုကို ကိုယ်က လက်မခံလိုက်ဘူး ဆိုရင်တော့ ဘာမှ မဖြစ်နိုင်ဘူး မိသွန်း. . အခု. . နင်က ဒီပြိုင်ပွဲရဲ့ သရဖူကို ရယူနိုင်ဖို့ တောင်းဆိုထားတာဆိုတော့. . နင် ဒီဆုကို လုံးဝ လက်ခံယူလို့ မဖြစ်ဘူး"

"ဟင်"

"ဟုတ်တယ်. . နင် လက်ခံလိုက်ရင်. . နင်. . . "

အုပ်စိုး ပြောလို့မထွက်ပါ။

သူ့ရင်ထဲမှာလည်း စိတ်ထိခိုက်မှုများစွာနှင့် မွန်းကြပ် တစ်ဆို့နေလေ၏။

"ဒါ. . . ဒါဆို. . ငါ ဘာလုပ်ရမလဲဟင်"

"အေး. . အခု နင်လုပ်ရမှာက အမှတ်ပေးတဲ့ဒိုင်တွေဆီကို သွားပြီး နင့်ကို ဒီပထမဆုနေရာကို ရွေးချယ်ထားရင် ပယ်ဖျက်ပေးဖို့ သွားပြောရမှာပဲ"

မိသွန်းက ခပ်မြန်မြန်ခေါင်းညိတ်ပြပြီး ကြောင်စီစီနှင့်ရပ်နေသဖြင့် အုပ်စိုးက စိတ်မရှည်ဖြစ်ပြီး -

"ဘာကြောင်ပြီးရပ်နေတာလဲ. . သွားကြမယ်လေ မိသွန်း. . အချိန်သိပ်မရတော့ဘူး"

ဟု ဆိုကာ. . လက်ကို ဆွဲပြီး ခန်းမဆောင်ထဲသို့ မပြေးရုံတမယ် ထွက်လာခဲ့ကြသည်။

ခန်းမဆောင်ထဲကိုရောက်တော့ စင်ပေါ်က Presenter မမ





က ဘာဟာသတွေ ပြောနေသည်မသိ။ အောက်က ညှော်ပရိသတ်တွေက တဝါးဝါးတဟားဟားနှင့် ပွဲကျနေကြသည်။

သူတို့နှစ်ယောက်မှာတော့ ဆီးရွက်သာသာမျက်နှာငယ်လေးဖြင့် ဒိုင်များရှိရာနေရာသို့ ခပ်သုတ်သုတ်ကလေး ထွက်လာခဲ့ရ၏။

ထိုစဉ် stageပေါ်မှPresenterမမက မိုက်ခရိုဖုန်းအကူအညီဖြင့် ဝါကျအချို့ကို ~ည်ငြိမ်ပြတ်သားစွာ ဖွင့်ထုတ်ပြောကြားနေ၏။

"ဟုတ်ကဲ့ပါရှင်. . သက္ကရာဇ် ၂၀၁၃ခုနှစ်ရဲ့ တက္ကသိုလ်ပေါင်းစုံ အလှမယ်ပြိုင်ပွဲမှာ အလှသရဖူကို ထိုက်ထိုက်တန်တန်ရရှိသွားသူကတော့. . . "

ခန်းမတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားကြသည်။

အုပ်စိုးနှင့်မိသွန်းတို့လည်း ဒိုင်တွေနား အရောက်မှာ ဘာဆက်လုပ်ရမည်မသိ ဖြစ်ကုန်ကြ၏။

ဟိုက ဆု ဘယ်သူဘယ်ဝါ ရတယ် ဆိုတာကို ကြေငြာပေးတော့မည် မဟုတ်ပါလား. . .

"မိသွန်း"

"ဟင်"

မိသွန်းအသံက တုန်ယင်အက်ကွဲနေ၏။

"ငါတို့ အချိန်မမီတော့ဘူး. . နင် stage ပေါ်ကို ခုချက်ချင်းပြေးပြီး တားဆီးမှရမယ်. . သူ နာမည်ထုတ်မကြေငြာခင်. . နေအောင်လုပ်. . သွား. . ခုချက်ချင်း သွားတော့"



www.burmeseclassic.com

www.burmeseclassic.com



သူ ပြောရင်း မိသွန်းကို တွန်းလွှတ်လိုက်မိ၏။

မိသွန်းကလည်း အသက်အန္တရာယ်အတွက် ဘာကိုမှထည့်တွက်မနေတော့ဘဲ အားရှိသလောက် ပြေးထွက်သွားရှာပါသည်။

မိသွန်းတော့ မသိ. . . တိတ်ဆိတ်လှသော ခန်းမကျယ်ကြီးအတွင်းမှာ အုပ်စိုးတစ်ယောက် သူ့အသက်ရှူသံကို သူပင် ပြန်ကြားနေရ၏။

ပြေး. . မိသွန်း. . စင်ပေါ်ကိုမြန်မြန်ရောက်အောင်သာ ပြေး

သို့သော်. . .

အရာ. . . အားလုံးတို့ဟာ တခမ်းတနားပြီးဆုံးသွားစေခဲ့ပြီဖြစ်၏။

". . . . တက္ကသိုလ်ရဲ့ ခါးနံပါတ် (၉)ပိုင်ရှင်. . သွန်းခကြယ်ပဲ ဖြစ်ပါတယ်ရှင်"

မရဏကြေငြာသံတစ်ခု. . .

သို့မဟုတ်. . . သေမိန့်တစ်ခု. . ။

မိသွန်းနားထဲမှာ ဗုံးကွဲသလို ကျယ်လောင်သွား၏။ ရင်ထဲမှာလည်း အရှင်လတ်လတ် နှလုံးသားအစုံကို ဆွဲညှစ်ခံလိုက်ရသလို စူးစိုက်နာကျင်သွား၏။

ကြေငြာသံအဆုံးမှာ မိသွန်းက စင်ပေါ်ကို ပြေးအတက်နှင့် ကွက်တိဖြစ်နေသည်ကြောင့် ဆလိုက်မီးအလယ်မှာ ကျောက်ရုပ်တစ်ရုပ်လို မတ်တတ်ကလေး. . .





ကင်မရာမီးတဖျပ်ဖျပ်နဲ့အတူ လက်ခုပ်သံ တဖြောင်းဖြောင်းတို့က သူမ သေဆုံးမှုကို အားပေးအားမြှောက်နှင့် ဂုဏ်ပြုပေးသလိုဖြစ်နေပြန်ပါသေးသည်။

"ဟာ. . ."

ခေတ်အုပ်စိုးလည်း ပါးစပ်အဟောင်းသားနှင့် ပျော့ဖတ်နွမ်းခွေသလိုခံစားနေရသည်။

ဒါဟာ. . . ဘယ်လိုကံကြမ္မာလဲ. . .

ကြိုးစားမှုတွေက ရေထဲမှာ အရုပ်ရေးသလို. . . ။ မည်သို့မျှ မတာတ်နိုင်ရှာတော့. . .

မိသွန်းကတော့ သူမ တတ်နိုင်ရှာသော ငိုကြွေးခြင်းကိုသာ မျက်နှာကို လက်နှစ်ဖက်နှင့်အုပ်ပြီး တသိမ့်သိမ့်ငိုကြွေးနေလေတော့သည်။

"ဟုတ်ကဲ့ပါရှင်. . အလှသရဖူလေး သွန်းခကြယ်ရဲ့ အပျော်မျက်ရည်များကို ဧည့်ပရိသတ်များ ထပ်မံဂုဏ်ပြုပေးလိုက်ကြရအောင်လားရှင်"

"ဖြောင်း. . . ဖြောင်း. . . ဖြောင်း"

ခန်းမတစ်ခုလုံး ဟိန်းထွက်သည့်အလား. .

Presenter မမကတော့ မီးလောင်ရာလေပင့်လိုက်သလို လှမ်းချလိုက်ပြန်ပြီဖြစ်၏။

အုပ်စိုးတစ်ယောက် အခြေအနေတွေ မပျက်ယွင်းသေးခင်



www.burmeseclassic.com

www.burmeseclassic.com



stage.ပေါ်ကို ဟန်မပျက်တက်ပြီး မိသွန်းကို အသာပြန်ခေါ်လာ[illegible]သည်။

ဧည့်ပရိသတ်များကတော့. . ဘာကို. သဘောကျပြန်သ[illegible]မသိ။ လက်ခုပ်တွေ တဖြောင်းဖြောင်း ထပ်တီးပြီး ဂုဏ်ပြုနေကြ[illegible]ပါသည်။

အရာအားလုံးတို့ကတော့ သူ့နေရာနှင့်သူ နေသားတကျ. .

အို. . .

ဘဝတွေ ခါးလိုက်တာကွယ်။

◆



(T)

ခေတ်အုစ်စိုး. . .

သူ တကယ်ပဲ ကြံရာမရဖြစ်နေသည်။ သူမဟာ ဘယ်လိုရည်ရွယ်ကြောင့် သည်လိုအဖြစ်ဆိုးတွေကို သယ်ဆောင်ဖန်တီးနေရတာလဲ. . .

မကြာခင်မှာ သေရတော့မယ်. . ဆိုတဲ့ အတွေးကြီးနဲ့ စိတ်ဓာတ်ကျနေရှာသော သူငယ်ချင်းဖြစ်သူ့ မိသွန်းကိုလည်း 'နတ်သမီး' အဆောင်မှာ မနည်းနှစ်သိမ့်ထားခဲ့ရသည်။

မစ်ကီ. . . မင်းရဲ့ဦးတည်ချက်က ဘာလဲ. . .

သူ ခရီးဆောင်လွယ်အိတ်ထဲမှစာရွက်စာတန်းအချို့နှင့်ဓာတ်ပုံများကို စားပွဲပေါ်သို့ ရက်စွဲအလိုက် အစီအစဉ်တကျတင်ထားလိုက်သည်။

နောက်. . . ဂျာနယ်များ. . .

သတင်းအချို့. . ဓာတ်ပုံအချို့ကို သူ ထပ်ခါထပ်ခါ ပြန်ဖတ်မိသည်။ တွေးတောသည်။ သုံးသပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခရီးထွက်ရာမှ တစွန်းတစသိလာရသော မစ်ကီ့အကြောင်း အရာအချို့ကိုလည်း ချင့်ချိန်စဉ်းစားကြည့်ပြီး *999* ထူးဆန်းသော ဖုန်းနံပါတ်နဲ့လည်း ဆက်စပ်သုံးသပ်ကြည့်မိသည်။

သူမနှင့်ဆက်နွယ်ပတ်သက်နေတာတော့ လုံးဝသေချာလွန်းပါ၏။

သည်လိုဆို ဘယ်လိုပတ်သက်နေမှုမျိုးလဲ. . သူတို့ရဲ့အကျိုးအမြတ်က ဘာလဲ. . .

တိပသောအဖြေကိုကား မရ။ အချိန်တွေကတော့ ပုံမှန်လည်း ပတ်နေ၏။ ည. . . ဆယ့်တစ်နာရီ. . ပြီးတော့. . ဆယ့်နှစ်နာရီ. . နောက်. . . .

သူ ခေါင်းခါရမ်းပစ်လိုက်သည်။

ဦးနှောက်တွေက တွေးရလွန်း၍ ပူလောင်အက်ခြောက်နေပြီ။ သူမ(မစ်ကီ့)မျက်နှာလေးကို မြင်ယောင်ကြည့်မိသည်။

ပြီးတော့. . . သူမမျက်ဝန်းထဲက ရိုးသားမှု(သို့)တစ်စုံတစ်ခုကို အတွေးနှင့် သူ ရှာကြည့်နေမိသည်။

မတွေ့. . . ။

သို့သော် သူမ တစ်ခုခုကို ဖုံးကွယ်ထားသည်ဆိုတာကိုတော့ သူ ခံစား၍ရသည်။

ဒါဟာ. . တစ္ဆေနက္ခတ်ရဲ့အကျိုးဆက်လား. . .

ပထမ. . ရှိန်းသူ၊ ဒုတိယ. . မှုန်ကြီး၊ တတိယ. . ဖက်တီး. .





တစ္ဆေနံပါတ်ရဲ့လက်ချက်နဲ့ လူ့လောကက ထွက်ခွာသွားခဲ့ပြီ။

မိသွန်း. . .

သူ့ကိုရော. . ကယ်တင်နိုင်ပါဦးမလား. . သူ မတွေးတတ်တော့. . ရင်ထဲမှာ တစစ်စစ် ကိုက်ခဲနာကျင်နေရသည်။

အကယ်၍ မိသွန်း တစ်ခုခုများဖြစ်သွားခဲ့ပါလျှင်. . .

ဘုရား. . . ဘုရား. . .

မိသွန်းများ သေဆုံးသွားပြီးရင်. . နောက် အလှည့်ကျသူက ဘယ်သူလဲ. . .

သူ ချောက်ချားသွားမိသည်။ ရရှိထားသည့် သတင်းအချက်အလက်များကလည်း မပြည့်စုံသေး။ သို့သော် မစ်ကီနဲ့ နောက်ကွယ်က တစ်စုံတစ်ယောက် (သို့) အဖွဲ့အစည်းတစ်ခုတို့ ပူးပေါင်းဆောင်ရွက်နေသည်ဆိုတာကတော့ ရရှိထားသောသဲလွန်စများအရ သေချာသလောက် ရှိနေသည်။

လက်ရှိအနေအထားအရ သူ့မှာ သူငယ်ချင်း ဆို၍လည်း မိသွန်းတစ်ယောက်သာ အသက်ရှင်လျက် ကျန်ရှိနေတော့သည်။ သို့ပေမယ့် မိသွန်းကလည်း အသိစိတ်မဲ့နေသူတစ်ယောက်လိုမျိုးကို စိတ်ဓာတ်တွေ ကျဆင်းနေပုံရ၏။

သူ သက်ပြင်းတစ်ခုကို ခပ်ပြင်းပြင်းချလိုက်သည်။ မျက်မှောင်တစ်ချက်ကုပ်ပြီး ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင်ချပစ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ. . မစ်ကီကို တွေ့မှဖြစ်မည်။ အေးအေးဆေးဆေး ဖော်ထုတ်ကြည့်ရမည်။ မရပါက မီးစင်ကြည့်ပြီး သူ မရမက ဖော်ထုတ်ကြိုးစားရပါလိမ့်မည်။

♫ တကယ်ပဲလည်း နင် မချစ်ဘဲနဲ့ × × လာပြီးတော့ ညာမ
မနေနဲ့ × × ♫

ရုတ်တရက် ထမြည်လာသည့် ringtoneသံကြောင့် သူ တစ်ချက်တုန်သွားမိသေးသည်။ နောက်. . screen ပေါ်က ခေါ်ဆိုသူကို ကြည့်လိုက်တော့ သူ အံ့သြသွားမိသည်။

"ဟင်. . သူ. . ငါ့ကို ဘာအတွက်ဖုန်းခေါ်ရတာလဲ. . အချိန်မတော် ညကြီး"

နာရီကိုကြည့်လိုက်တော့ ဆယ့်နှစ်နာရီပင် ခွဲတော့မည်။

သူ ဖုန်းကိုင်လိုက်၏။

"ဟယ်လို. . မစ်ကီ ပြောလေ"

"အုပ်စိုး"

သူမအသံက နွမ်းလျစိုးထိတ်နေပုံရ၏။

"ဟုတ်တယ်လေ. ."

"အုပ်စိုး. ."

"ပြောလေ. . မစ်ကီရဲ့"

"......."

သူမ အသံတိတ်သွားသည်။





ရှိုက်သံသဲ့သဲ့ ကြားလိုက်မိသည်ဟုလည်း သူထင်သည်။

"မစ်ကီ. . ဘာဖြစ်လို့လဲဟင်၊ ဟို. . မိသွန်းရော. . အိုကေဘယ်မှလား. . သူ *999*ကိုခေါ်ထားတယ်. . စိတ်ဓာတ်တွေ အရမ်းကျနေတယ် မစ်ကီ"

"...."

ဖြေသံ ထွက်မလာသဖြင့် သူတွေးနေမိသည်။

ထူးဆန်းသည်။ တကယ်ဆို. . သူ့ကို မစ်ကီ ဖုန်းဆက်စရာအကြောင်းမရှိ။

"မစ်ကီ. . ကျွန်တော်ပြောတာကို ကြားရဲ့လား. . ဖြေပါဦး"

"ကြားပါတယ်ရှင်"

သူမအသံက တိုးလျလျ. . ။ သို့ကြောင့်. . သူ မနည်းအာရုံစိုက်နားထောင်နေရသည်။

"မိသွန်း. . . မိသွန်းလေ. ."

"အင်း. . မိသွန်း ဘာဖြစ်လို့လဲ"

"သူ. . သူ အခန်းထဲမှာ ကြိုးဆွဲချပြီး သေ. . သေသွားပြီ"

"ဗျာ. . ."

သူ့နားကို သူ မယုံကြည်နိုင်ဖြစ်နေရသည်။

"ဘယ်လိုဖြစ်ရတာလဲဗျာ"

"ကျွန်မလည်း မပြောတတ်ဘူး. . သူ့အခန်းထဲကို ခေါ်မရလို့ သူငယ်ချင်းတစ်ယောက်က တံခါးဖွင့်ဝင်ကြည့်ရာကနေ အဲလို. .



www.burmeseclassic.com

www.burmeseclassic.com



သေနေတာကို တွေ့တာလို့ ပြောတယ်. . အခု အဆောင်မှာ ရဲရေ

ရော၊ တခြားသူတွေရော ရောက်နေကြတယ်. . အဲဒါ အုပ်စိုးသိအောင်

ကျွန်မ ဖုန်းဆက်ပြောတာပါ”

“. . . . . . . .”

သူ ဘာမှမဖြေတော့ဘဲ ဖုန်းချပစ်လိုက်၏။

နောက်. . စားပွဲပေါ်က စာရွက်စာတန်းတွေကို အိတ်ထဲ

ပြန်ထည့်လိုက်ပြီး ကောက်လွယ်လိုက်သည်။

သူ ချက်ချင်းလိုက်သွားဖို့ ဆုံးဖြတ်လိုက်၏။

“ငါတို့သူငယ်ချင်းတွေအားလုံးကို ရက်ရက်စက်စက်သတ်

တာ ဘာကြောင့်လဲ. . အားလုံးဟာ မင်းလက်ချက်တွေပဲ မစ်ကီ”

သူ့ရင်ထဲက အတွေးကြောင့် မေးကြောကြီးများပင် ထောင်

ထလာသည်။ နှလုံးသားကတော့ ခါးသီးနာကျင်ရမှုအတွက် တဆတ်

ဆတ်တုန်ခါနေလေ၏။

◆



ဖြစ်နိုင်ချေ မျှားစွာထဲက

ဖြစ်ချင်တာတစ်ခုကို

လက်ဆုပ်လက်ကိုင် ဖြစ်ချင်ခဲ့မိတာ..

မှားသွားပြီလား?

အရောင်ပြန်တင်လို့မှ

အသက်မဝင်နိုင်တော့တဲ့ ကဗျာတစ်ပုဒ်ပါ

မနက်..မနက်ပြန်များစွာတွေ...

ပြီးဆုံးနေဆဲ..

စတင်နေဆဲ..

ငါ ဆိုတဲ့ကောင်ကတော့

အတိတ်ခနတွေထဲ အချစ်တစ်ခုကိုသာ

အခါခါ ရှိကျိုးနေခဲ့ရင်း

အနာဂတ်တွေ...

စုတ်ပြတ်သတ်နေခဲ့ပါပြီကွယ်...။



www.burmeseclassic.com

www.burmeseclassic.com

(ပ)

မြင်ကွင်းက မယုံကြည်နိုင်ဖွယ်ရာ. .

ကြိုသိထားပြီးသားအကြောင်းအရာတစ်ခု. . ဆိုသော်ငြား လည်း မိသွန်းအလောင်းကိုကြည့်ပြီး သူ တကယ်ပဲ ထိတ်လန့်တုန်လှုပ် နေမိပါသည်။ တာဝန်ရှိသူများက မိသွန်းအလောင်းကို ဆေးရုံကားထဲ မထည့်ခင် ဓာတ်ပုံများ တဖျပ်ဖျပ် ရိုက်ကူးနေကြသည်။ နီးစပ်ရာလူ များကို စုံစမ်းစစ်ဆေးနေကြသည်။

မျက်လုံးကြီးပြူးပြီး လည်ပင်းမှာ ညိုစိမ်းနေသည့် အရာကြီး နှင့် ငြိမ်သက်သေဆုံးနေသော မိသွန်းအလောင်းမှ သူ. . အကြည့်ခွာ လိုက်၏။

စို့တက်လာသည့် မျက်ရည်စက်များ. . တလိမ့်လိမ့်တက်လာ သော ရင်ထဲက အပူမီးများ. . .။

သူ. . လူအုပ်ထဲကို ဝေ့ဝဲကြည့်လိုက်သည်။

သူမ. . . ဘယ်နေရာမှာလဲ. . .

သိပ်မကြာလိုက်ပါ။





ကြွက်အမှတ်တံဆိပ်အင်္ကျီနှင့် ကောင်မလေးကို ထောင့်ချိုး တစ်နေရာမှာ တွေ့လိုက်ရသည်။

သူ့ခြေလှမ်းအစုံကို သူမ ရှိရာနေရာသို့ ဦးတည်လိုက်သည်။ သူမအနားသို့ရောက်သည်အထိ သူ့ကို သတိမထားမိသေး။

လူအုပ်ကြီးကိုငေးပြီး ဝမ်းနည်းနေပုံရ၏။ မျက်နှာကလေးက ညှိုးလျော်နေ ရှာသည်။

"ဟွန်း. . ဒါ မင်း ဟန်ဆောင်နေတာပါ မစ်ကီ၊ မင်းမှာ သနား ကြင်နာတတ်တဲ့ နှလုံးသားဆိုတာ ရှိမှာ မဟုတ်ပါဘူး"

သူ့ရင်ထဲက အတွေးကို ပြန်မျိုချပစ်လိုက်ပြီး သူမကို ဟန် မပျက် ခေါ်လိုက်ရ၏။

"မစ်ကီ"

"ရှင် ရောက်လာပြီလား. . ကျွန်မ စိတ်မကောင်းလိုက်တာ ရှင်"

သူ မဲ့ပြုံးတစ်ချက်ပြုံးလိုက်မိလေသလား. . သတိမထားမိပါ။

"မစ်ကီ. . ငါ မင်းနဲ့စကားပြောစရာရှိတယ်"

သူ့အသံက အနည်းငယ် မာဆတ်နေ၏။ သူမကတော့ နား မလည်ဟန်ဖြင့် သူ့ကိုမော့ကြည့်နေသည်။

"ပြောလေ. ."

"ငါ ဒီမှာ မပြောချင်ဘူး"

သူမက ဘာကို သဘောပေါက်သည်မသိ။ 'ကောင်းပြီလေ'



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ အဆောင်အနောက်ဘက်သို့ ဦးတည်သွားသည်။ နောက် . . အခန်းလွတ်တစ်ခုထဲသို့ ဝင်သွား၏။ သူလည်း အသာလိုက်ဝင်လိုက်သည်။

"ဘာပြောမှာလဲ အုပ်စိုး. . ဒီအခန်းက ဘယ်သူမှမနေတဲ့ . . အခန်းလွတ်ပါ"

သူ ဘာစကားမှမပြောဘဲ သူမမျက်ဝန်းတွေကိုသာ အချိန်အတော်ကြာအောင် စူးစိုက်ကြည့်နေလိုက်သည်။

"အုပ်စိုး. ."

". . . ."

သူမဟန်ပန်က မသိရင် သနားဖွယ်ကောင်း ကောင်းနေပါသေးသည်။ သူ ဟန်မပျက်အောင် မနည်းထိန်းပြီး

"မင်း ငါ့ကို ဘယ်တော့သတ်မှာလဲ မစ်ကီ"ဟု တိုက်ရိုက်မေးပစ်လိုက်မိသည်။

"ရှင်"

ထိုစကားအတွက် သူမ တကယ်ပဲ အံ့ဩသွားပုံရသည်။

"အုပ်စိုး. . ရှင် ဘာကိုဆိုလိုတာလဲ. . ပြီးတော့ ရှင့်ကိုရော ကျွန်မက ဘာအတွက်သတ်ရမှာလဲ. . အဓိပ္ပာယ်မရှိတာဘဲ"

"မင်းရဲ့ဟန်ဆောင်မှုတွေကို ဖုံးကွယ်မနေနဲ့တော့. . . ငါ့သူငယ်ချင်းတွေအားလုံးကို မင်းသတ်လိုက်တာ မစ်ကီ၊ ပြောပါဦး. . မင်း ငါ့ကိုရော ဘယ်တော့သတ်မှာလဲ"





"မဟုတ်ဘူး. . ရှင်အထင်မှားနေပြီ အုပ်စိုး၊ ကျွန်မဟာ တစ္ဆေနဲ့ဆိုပေမယ့်လည်း မဆိုင်သူတွေ ဒုက္ခမရောက်အောင် အတတ်နိုင်ဆုံး ရှောင်တိမ်းနေထိုင်ခဲ့ပါတယ်"

သူမက အကြောက်အကန်ငြင်းချက်ထုတ်နေ၏။

သူ လုံးဝ လက်မခံနိုင်ပါ။ ဟားတိုက်၍ပင် နာနာကျင်ကျင်ရယ်မောနေမိသေးသည်။

"ဟားဟား. . ဟား. . ရယ်စရာကောင်းလိုက်တာကွာ၊ ဒီမှာ မစ်ကီ. . ငါ ဆိုတဲ့ကောင်က သေရမှာကို ကြောက်တတ်တဲ့ကောင်မျိုးတော့ မဟုတ်ဘူး. . အေး. . ဒါပေမယ့်. . ဘယ်လို အကြောင်းကိစ္စကြောင့် ငါတို့တွေကို မင်း လိုက်သတ်နေသလဲဆိုတာကိုတော့ ငါမသေခင် သိချင်တယ် မစ်ကီ. . မင်း ဖြေပါ"

မျက်ရည်တွေ ရစ်ဝိုင်းပြီး သူမကို လက်ညှိုးငေါက်ငေါက်ထိုးပြောနေသော သူ့ကို ကြည့်ပြီး သူမ တကယ်ပဲ နာကျင်နေရပုံပါသည်။

"ရှင့်. . ဘာလို့ ကျွန်မကို ဒီလိုပြောရတာလဲ အုပ်စိုးရယ်. . အခုလိုဖြစ်ခဲ့ရတဲ့ကိစ္စတွေအတွက် ကျွန်မလည်း ရှင်တို့နဲ့ထပ်တူ ဝမ်းနည်းခံစားနေရတာပါပဲ"

စကားမဆုံးခင် သူ ဖြတ်အော်ပစ်လိုက်မိ၏။

"မင်းရဲ့မာယာစကားတွေကို ထပ်မပြောနဲ့တော့ မစ်ကီ၊ မင်းသတ်တာပါလို့ ဝန်ခံလိုက်စမ်းပါ. . မင်း အခု စမ်းနည်းနေသတဲ့လား၊ ဟားဟား. . ဟား. . ဒီမှာ မစ်ကီ၊ မင်းအကြောင်းတွေအားလုံးကို ငါ



www.burmeseclassic.com

www.burmeseclassic.com



သိခဲ့ရပြီ. . မင်း ငြင်းစမ်းပါ. . မင်း ဘယ်လောက်အထိ လိမ်ပြောနိုင်ဦးမလဲဆိုတာ ကြည့်ရတာပေါ့ကွာ"

သူပြောပြောဆိုဆိုနှင့် လွယ်အိတ်ထဲက စာရွက်စာတန်းအချို့နှင့်ဓာတ်ပုံများကို ထုတ်လိုက်သည်။ သူမကတော့ သူလုပ်သမျှကို ပါးစပ်အဟောင်းသားနှင့် ငေးကြည့်နေလေ၏။

"ရော့. . ဒီမှာကြည့်စမ်း"

သူ ဓာတ်ပုံတစ်ခုကို ထိုးပေးလိုက်သည်။ သူမလည်း ကြောင်အအနှင့် ယူကြည့်လိုက်သည်။

တက္ကသိုလ်တစ်ခုကို နောက်ခံထားပြီး ကျောင်းသူကျောင်းသား ငါးယောက်တို့ ပြုံးပျော်စွာ အမှတ်တရ ရိုက်ကူးထားသော ပုံတစ်ပုံ ဖြစ်သည်။

ဓာတ်ပုံနောက်မှာလည်း 'သူငယ်ချင်းများနှင့်အမှတ်တရ (၅-၂-၂၀၁၁)' ဟု ရေးထိုးထားသော လက်ရေးခပ်သော့သော့တစ်ခုကိုလည်း တွေ့ရ၏။

သူမက ဓာတ်ပုံကိုကြည့်ပြီး မျက်နှာ တစ်ချက်ပျက်သွားပြီး သူ့ကို အံ့သြသလို ပြန်ငေးကြည့်နေ၏။

"ဒီဘက်က တစ်ယောက်က မင်း မဟုတ်ဘူးလား မစ်ကီ"

"....."

"ငြင်းလေ. . အဲဒီ. . မစ်ကီမောက်တံဆိပ်အကျႌနဲ့သူက မင်း မဟုတ်ပါဘူးလို့ ငါ့ကို တည့်တည့်ကြည့်ပြီး ငြင်းလေ"





သူမနှင့် မျက်ဝန်းချင်း အတော်ကြာအောင် စိုက်ကြည့်နေမိကြသေးသည်။ ပြီးမှ သူက အသံအေးစက်စက်နှင့်ပြောလာခဲ့သည်။

"ရှင်. . ဒီဓာတ်ပုံကို ဘယ်က ရခဲ့တာလဲ အုပ်စိုး"

"အဲဒါ. . မင်းအလုပ် မဟုတ်ဘူး မစ်ကီ. . ငါ မေးတာကိုပဲ ဖြေပါ"

သူမက သက်ပြင်း တစ်ချက်ချလိုက်ပြီး မျက်ရည်စအချို့ကို သုတ်ဖယ်ပစ်လိုက်သေးသည်။ ပြီးမှ -

"ဟုတ်တယ် အုပ်စိုး၊ အဲဒါ ကျွန်မနဲ့ကျွန်မသူငယ်ချင်းတွေပဲ"

"မင်းကလွဲပြီး. . အားလုံး accident မျိုးစုံနဲ့ သေကုန်ကြပြီ မဟုတ်လား မစ်ကီ"

သူမ အသံတိတ် ခေါင်းညိတ်ဖြေရှာပါသည်။ စီးကျနေသော မျက်ရည်စတွေကိုလည်း မသုတ်ဖယ်ပစ်တော့ပေ။

"အဲဒါ. . မင်း ပထမနှစ် ပြည်နယ်တက္ကသိုလ်တက်တုန်းက ရိုက်ထားခဲ့တဲ့ပုံပဲ၊ မင်းကြောင့် သူတို့တွေသေဆုံးခဲ့ရတယ်. . ပြီးတော့ ဒုတိယနှစ်မှာ ကျောင်းပြောင်းတယ်. . အဲဒါ အခု လူသားစားတက္ကသိုလ်ဆိုတဲ့ နာမည်ထွက်နေတဲ့ ကျောင်းပေါ့. . အဲ့ဒီမှာလည်း မင်းနဲ့ ပတ်သက်ပြီး ကျောင်းသား ၅ယောက် သေဆုံးခဲ့ရပြီးပြီ. . နောက်. . မင်း ငါတို့တက္ကသိုလ်ကိုပြောင်းလာခဲ့တယ်"

သူ ပြောရင်းဖြင့် ခံစားချက်ကြောင့် မျက်နှာတစ်ခုလုံး နီရဲခက်ထန်နေသည်။ သူမကတော့ ငိုရှိုက်သာနေနေရှာ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကြောင့် ငါ့သူငယ်ချင်း ၄ယောက် သေခဲ့ရပြီ မစ်ကီ. . မင်းရည်ရွယ်ချက်က ဘာလဲ. . ငါ့အလှည့်က ဘယ်တော့လဲ. . ငါပြီးတော့ရော. . မင်း နောက်ထပ် လူဘယ်နှယောက်ကို ထပ်သတ်နေဦးမှာလဲ"

"တော်. . တော်ပါတော့ အုပ်စိုးရယ်၊ ရှင် အမြင်တွေ အစွန်းရောက်နေပြီ. . ဒါတွေအားလုံးဟာ ကျွန်မရဲ့တစ္ဆေနက္ခတ်နဲ့ဆက်နွယ်မှုကြောင့် ဖြစ်ရတာပါ. . . ကျွန်မက အားလုံးကို မပတ်သက်ဖို့အတန်တန်တားခဲ့တာပဲ. . ပြီးတော့ ဟိုဖုန်းကိုလည်း မခေါ်ဖို့ အကြိမ်ကြိမ်ပြောခဲ့တာပဲ. . ကျွန်မစကားကို ဘယ်သူတွေ နားထောင်ခဲ့သလဲ ပြောပါ အုပ်စိုး. . ဘာကြောင့် ကျွန်မကိုပဲ ရှင်စွပ်စွဲနေရတာလဲ"

သူမအသံတွေက ဝမ်းနည်းမှုကြောင့် တုန်ခါနေ၏။

"ဟုတ်ပြီ. . ဒါဆိုရင် ငါတစ်ခုထပ်မေးမယ် မစ်ကီ"

". . . . . ."

"ဒီကိစ္စတွေက မင်းကြောင့်သာ မဟုတ်ဘူးဆိုရင်. . မင်းက ဘာကြောင့် အခုအချိန်အထိ ဘာမှမဖြစ်ဘဲ အသက်ရှင်နေခဲ့ရတာလဲ"

သူမက ထိုစကားအတွက် 'ဟက်'ကနဲ တစ်ချက် ရယ်လိုက်သေးသည်။

ပြီးမှ -

"ကျွန်မ ခုထိ ဘာကြောင့် ဘာမှမဖြစ်ခဲ့သလဲဆိုတော့ ကျွန်မက အခုထိ တစ္ဆေဖုန်းနံပါတ်ကို တစ်ခါမှ မခေါ်ခဲ့လို့ပဲ. . ရှင်လည်း





အဲဒီဖုန်းကိုသာ မခေါ်နဲ့ စိတ်ချ. . ရှင် ဘာမှမဖြစ်စေရဘူး အုပ်စိုး. . ကျွန်မ အာမခံတယ်"

"မင်း. . တော်တော်ကြောက်စရာကောင်းတာပဲ မစ်ကီ"

"ဒါပေမယ့်. . ကျွန်မကို ရှင် ချစ်ခဲ့တယ် မဟုတ်လား"

"ဟားဟား. . . ဟား. . ."

သူမမေးခွန်းကို သူက သဘောကျသလို ရယ်နေလေ၏။ ပြီးမှ -

"မစ်ကီ. . မင်းက မင်းကိုယ်မင်း သိပ်တွက်ခဲ့တာကိုး. . ငါ မင်းကို စိတ်ဝင်စားဖို့ကောင်းတယ်ဆိုတဲ့အဆင့်ထက် ဘာမှမပိုခဲ့ဘူး မစ်ကီ"

"ဒါ. . ဒါဆိုရင်. . ဟိုရက်က ပြောခဲ့တဲ့စကားတွေက ရှင့်ရင်ထဲက စကားတွေ မဟုတ်ဘူးပေါ့"

သူ ခပ်မိုက်မိုက်အထာနှင့်ပဲ ခေါင်းညိတ်ပြလိုက်မိသည်။

"ဩော်. . အုပ်စိုးရယ်. . ဒါဆိုရင် အဲဒီနေ့က စကားတွေအားလုံးက ကျွန်မကို လိမ်ခဲ့တာပေါ့နော်"

သူမအသံတွေက ခံစားမှုကြောင့် တုန်ယင်တိုးလျလှ၏။ မယုံကြည်နိုင်ဖြစ်နေပုံလည်း ရ၏။

"ငါ. . ဘာကြောင့် အဲလိုလုပ်ခဲ့ရလဲ မင်းသိရဲ့လား မစ်ကီ. . ငါ့သူငယ်ချင်းတွေကို ကယ်တင်ချင်လို့ပဲ၊ ဒါပေမယ့် အားလုံးက နောက်ကျသွားခဲ့ပါပြီ. . မင်းရဲ့ ရက်စက်တဲ့လုပ်ရပ်တွေကြောင့်ပေါ့. . . မင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုသိထားစမ်းပါ မစ်ကီ. . ငါကတော့ ငါ့လုပ်ရပ်အတွက် ငါဝန်း
ရဲတဲ့ သတ္တိ အပြည့်ရှိတယ်. . ငါ. . မင်းကို အရမ်းမုန်းတယ်"

စကားအဆုံးမှာ သူမ သည်းသည်းထန်ထန် ငိုကြွေးနေ
အတော်ကြာမှ စကားစသည်။

"ပြောရက်လိုက်တာ အုပ်စိုးရယ်. . ဟုတ်ပြီလေ. . ဒီလို
တော့လည်း ကျွန်မရင်ထဲရှိတာတွေရော. . ကျွန်မ သိထားသမျှအား
လုံးကိုပါ ရှင့်ကို အမြင်ရှင်းသွားအောင် ဝန်ခံရတာပေါ့၊ ဒီမှာ အုပ်စိုး"

သူ. . သူမကို စူးစိုက်ကြည့်ရင်း နားထောင်နေမိသည်။

"ကျွန်မဟာ တကယ်ပဲ တစ္ဆေနက္ခတ်နဲ့လူပါ။ ကျွန်မနဲ့ပတ်
သက်ပြီး ဘယ်သူ့ကိုမှ မထိခိုက်စေချင်ခဲ့ပါဘူး. . အထူးသဖြင့် ရှင့်ကို
ဘာမှမဖြစ်စေချင်ခဲ့ဘူး. . ဒါကြောင့် အားလုံးနဲ့ကျွန်မ ခပ်ကင်းကင်း
နေခဲ့တာပဲ. . ဒါပေမယ့် အားလုံးက လာပတ်သက်နေကြတယ်၊ ပြီး
တော့. . ဒုက္ခတွေရောက်ကုန်ကြတယ်. . ဒီအတွက် ကျွန်မပျော်ရွှင်နေ
တယ်လို့ ရှင်တို့ထင်နေခဲ့တယ်မို့လား. . ထားပါလေ. . အခု ရှင်နဲ့ပတ်
သက်တာတွေကိုပဲ ကျွန်မ ပြောတော့မယ်"

သူမ မျက်နှာတစ်ချက်တည်သွားသည်။

သူလည်း ရင်ထဲကို တစ်ခုခုတိုးဝင်လာသလိုခံစားနေရပြန်၏။

"အုပ်စိုး. . ကျေးဇူးပြုပြီး ရှင် ဒီအခန်းထဲကို ဝေ့ကြည့်လိုက်
စမ်းပါ"

သူလည်း ဘာရယ်မဟုတ်၊ သူမ ပြောသည့်အတိုင်း အခန်းထဲ





ကို လှျောက်ကြည့်လိုက်မိသည်။ ထူးခြားမှုတစ်စုံတစ်ရာကိုတော့ မတွေ့
ရပါ။

"ရှင်. . ဘာတွေ့ရလဲ"

"တွေ့တယ်လေ. . ငါ့မျက်လုံးထဲ မြင်နေသမျှအရာအားလုံး
ကို တွေ့နေရတယ်"

"ရှင့်အမြင်အာရုံတွေထဲမှာ အားလုံး. . ရှင်းလင်းကြည်လင်ရဲ့
လား"

"အင်း. . အားလုံးကို ရှင်းရှင်းလင်းလင်းမြင်ရပါတယ်"

"အဲဒါ. . အနားမှာ ရှင်ရှိနေတဲ့ ကျွန်မရဲ့ကမ္ဘာငယ်လေးပေါ့"

"ဟင်"

ရုတ်တရက် သူမ စကားအဓိပ္ပာယ်ကို သူနားမလည်ပါ။ ပြီး
မှ သူ. . သူမကို ပြောခဲ့ဖူးသောစကားကို ပြောင်းပြန်အဓိပ္ပာယ်ဖွင့်ဆို
ပြောနေသည်ကို သူ သဘောပေါက်မိသွားသည်။

"ဒါပေမယ့် ဒီစကားက ရှင့်လို လိမ်ညာပြီးပြောခဲ့တာတော့
မဟုတ်ဘူး. . အဲဒါ ကျွန်မရင်ထဲက စကားတွေပဲ. . ကျွန်မ ရှင့်ကို စ,
တွေ့ကတည်းက ချစ်ခဲ့မိပါတယ် အုပ်စိုး၊ ရှင် ကျွန်မကို ရည်းစားစကား
ပြောခဲ့တုန်းက ကျွန်မ ဘယ်လောက်အထိ ကျိတ်ပျော်နေခဲ့ရလဲ ရှင်
သိရဲ့လား အုပ်စိုး"

သူ့ရင်ထဲမှာ လှိုင်းတချို့ဖြတ်ပြေးသွားသည်။

ဒါဟာ တကယ်ပဲလား. . သူ မယုံရဲပါ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို လက်စားပြန်ချေနေတာရော မဖြစ်နိုင်ဘူးလား..

"ကျွန်မဟာ မွေးကတည်းက ကံဆိုးခဲ့သူပါ။ မိဘနှစ်ပါး ကားမှောက်ပြီး သေဆုံးခဲ့ရတယ်.. ပြီးတော့.. ကျွန်မရဲ့တစ္ဆေနက္ခ ဆိုတာကြီးကြောင့် လူမှုန်းသိတတ်စအရွယ်ကတည်းက တခြားသူ အန္တရာယ် မဖြစ်ရအောင် ကျွန်မတစ်ယောက်တည်း အထီးကျန် ဆန်နေခဲ့ရတယ်.. အဆိုးဆုံးသောဒုက္ခက ကိုယ်ချစ်တဲ့သူကိုတော မပတ်သက်ဘဲနေနေရတဲ့ဒုက္ခပဲ.. အဲဒါ ဘာဖြစ်လို့လဲ ရှင်သိရဲ့လ အုပ်စိုး.. ရှင့်ကို သိပ်ချစ်မိလို့ပဲ.. ရှင် ဒုက္ခရောက်မှာစိုးလို့ သိရဲ့လား

ပြောလည်းပြော.. ငိုလည်းငိုဖြစ်နေရရှာသော သူမကိုယ မဆုံးအကြိမ်အဖြစ် သူ သနားစိတ်ဝင်မိသွားသည်။

သို့ပေမယ့်လည်း မယုံကြည်ရဲသေး...

အာစေးမိသူတစ်ယောက်လိုသာ ဆွံ့အနေနေမိ၏။

"ရှင်.. ခုထိ ကျွန်မကို မယုံကြည်ဘူးဆိုတာကိုလည်း ကျွန် သိပါတယ်.. အခြေအနေကလည်း ရှင်ထင်သလိုဖြစ်နေခဲ့တာကိုး.. ထားပါတော့လေ"

"ဒါဆိုရင် *999*ရဲ့အကြောင်းကို သိနေရဲ့နဲ့ ဘာကြော ဆုငွေ သိန်းတစ်ထောင့်ငါးရာကို ထုတ်ဖို့ မကြိုးစားဘဲ နေနေခဲ့တာ မစ်ကီ"

"ကျွန်မ သေသေချာချာ ဘာမှမသိလို့ပဲ အုပ်စိုး"

"ဟင်"





သူမအဖြေကြောင့် သူ တကယ်ပင် နားမလည်နိုင်ဖြစ်နေရ၏။ အဓိပ္ပာယ်မရှိလိုက်တာ..။

သူမ မသိဘူးဆိုတာ လုံးဝမဖြစ်နိုင်ပါ။

"ဒါဆိုရင်.. အဲ့ဒီတစ္ဆေဖုန်းနံပါတ်ကို ခေါ်ဆိုလို့ရတဲ့အချိန်တွေ.. သူ့ရဲ့ဖြည့်ဆည်းမှုတောင်းဆိုမှုတွေကို မင်းက ဘယ်လိုလုပ်သိနေခဲ့ရတာလဲ မစ်ကီ"

"စာအုပ်တစ်အုပ်ထဲက.. ကျွန်မအဘိုးရဲ့ဒိုင်ယာရီစာအုပ် ဆိုပါတော့.. *999* ရဲ့အကြောင်းအရာတချို့ကို ရေးမှတ်ထားခဲ့တယ်၊ အဲ့ဒီစာအုပ်က မထင်မှတ်ဘဲ ကျွန်မလက်ထဲကို ရောက်လာခဲ့တယ်"

သူမ မျက်ဝန်းတွေက ဆွေးရီနေ၏။ ငိုထားသောကြောင့်လည်း နီရဲမို့အစ်နေရှာ၏။

သူလည်း သူမစကားတွေကို မယုံရဲယုံရဲနှင့် စိတ်ဝင်စားနေမိသည်။ သူမက

"အဘိုးရဲ့မှတ်စုတွေထဲမှာ *999* နဲ့ ပတ်သက်မိလို့.. သေဆုံးသွားတဲ့လူတွေအကြောင်းကို လက်လှမ်းမီသလောက်.. ရေးမှတ်လေ့လာပြီး သုတေသနပြုထားတာကို တွေ့ရတယ်.. အနှစ်ချုပ်ကတော့.. *999* ကို ညတစ်နာရီမှာ ခေါ်ဆိုမှရနိုင်မယ်.. တစ်ညကို တစ်ခါပဲ ခေါ်လို့ရမယ်.. ပြီးတော့ ခေါ်ဆိုသူတစ်ယောက်ဟာ တစ်ကြိမ်သာ ခေါ်ဆိုနိုင်ပြီး တစ်ခုကိုပဲ တောင်းဆိုလို့ ရနိုင်မယ်.. အဲဒီ တောင်းဆိုတဲ့အရာကိုလည်း *999* က တစ်နည်းနည်းနဲ့ ရအောင်



www.burmeseclassic.com

www.burmeseclassic.com



ဖြည့်ဆည်းပေးနိုင်တယ်၊ ပြီးရင်တော့ သူက ဖုန်းပြန်ခေါ်ပြီး အသက်ကို ပြန်တောင်းယူတတ်တယ်တဲ့. . အဲ. . သူ့ဖုန်းသံကို လက်မခံရင် ဒါမှမဟုတ် သူ့ဖြည့်ဆည်းမှုကို လက်မခံခဲ့ဘူးဆိုရင်တော့ ဘာအကျိုးသက်ရောက်မှုကိုမှ မခံစားရဘူးတဲ့. . အဘိုးရဲ့မှတ်တမ်းအရ *999* ကို ဖုန်းခေါ်ပြီး အသက်မသေဘဲ ကျန်ခဲ့သူဟာ အဘိုးတစ်ယောက်ပဲ ရှိတယ်. . အားလုံးကတော့ ရှင်သိတဲ့အတိုင်းပဲလေ"

"မင်းအဘိုးက ဘာကြောင့် ဘာမှမဖြစ်ခဲ့တာလဲ"

"အဘိုးက သူတောင်းဆိုထားမိတဲ့အရာကို လက်မခံဘဲ စမ်းသပ်ကြည့်မိရာကနေ လွတ်မြောက်ခဲ့တာပဲ. . ပြီးတော့. . ဒီနံပါတ်ကို တစ္ဆေနံပါတ်လို့ အဘိုးပဲ နာမည်ပေးထားခဲ့တာ. . နောက်. . အဲဒီဖုန်းကို လုံးဝမခေါ်ကြဖို့ကိုလည်း သေချာမှင်နီတားပြီး ရေးထားခဲ့တယ်. . အဲ့ဒီဖုန်းနံပါတ်ဟာ သာမန်လူတွေမဟုတ်တဲ့ စွမ်းအားရှင်လူတစ်စု. . ဒါမှမဟုတ် ပညာရှင်တစ်ယောက်ယောက်ရဲ့စီမံချက်တစ်ခုဆိုတာက လွဲလို့ အဘိုးလည်း ဘာမှကောက်ချက်ထပ်မချခဲ့နိုင်တော့ဘူး. . အဲဒီဖုန်းနံပါတ်က ဘယ်သူလဲ. . ဘယ်က လာသလဲ. . ကျွန်မ မသိခဲ့သလို အဘိုးလည်း မသိခဲ့ဘူး. . အခု ရှင့်ကိုပြောပြထားတာတွေအားလုံးက ကျွန်မသိသမျှ အကုန်ပဲ အုပ်စိုး"

"......"

ဖြစ်ရပ်ဆန်းကြယ်အကြောင်းတရားတွေကြောင့် သူ အံ့ဩတကြီးနှင့် စကားလုံးမဲ့နေရသည်။





သူမ ပြောတာတွေအားလုံးက အမှန်ပဲလား. .

ဆေးရုံကားတစ်စီးကတော့. . . ဥဩသံနှင့်အတူ မိသွန်းအလောင်းကိုသယ်ပြီး မောင်းထွက်သွားခဲ့ပြီဖြစ်သည်။

ကောင်းကင်မှာ သာနေသည့်လမင်းကြီးကတော့ မြို့ပြ တောရွာ မခွဲခြားဘဲ အေးမြမှုကိုပေးစွမ်းနေလေ၏။

သူမက လက်မှနာရီကို တစ်ချက်ပင့်ကြည့်ပြီး ယဲ့ယဲ့ကလေး ပြုံးလိုက်သည်။

12:59:02 (AM)

"ရှင် မယုံကြည်နိုင်ဘူးမို့လား အုပ်စိုး. . . ကျွန်မ ဒီညပြောခဲ့သမျှအရာအားလုံးကိုပေါ့"

သူ မဖြေမိ။ သူမမျက်နှာကိုသာ ငေးကြည့်နေမိသည်။

"ကျွန်မ ကံကောင်းပါတယ်. . ရှင့်ကို ကျွန်မ ဘယ်လောက်ထိချစ်နေကြောင်း သက်သေပြခွင့်ရလို့ပေါ့. . ရှင့်ဖုန်းလေး ခဏလောက်ပါ အုပ်စိုး"

သူမ တစ်နေရာရာကိုဖုန်းဆက်ရန် ဖုန်းပါမလာခဲ့သဖြင့် ခဏငှားသုံးသည်ဟုထင်ကာ သူ အသာတကြည်ပဲ ထုတ်ပေးလိုက်မိသည်။

ပြီးမှ သူမ လုပ်ရပ်ကြောင့် သူမျက်လုံးပြူးသွားမိသည်။

သူမက ဖုန်းကို သူမြင်သာအောင် ထောင်ပြပြီး ဂဏန်းအချို့ကို နှိပ်လိုက်၏။

*999*



www.burmeseclassic.com

www.burmeseclassic.com



သူ အမြန်ပဲ တားဆီးပိတ်ပင်လိုက်ပါသည်။

"ဟာ. . မစ်ကီ. . မင်း ဘာလုပ်တာလဲ. . ခုချက်ချင်း ဖုန်းပြန်ပေးစမ်းပါ"

"ဝမ်းနည်းပါတယ် အုပ်စိုး. . လိုင်းဝင်နေပြီ. . ရှင် ခဏလေး သည်းခံစောင့်ပေးပါ"

"မစ်ကီ. . ဘယ်လဲ. . ပြန်လာခဲ့. . အဲဒီဖုန်းကိုလည်း ချက်ချင်းချလိုက်စမ်းပါ"

"ဝုန်း"

တံခါးပိတ်သံ ဖြစ်သည်။

သူ့တားဆီးမှုတွေ အရာမထင်နိုင်တော့။ အဘယ့်ကြောင့်ဆိုသော် သူမက ဖုန်းခေါ်ပြီး အုပ်စိုး တားဆီးလို့မရတော့အောင် အခန်းအပြင်ကိုထွက်ပြီး ဖုန်းစကားသွားပြောနေသောကြောင့်ပင် ဖြစ်သည်။

အခန်းထဲမှာကား -

"ဒုန်း. . ဒုန်း. . ဒုန်း. . ဒုန်း. . ."

တစ်စုံတစ်ခုကို စိုးရိမ်ထိတ်လန့်သွားပြီး တံခါးကို အားကုန်ထုရိုက်နေမိသည်။ မရ. . .။

သူမ *999* ကို ဖုန်းခေါ်ပြီး ဘာလုပ်မှာလဲ။ ဘယ်လိုသက်သေပြမှာလဲ. .။

အတွေးတွေ ရှုပ်ယှက်ခတ်. . စိတ်တွေ မွန်းကြပ်. . အသက်ရှုရပ်မတတ်။





စက္ကန့်မိနစ်ကလေးတွေ သေဆုံး. . ရင်ထဲမှာတော့ မီးတွေ တဝုန်းဝုန်း. . .

"မစ်ကီ. . တံခါးဖွင့်ပြီးပြန်လာခဲ့ပါ. . ငါ့ကို ဘာသက်သေမှ ပြစရာမလိုပါဘူးကွာ"

အော်ဟစ်ပြောဆိုရင်း သူ တံခါးကို တဒုန်းဒုန်း ထုနေမိ၏။

သူမ ဖုန်းခေါ်ပြီး *999* ကို ဘာတွေပြောမည်နည်း။

တစ်မိနစ်. . .

နှစ်မိနစ်. . .

သုံးမိနစ်. . .

အချိန်တွေ ကုန်ဆုံးလာသည်နှင့်အမျှ. . သူ့နှလုံးခုန်သံတွေ အမြင့်ဆုံးသို့ရောက်လာခဲ့၏။ ထိုစဉ် -

"ကျွီ"

တံခါးချပ်က ဖြည်းညင်းစွာ ပွင့်ဟလာ၏။ တံခါးအဝမှာတော့ မစ်ကီက ခပ်နွမ်းနွမ်းအပြုံးနှင့်အတူ အုပ်စိုးကို ဖုန်းလှမ်းပေးနေသည်။

"ရော့. . ဒီမယ် ရှင့်ဖုန်း"

"မစ်ကီ. . မင်း ဖုန်းခေါ်ပြီး ဘာတွေပြောလိုက်တာလဲ. . ဘာကို တောင်းဆိုလိုက်တာလဲ. . ငါ့ကို မှန်မှန်ပြောစမ်းပါ. . အားလုံးဒုက္ခရောက်ကုန်တော့မှာပဲ"

သူ့ခေါင်းတွေ တကယ်ပဲ ထူပူနေပါသည်။ သူမကတော့ မယုံကြည်နိုင်လောက်အောင် အေးစက်တည်ငြိမ်လွန်းနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူမှ ဒုက္ခမရောက်စေရပါဘူး အုပ်စိုးရယ်. . ကျွန်မ တစ္ဆေဖုန်းနံပါတ်ကို တစ်ခုတောင်းဆိုလိုက်ပါတယ်. . ရှင့်ကို သက်သေပြချင်လွန်းလို့ဆိုပါတော့"

"မစ်ကီ. . မင်း ဘာကိုတောင်းဆိုလိုက်တာလဲဟင်"

". . . . . . . ."

သူမက အုပ်စိုးကို ဝမ်းနည်းမှုကိုဖုံးကွယ်လိုသောအပြုံးနှင့် အားယူကြည့်လိုက်သည်။ စီးကျလာနေသော မြစ်နှစ်စင်းကိုတော့ သူမ ထားဆီးနိုင်စွမ်းမရှိတော့။

"ကျွန်မ 999 ကို ရှင် တစ်သက်လုံးအန္တရာယ်ကင်း ဘေးရှင်းနေပါစေလို့ တောင်းဆုပြုလိုက်တယ် အုပ်စိုး"

"ဘယ်လို"

သူ့ရင်ထဲ နွေးကနဲဖြစ်သွားမိသည်။ ပြီး. . . ထိတ်လန့်သလို ခံစားရပြီး သူမမျက်နှာကိုလည်း နက်နက်ရှိုင်းရှိုင်းငေးမောကြည့်နေမိသည်။

"ဟုတ်တယ်. . ကျွန်မ အဲလို တောင်းဆိုလိုက်တယ်. . . ရှင့်ကို ကျွန်မ ဘယ်လောက်အထိ ချစ်တယ်ဆိုတာကို ရှင်ယုံကြည်သွားအောင်လို့ပေါ့"

"ဟာ. . မင်း ငါ့ကို အဲလောက်အထိ ချစ်ရသတဲ့လားကွာ"

သူ သူမကို ရင်ခွင်ထဲ ဆွဲသွင်းထားလိုက်မိသည်။

ကမ္ဘာလောကတစ်ခုလုံးကို Pass ပေးလိုက်သလို. . တိခနဲ





ဘိတ်တဆိတ်ငြိမ်သက်သွားသလို. . ရင်ထဲမှာ ကြည်နူးစွာ ချောက်ချားသွားသည်။

မဖြစ်သင့်ဘူး. . မင်း အဲလိုမလုပ်ခဲ့သင့်ဘူး. .

လူတစ်ယောက်ရဲ့ယုံကြည်မှုလေးတစ်ခုကို ရဖို့အတွက် အဲဒီလောက်ကြီး လုပ်ပြစရာလိုလို့လား. .

"ငါမှားပါတယ် မစ်ကီ. . အထင်လေးတစ်ခုတည်းနဲ့ မင်းကို ပြောခဲ့တာတွေဟာ. . ."

ဝမ်းနည်းဆို့နစ်မှုကြောင့် စကားက ရှေ့ဆက်မရ. . ပျောက်ရှနေ၏။ ရင်ထဲက ဝါကျတွေကတော့ တစ်သီတစ်တန်း မိုင်ထောင်ချီပျံသန်း. .

"မင်းကွာ အချစ်အတွက်နဲ့ အသက်ကို စတေးရသတဲ့လား၊ *999*က မင်းကို ဟာကွာ. . ငါဘေးကင်းဖို့အတွက် မင်းက အသက်ကို ရင်းပေးရတာ တရားပါ့မလား. . ငါ့ကို ခွင့်လွှတ်ပါ မစ်ကီရာ"

သူမက ရင်ခွင်ထဲက ထွက်လိုက်ပြီး အုပ်စိုးမျက်နှာကို တရှိုက်မက်မက် ငေးကြည့်ပြီး မျက်နှာပြင်နေရာအချို့ကို ကြင်ကြင်နာနာပွတ်သပ်ပေးနေ၏။

"ကျွန်မ ကျေနပ်ပါတယ် အုပ်စိုးရယ်. . ရှင့်ကို ကျွန်မ ဘယ်လောက်အထိမြတ်နိုးကြောင်း ပြခွင့်ရလိုက်လို့ပေါ့"

သူမက အပြုံးနှင့်ပြောလာသည်ဆိုပေမယ့် သူ မကြားချင်ရက်၊ မကြားရက်နိုင်ပါ။ ဒါဟာ ဘယ်လိုကံကြမ္မာဆိုးလဲ. .



www.burmeseclassic.com

www.burmeseclassic.com



"မစ်ကီ. . ငါ မင်းကို ဒီအတိုင်းခွင့်ပြုမပေးနိုင်ဘူး၊ ငါ့အတွက်နဲ့ မင်း ဒီလိုဖြစ်လို့မရဘူး. . မင်း ခုချက်ချင်း ငါနဲ့လိုက်ခဲ့. . နည်းလမ်းတစ်ခုတော့ ငါရှာလို့တွေ့မှာပါ. . သွား. . မင်းအခန်းကို ပြန်ပြီး မင်းယူစရာတချို့ယူခဲ့. . ငါတို့ အတူရင်ဆိုင်ကြတာပေါ့"

လက်နှစ်ဖက် ခပ်တင်းတင်းဆုပ်ကိုင်ထားကြ၏။ သူမက

"ကျွန်မအချစ်ကို လက်ခံပေးပါ အုပ်စိုးရယ်"

"လက်ခံပြီးသားပါ အချစ်ရယ်. . "

"ခုချက်ချင်း သေရတော့မယ်ဆိုရင်တောင် ကျွန်မ ကျေနပ်ပါပြီ မောင်ရယ်"

ညသည် တိတ်ဆိတ်နေ၏။

မကြာခင်အချိန်တစ်ခုမှာတော့. . .

လမ်းမတစ်ခုအထက်မှာ ကောင်လေးတစ်ယောက်နှင့်ကောင်မလေးတစ်ယောက်တို့ လက်ချင်းခိုင်ခိုင်တွဲထားပြီး လှမ်းလျှောက်နေကြသည်ကို လရိပ်တစ်ခုအောက်မှာ လက်ကနဲတွေ့ရလေ၏။

◆



**Love and hate are**
**the lines of a circle.**
**အချစ်နဲ့အမုန်းဟာ စက်ဝိုင်းတစ်ခုရဲ့**
**အနားသတ်မျဉ်းတွေပါပဲ...တဲ့...။**

**ကမ္ဘာ့အရေးဟာ တကယ်ဆိုရင်**
**အချက်တစ်ချက်ကိုတော့ ထည့်ရေးခဲ့သင့်တယ်...**
**တစ်ချက်ကလေး ခြေလှမ်းမှားလိုက်တာနဲ့**
**ဘဝတစ်ခုလုံး တိမ်းပါးသွားနိုင်တယ် ဆိုတာကိုပေါ့..။**



www.burmeseclassic.com

www.burmeseclassic.com

## (Pre Ending)

တိုက်ခန်းတစ်ခု၏ဧည့်ခန်းထဲတွင် ဖြစ်သည်။ အသေအချာ ရေးပြုရပါသော် ခေတ်အုပ်စိုးနှင့်မှုန်ကြီး(ယခုကွယ်လွန်ပြီး)တို့ အတူ ငှားရမ်းနေထိုင်ကြသော အဆောင်ထဲတွင် ဖြစ်၏။

အုပ်စိုးက သူမကို ပွေ့ဖက်ထားပြီး နှစ်သိမ့်စကားအထပ်ထပ် ကို ဆိုရင်းဖြင့် အဖြေရှာနေမိ၏။

"မောင်တို့. . ဟိုးအဝေးတစ်နေရာကို ထွက်ပြေးသွားမယ်ဆို ရင်ရော. . ."

သူမက ခေါင်းကို ညင်ညင်သာသာခါပြပြီး သူ့ကို ပြုံးပြနေ သည်။

"မောင်. . မစ်ကီကို လုံးဝ အဆုံးအရှုံးမခံနိုင်ဘူး. . အရမ်း ချစ်တယ် ချစ်ရယ်"

"မစ်ကီ *999*လက်က ပြေးလို့မလွတ်နိုင်ပါဘူး မောင်ရယ် အခုလို. . မစ်ကီ့အတွက် စိုးရိမ်ပူပန်ပေးနေတာတွေ. , ပွေ့ဖက် နှစ် သိမ့်ပေးနေတာတွေ. . ကြိုးစားပြီး နည်းလမ်းရှာပေးနေတာလေးနဲ့တင်





မစ်ကီ ကျေနပ်ပျော်ရွှင်လှပါပြီ မောင်ရယ်. . မစ်ကီ့အတွက် အဲလောက် စိတ်ဒုက္ခအရောက်ခံမနေပါနဲ့တော့. . . မစ်ကီလေ. . မောင်ပြုံးပျော် နေတာကိုပဲ မြင်ချင်တယ်၊ ကျန်ရှိနေသေးတဲ့အချိန်လေးတွေကို မောင် နဲ့အတူ အခုလို နွေးနွေးထွေးထွေး ပြုံးပြုံးပျော်ပျော်လေးနဲ့ဖြတ်သန်း သွားကြရအောင်ပါနော်. . မစ်ကီ ဝမ်းနည်းကြေကွဲနေမိတာ တစ်ခုပဲ ရှိတယ် မောင်"

"ဘာများလဲ မစ်ကီရယ်"

"မောင်နဲ့အတူ ကြာကြာနေခွင့်မရတော့တာကိုပေါ့"

"ဪ. . ."

ရင်ထဲမှာ တစ်စုံတစ်ခု ပျောက်ရှသွားရသလို သူ ဆွေးရိလှစ် ဟသွားမိသည်။ ရင်ခွင်ထဲကနေ မော့ကြည့်ရင်း ပြောလာသည့် သူမ နဖူးလေးကို သူ စိတ်မကောင်းခြင်းများစွာနှင့်အတူ မက်မက်စက်စက် နမ်းရှိုက်လိုက်မိ၏။

ပြီးတော့ သက်ပြင်းတစ်ချက်ကို ခပ်မျှင်းမျှင်းလေး ချလိုက် ၏။

"ဟူး. . ."

သူ့သက်ပြင်းချသံအဆုံးမှာ နှစ်ယောက်သား တိတ်ဆိတ်သွား ကြပြန်သည်။ မျက်နှာကျက်မှာတပ်ဆင်ထားသည့် ပန်ကာကြီး၏ တဝီဝီ လည်ပတ်နေသံကလွဲ၍ ဘာသံကိုမှ မကြားရ။

သူတွေးနေသည်။ ချစ်ရသူလွတ်မြောက်ရေးလမ်းဟုပေါ့။



www.burmeseclassic.com

www.burmeseclassic.com



*999* ရဲ့ဟာကွက်က ဘာလဲ. .

ခေါင်းတွေ ပူအက်ခြောက်သွေ့နေ၏။ ရေတစ်ခွက်လော ထ,သောက်လိုက်ချင်၏။

သို့သော်. . သူ ရေ ထ,မသောက်ဖြစ်သေး။ အကြောင်း သူ့ရင်ခွင်ထဲမှာ အိပ်ပျော်သွားရှာသောကောင်မလေး နိုးသွားမည် သောကြောင့်ပင် ဖြစ်သည်။

"သနားစရာကောင်းလိုက်တဲ့ အချစ်ကလေးရယ်၊ မင်း ဘယ် လောက်တောင် စိတ်ပင်ပန်းနေရမလဲကွယ်"

သူ တီးတိုးရေရွတ်ရင်း အသာငြိမ်နေပေးလိုက်သည်။

ဦးနှောက်ကိုတော့ သူ လုံးဝအနားမပေးရဲပါ. . ဖြစ်နိုင်ခြေ နည်းလမ်းများစွာကို သူ စဉ်းစားရှာဖွေနေ၏။

နံရံက နာရီကိုကြည့်တော့ ညနေ ၇း၀၀နာရီထိုးတော့မည် မနက်ကတည်းက အခန်းထဲမှာ accident တစ်စုံတစ်ရာ ဖြစ်ခွင့်မ အောင် အန္တရာယ်ရှိသည်ထင်ရသော ပစ္စည်းမှန်သမျှကို ဖယ်ထုတ်ရှ လင်းနေရတာနှင့် ဘာတစ်ခုမှ မယ်မယ်ရရမစားရသေး။

စားပွဲခုံပေါ်မှာတင်ထားသည့် ဘောလ်ပင်အချို့ကိုပင် အခန် မသင့်ရင် ထိခိုက်မိမည်စိုး၍ ဖယ်ထုတ်ပစ်ခဲ့သေးသည်။

သူ စိတ်မချခြင်းများစွာဖြင့် အခန်းထဲကိုဝေ့ကြည့်လိုက်သည် မတွေ့. . ။ အန္တရာယ်ဖြစ်လာစရာ ဘာတစ်ခုကိုမှမတွေ့။ စားပွဲပေ တွင်လည်း အလှပြပန်းအိုးလေးတစ်လုံးပင် ရှိနေစေသည်။





အခန်းတွင်းကိုတော့ သူ စိတ်ချသလောက်ရှိနေပါပြီ။

ထိုစဉ်. . သူ အတွေးတစ်ခုကို အမှတ်မထင် ခြေရာခံမိသွားသည်။

"ဟုတ်ပြီ"

သေချာအောင် အထပ်ထပ် ဆက်စပ် တွေးတောကြည့်မိသည်။

"ဖြစ်နိုင်တာပဲ"

သူ. . တစ်ချက် ပြုံးလိုက်မိပြီး ရင်ခွင်ထဲက ချစ်ရသူလေးကို အသာလှုပ်နှိုးလိုက်မိသည်။

"မစ်ကီ. . မစ်ကီ. . အချစ်. . ခဏထပါဦး"

"ဟင်"

"မောင် နည်းလမ်းတစ်ခု ရပြီ"

သူမ ချက်ချင်းထထိုင်လိုက်ပြီး သူ့ကို ထပ်မေးလိုက်သည်။

"ဘယ်လိုနည်းလမ်းလဲ မောင်"

"ဒီလို မစ်ကီရာ. . *999* က ဖုန်းခေါ်ပြီးတောင်းဆိုချက်ကို ဖြည့်ဆည်းပေးပြီးမှ အဲဒီလူဆီက အသက်ကိုပြန်ယူတာနော်"

သူမ ခေါင်းညိတ်ပြ၏။

"ဟုတ်ပြီ. . အခုလည်း မစ်ကီက မောင့်အတွက် ဘေးကင်း လုံခြုံဖို့ *999* ဆီမှာ ဖုန်းခေါ်ပြီး တောင်းဆိုထားတယ်လေ"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့. . မောင်ကလည်း အခုည. . တစ်နာရီတိတိမှာ *999*ကို ဖုန်းပြန်ခေါ်ပြီး မစ်ကီလေး လုံခြုံဘေးကင်းဖို့အတွက် ပြန်တောင်းဆိုလိုက်မယ်ဆိုရင်ရော. . ."

သူ့စကားအဆုံးမှာ သူမ လှဲကနဲ တစ်ချက် ပြုံးယောင်သွားသည်။

"ဖြစ်နိုင်တယ်နော် မောင်၊ အဲဒါ. . အဆင်ပြေနိုင်တယ်၊ မစ်ကီက မောင့်အတွက် တောင်းဆိုပေးထားလို့ မောင် အန္တရာယ်ကင်းနေသလို. . မောင်က မစ်ကီ့အတွက် *999* မှာ ပြန်တောင်းဆိုလိုက်မယ်ဆိုရင် ပြီးသွားပြီပေါ့. . ပျော်လိုက်တာ မောင်ရယ်"

တက်ကြွအားတက်မှုနှင့်အတူ နှစ်ယောက်သား ပွေ့ဖက်နေမိကြသည်။ အတော်ကြာမှ သူမက -

"ဒါပေမယ့်. . တစ်ခုကျန်နေသေးတယ် မောင်"

"ဘာကိုလဲ. ."

"မောင်က မစ်ကီ့အတွက် *999* ဆီမှာ တောင်းဆိုဖို့က ညတစ်နာရီမှခေါ်လို့ရမှာလေ. . . *999* ကတော့ မစ်ကီတို့ဆီကို အချိန်မရွေး ဖုန်းပြန်ဝင်လာနိုင်တယ်မို့လား"

"အဲဒီတော့. . ."

"အခု ညတစ်နာရီမထိုးခင်မှာ အဲဒီဖုန်းက ပြန်ဝင်လာခဲ့မယ်ဆိုရင်. . ."

နှစ်ယောက်သား အသံတွေ တိတ်ဆိတ်သွားရပြန်သည်။





ရရှိထားသော အပျော်လေးက မိနစ်ပိုင်းအတွင်း ကျိုးပဲ့ပျက်သွားရပြန်ပါသည်။

"ဟူး. . . ဒါကတော့ မောင်တို့နှစ်ယောက်ရဲ့ ကုသိုလ်လို့ပဲ သဘောထားလိုက်ရတော့မှာပေါ့ မစ်ကီရယ်. . မောင် ဖုန်းမခေါ်နိုင်သေးခင် ဖုန်းပြန်မဝင်ပါစေနဲ့ပဲ ဆုတောင်းနေရတော့မှာပေါ့"

"ကဲပဲပေါ့ မောင်ရယ်"

"နေဦး"

သူမက သူ့စကားကြောင့် မော့ကြည့်လိုက်ပြီး 'ဘာများလဲ' ဆိုသည့်သဘောနှင့် ခေါင်းဆတ်ပြ၏။

"မစ်ကီက မောင်အန္တရာယ်ကင်းဖို့အတွက် တောင်းဆိုထားတာပဲ. . အကယ်၍များ ဒီအချိန်မှာ မောင်သာ ထိခိုက်မှုတစ်စုံတစ်ရာကြုံတွေ့ခဲ့ရင် မစ်ကီ့တောင်းဆိုမှု ပျက်သွားပြီး မစ်ကီ့ကို *999* က ဘာအကျိုးသက်ရောက်မှုမှ မရှိနိုင်တော့ဘူးပေါ့. . မဟုတ်ဘူးလား"

သူမ တစ်ချက် တွေသွားပြီး ခပ်မြန်မြန်ပဲ ငြင်းဆိုလိုက်ပါသည်။

"နိမိတ်မရှိ နမာမရှိ. . မကြံကောင်းမစည်ရာ မောင်ရယ်. . အဲဒီနည်းကြီးက မကောင်းပါဘူး. . ဖြစ်လည်း မဖြစ်နိုင်ပါဘူး မောင်ရယ်"

"ဘာလို့မဖြစ်နိုင်ရမှာလဲ ချစ်ရယ်. . ဒီအချိန်မှာ ဘာပဲဖြစ်ဖြစ် မောင် ကြိုးစားကြည့်သင့်တယ်လေ. . အနည်းဆုံးတော့ *999* ကို



www.burmeseclassic.com

www.burmeseclassic.com



ညတစ်နာရီအထိ ဖုန်းပြန်မခေါ်နိုင်အောင် ဒီလုပ်ရပ်က အကျိုးရှိ
မှာပါ"

သူ နာရီကို တစ်ချက်ကြည့်လိုက်၏။

ည ၁၀နာရီခွဲလုပြီ။

"မစ်ကီ. . ဒီမှာ ခဏထိုင်နေနော်. . မောင့်ဖုန်းကိုရော မစ်ကီ
ဖုန်းကိုပါ စက်ပိတ်ထားတယ်၊ ညတစ်နာရီရောက်မှ မစ်ကီဖုန်းကိုဖွင့်
ပြီး မောင်ပြန်ခေါ်ရင်း တောင်းဆိုလိုက်မယ်. . လုံးဝမထနဲ့၊ လုပ်ချင်
တာရှိရင် မောင့်ကို အရင်ပြောပါနော်"

သူက သူမကို စိတ်မချနိုင်သလို တတွတ်တွတ်မှာပြီး မှန်ကြိုး
နေသွားသောအခန်းတံခါးကို ဖွင့်လိုက်သည်။

"မောင် ဘယ်သွားမှာလဲ"

"အခန်းထဲ ခဏလေးတင်ပါ"

အုပ်စိုးက မှန်ကြိုး စာရေးစားပွဲအံဆွဲထဲက တစ်စုံတစ်ခုကို
ရှာဖွေနေ၏။ မကြာသောအချိန်တစ်ခုမှာပင် သူတွေ့ရသည်။

"မြှောင်း"

ခလုတ်တစ်ခု အရှိန်နှင့် ငွေရောင်တလက်လက် အသွားတစ်
ခုက ရှန်းကြွလာ၏။ မောင်းချမြှောင်းတစ်လက်။

သူ သေချာကြည့်ပြီး ပြုံးလိုက်၏။

နောက်. . . . . . . . . . . . . . . . .

◆





အချိန်၏ရွေ့လျားနှုန်းက သည်ကနေ့ညမှ အလွန်နှောက်ကျဲ
နေသည်ဟု သူ ထင်မြင်မိ၏။ ဖုန်းပြန်မဝင်ခင် သူ ခေါ်နိုင်မှ မစ်ကီ
အန္တရာယ်ကင်းမည်။ သို့ကြောင့် ညတစ်နာရီကို ခပ်မြန်မြန်ရောက်ဖို့
လိုအပ်သည်။

သို့သော် နံရံထက်က နာရီက ည ၁၁း၃၀ အချိန်သို့သာ ပြ
သွန်းထားနေသေးသည်။

သူ မှန်ကြိုးအခန်းထဲက ပြန်ထွက်လာပြီး သူမဘေးမှာ ဝင်
ထိုင်ရင်း နူးညံ့သောအနမ်းတစ်ပွင့်ကို ဖန်ဆင်းပေးလိုက်သည်။

သူမက ပြုံး၍ကြည့်နေသည်။ တစ္ဆေနက္ခတ်နှင့်ကောင်မလေး
ဆိုသော်ငြားလည်း သူမအပြုံးက နတ်သမီး ရှုံးလောက်သည်ဟု သူ
မှတ်ချက်ပေးနေမိပါသည်။

သူမက သူ့ပခုံးလေးပေါ်ကို လက်ဖဝါးလေးတင်ပြီး မှီနွဲ့နေ
၏။

အချိန် နာရီ မိနစ်တွေ ကုန်ဆုံးလာသည်နှင့်အမျှ စိတ်လှုပ်
ရှားမှုကလည်း တိုးပွားလာနေသည်။

သူမက သူ့ရင်ခွင်လေးထဲကို တိုးဝင်လာချိန်မှာတော့ သူ
တစ်ချက်တွန့်သွားမိသည်။

ဒါကို သတိထားမိသွားသော သူမက

"မောင်. . ဘာဖြစ်လို့လဲဟင်"

"ဟင့်အင်း. . ဘာမှမဖြစ်ပါဘူး အချစ်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"မောင် တစ်ခုခုဖြစ်နေပါတယ်. . ဟင်"

သူ. . သူမကို လိမ်ညာထား၍မဖြစ်နိုင်တော့။

သူ့ဝမ်းဗိုက်နေရာအကျီမှာ အနီရောင်အစွန်းကွက်တစ်ခု တစစ နေရာယူလာနေသောကြောင့်ပင် ဖြစ်၏။

"မောင်. . သွေးတွေ မဟုတ်လား. . မစ်ကီကို ပြောစမ်းပါ။ ဘာဖြစ်တာလဲ"

သူမက သူ့အကျီကို ဆွဲလှပ်ကြည့်လိုက်သည်။

"အို"

သူမ ပါးစပ်အဟောင်းသားဖြစ်သွားသည်။

သူ့ရင်ဘတ်အလယ်မှာတော့ သွေးယိုစီးကျနေသော ကြယ် ခြေခတ်ပုံစံ အစင်းကြီးနှစ်ခု။

"မောင်. . ဒါ ဟို့အခန်းထဲ ဝင်ပြီး တမင် ဒဏ်ရာရအောင် လုပ်လိုက်တာမို့လား. . မစ်ကီကို မှန်မှန်ပြောစမ်းပါ မောင်ရယ်"

သူ အသာပဲ ခေါင်းညိတ်ပြလိုက်မိသည်။

"ဩော်. . . မောင်ရယ်"

သူမက သူ့ကို ဖက်ပြီး တသိမ့်သိမ့်ရှိုက်ငိုနေ၏။

"မငိုပါနဲ့ ချစ်ရယ်. . ဒီဒဏ်ရာလေးက မစ်ကီ မောင့်အတွက် ရင်းထားတဲ့ အသက်နဲ့စာရင် ဘာမှမပြောပလောက်တဲ့ အရေးပါ. . က အရာလေးသက်သက်ပါ"

ချစ်ခြင်းနှင့်စိုလဲ့တောက်ပနေသော မျက်ဝန်းနှစ်စုံတို့သည်





ဒိပ်ပ်မက်တစ်ပုဒ်ကို နိုင်ငံမချုပ်ဖို့အတွက် အားကုန်ကြိုးစားနိုးထခဲ့ရသလို ရိုရိုဝေဝေ စွတ်စွတ်စိုလို့. . .

နာရီ စက္ကန့်တံတို့ကတော့ တဖြောက်ဖြောက်နှင့် အနာဂတ်ကို ခရီးဆက်ဖို့ ရှေ့ဆက်နေကြလေသည်။

12 : 30 : 49 (AM)

သူ. . စားပွဲပေါ်က သူမ မိုဘိုင်းလ်ဖုန်းလေးကို ကောက်ကိုင်လိုက်၏။

သူမကတော့ သူ လုပ်ကိုင်နေသမျှကိုသာ ညှိုးငယ်နွမ်းလျစွာ လိုက်ကြည့်နေ၏။

အချိန်နီးကပ်လာလေလေ. . ရင်ခုန်စိတ်လှုပ်ရှားမှုက များလာရလေလေ. . .။

သူမ စိတ်ခတ်မကျရအောင်လည်း သူ့မှာ မကြာမကြာ အားပေးစကားပြောပေးနေရပါသေးသည်။

"မစ်ကီ. . မောင်တို့ ဒီညတစ်ညကို အတူ ဖြတ်ကျော်နိုင်မှာပါ. . အားတင်းထားနော်. . မစ်ကီ ဘာမှမဖြစ်နိုင်ပါဘူး"

တစ်ယောက်လက်ကို တစ်ယောက် ဆုပ်ကိုင်ထားလိုက်ကြသည်။

"အား. . . ကျွတ်"



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်ထွက်ပေါ်လာသည့် သူ့ညည်းတွားသံကြောင့် သူမ စိုးရိမ်သွားပုံရပါသည်။

"မောင် အဲဆင်ပြေရဲ့လား. . ဒဏ်ရာက အရမ်းနာနေတာလားဟင်"

"မဟုတ်ဘူး မစ်ကီ. . မောင့်ဗိုက်ထဲက ရစ်ရစ်နာလာလို့"

သူမ ဘာလုပ်ရမည်မသိ ဖြစ်နေရ၏။

"မစ်ကီ. . . ဒီမှာ ခဏထိုင်နေဦးနော်. . ဘာမှမလုပ်နဲ့နော် ငြိမ်ငြိမ်လေးပဲ ထိုင်နေပေးပါ. . မောင် Toilet ခဏဝင်လိုက်ဦးမယ်"

နံရံထက်ကနာရီကို သူ အမှတ်တရလှမ်းကြည့်မိတော့ အချိန်က သိပ်မကျန်လှတော့။

12 : 45 : 15 (AM)

သူ့ဗိုက်ကလည်း မရတော့။ ပိုဆိုးလာနေ၏။

ဗိုက်ထဲက နာတဲ့ဝေဒနာရော. . ရင်ဘတ်က ကြက်ခြေခတ်ဓားဒဏ်ရာက ဝေဒနာကပါ ရောပြွမ်းပြီး သူ့ကို ပညာပြနေကြသည်။

သူ မဖြစ်တော့ပါ။

Toilet ရှိရာ နောက်ဖေးဘက်သို့ အမြန်သွားပြီး ဝင်လိုက်ရ၏။ အနည်းငယ်စွန့်ပစ်လိုက်မှ နေသာထိုင်သာရှိသွားသည်။

ရင်ဘတ်က ဓားဒဏ်ရာက စီးကျနေသည့် သွေးစက်တွေကတော့ မြင်မကောင်းလှအောင်ကို နီရဲနေပြီ ဖြစ်သည်။ ယခုအချိန်မှာတော့ သူ့ဒဏ်ရာကို အရေးမစိုက်နိုင်သေးပါ။

ချစ်ရသူရဲ့သေရေးရှင်ရေးကိစ္စက အရေးအကြီးဆုံးပဲ မဟုတ်ပါလား. .

သို့ကြောင့် သူ့လက်ထဲက သူမရဲ့မိုဘိုင်းလ်ဖုန်းလေးကို ပါဝါဖွင့်လိုက်သည်။

12 : 55 : 32 (AM)

အချိန်က မရှိတော့။ ကိစ္စကို အမြန်ရှင်းမှဖြစ်တော့မည်။

သူ. . အမြန်လုပ်ပြီး Toilet တံခါးကို ဖွင့်လိုက်သည်။

မွှရ. . .

"ဟင်. . . ဘာလဲဟ"

သူ. . နောက်တစ်ကြိမ် ထပ်ကြိုးစားပြီး တံခါးကို ဖွင့်လိုက်သည်။ မထူးခြားပါ။

သူ ခေါင်းနပမ်းကြီးသွားရ၏။

"ဟာ. . အရေးထဲ. . တံခါးက lock ကျနေသေးတယ်"

သူ တီးတိုးရွတ်ဆိုရင်းဖြင့် တံခါးကို ထပ်ဖွင့်ကြည့်သည်။ မည်သို့မျှ မရသဖြင့် အတော်စိတ်မာတ်ကျသွားမိသည်။ ဖုန်း screen ပေါ်က နာရီကို တစ်ချက်ကြည့်လိုက်မိပြန်သည်။







www.burmeseclassic.com

www.burmeseclassic.com



12 : 59 : 01 (AM)

"ဟာ"

သည်အချိန်မှာ သူ့အတွက် တံခါးဖွင့်ဖို့ထက် *999* ၏ ဖုန်းခေါ်နိုင်ဖို့က ပိုအရေးကြီးနေပြီဖြစ်သည်။

သူ. . . Touch Screen ပေါ်က ဂဏန်းအချို့ကို ခပ်မြန်မြန်ပဲ နှိပ်ပစ်လိုက်၏။

*

9

9

9

*

♦





သူမ ထိုင်ခုံမှာ ငြိမ်သက်စွာ ထိုင်ရင်းနှင့် သူ ပြန်အလာကို စောင့်နေမိသည်။ နံရံထက်က နာရီကိုလည်း မကြာခဏဆိုသလိုကြည့်မိနေသည်။

အခုထိ သူ ပြန်မလာသေး. . . ။

သူမ ဘာလုပ်ရမည်နည်း. . . ။

ထိုစဉ် ထူးဆန်းသောအဖြစ်အပျက်တစ်ခုက သူမကို အံ့သြတုန်လှုပ်သွားခဲ့စေပါသည်။

စားပွဲပေါ်မှာရှိနေသော အုပ်စိုး၏မိုဘိုင်းဖုန်းလေးက သေသေချာချာ ပါဝါကို ပိတ်ထားခဲ့ပါလျက်နှင့် ထ, မြည်လာခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

ရုတ်တရက်မို့ သူမ မကိုင်ရဲသေးပါ. . . ။ သေချာမှုတစ်ခုကို အတည်ပြုရန်အတွက် သူမ ထပြီး ဖုန်းကို ယူကြည့်လိုက်မိသည်။

"ဟင်. ."

အံ့သြသင့်ဖွယ်ကောင်းသော ပြကွက်များနှင့်ဝင်လာခဲ့သော တစ္ဆေနံပါတ်တစ်ခု. .

* 999 *

သူမ ဘာလုပ်ရမည်နည်း။

ဖုန်းကို ဖြေလိုက်ရမည်လား. . ဒီအတိုင်းပဲ ကြည့်နေရမည်လား. . ဖုန်း ringtone သံအဖြစ် ထည့်သွင်းထားသည့် သီချင်းသံလေးကတော့ ထွက်ပေါ်နေဆဲပင် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



♬ × × တကယ်ပဲလည်း နင် မချစ်ဘဲနဲ့ × × လာပြီးတော့ ညာချွဲမနေနဲ့ × × ♬

သူမ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ပုံရသည်။

သူမ လက်တစ်ဖက်က ဖုန်း screen ပေါ်သို့ ရွေ့လျားသွား၏။ ခလုပ်တစ်ခုကို နှိပ်ရန်အတွက် သူမ အသက်ခပ်ပြင်းပြင်းတစ်ချက်ကိုလည်း အားယူသလို ရှူသွင်းလိုက်ပါသေးသည်။

ထို့နောက်. . .

ဖုန်း ringtone သံလေးက. . .

ပျောက်ကွယ်သွားလေတော့သည်။

◆





သူ Toilet ထဲမှာ ဖုန်းကို နားမှာ ကပ်ရင်း အာရုံစိုက်ထားလိုက်၏။

ဘာသံကိုမှ မကြားရ။ လိုင်းက ပြုတ်ကျသွားသည်။

*999*

နောက်တစ်ကြိမ် ထပ်ခေါ်ကြည့်လိုက်သည်။ မရ။

Called ended ဖြစ်နေပြန်သည်။

သူ ထပ်နှိပ်လိုက်ပြန်သည်။ မရ။

ထိုစဉ်. . . သူ့နားထဲကို အသံသဲ့သဲ့တစ်ခု တိုးဝင်လာ၏။

စိတ်ထဲမှာလည်း မယုံကြည်နိုင်စွာဖြင့် ဇဝေဇဝါ ဖြစ်သွားရသည်။ သူ ဖုန်းကို သေသေချာချာစက်ပိတ်ထားခဲ့သည် မဟုတ်ပါလား။

♬ × × တကယ်ပဲလည်း နင် မချစ်ဘဲနဲ့ × × လာပြီးတော့ ညာချွဲမနေနဲ့ × × ♬

မလွဲနိုင်ပါ။ သူ့ ဖုန်း ringtone သံစစ်စစ်ပဲ ဖြစ်ပါသည်။

“ဟင်. . ဒါ. . မဖြစ်နိုင်ဘူး. . ဘယ်လိုလုပ် ဖုန်းက ဝင်လာခဲ့တာလဲ. . ဟို. . ဟိုဖုန်းက ပြန်ခေါ်နေတာများလား. . ဒါဆိုရင်. . . မစ်ကီ”

အတွေးနဲ့တင် သူ့ရင်ကို ဗလောင်ဆူသွားစေခဲ့သည်။

“အား. . .”

စူးစူးရှရှအော်ဟစ်သံ တစ်ခု။

“ဟင်. . ဒါ. . မစ်ကီအော်သံပဲ”



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်တော့. . . Toiletထဲကနေ အမြန်ထွက်နိုင်မှ ဖြစ်တော့မည်။

သူ နောက်ကို ခြေ ဥလမ်းခန့်ဆုတ်ပြီး အားယူလိုက်သည်။ နောက် တံခါးကို အားနှင့်တွန်းဖွင့်ရန် ပြင်ဆင်လိုက်ပြီးမှ တံခါးလက်ကိုင်ဘုကို သေချာလှည့်ကြည့်လိုက်မိ၏။

"ချောက်. . ."

တံခါးက သာသာယာယာပင် lock ပွင့်သွားသည်။

"ဟင်. . . ဘယ်လိုကြီးလဲ"

တံခါးအကြောင်းကို သူ ရှည်ရှည်ဝေးဝေး တွေးတောနေချိန်မရ. . ဧည့်ခန်းထဲကို အမြန်ပြေးဝင်လိုက်ရသည်။

"ဟင်"

ဧည့်ခန်းက ရှင်းလင်းနေပါသည်။ သူမကို မတွေ့ရ. . .

သူမ ဘယ်ရောက်သွားပါသလဲ. .

ဘုရား. . ဘုရား. . . *999* ကများ. .

သူ. . ဘက်မတွေးဝံ့တော့။

သူ. . သူမအမည်ကို အော်ခေါ်ကြည့်လိုက်သည်။

"မစ်ကီ. . မစ်ကီရေ. . ဘယ်မှာလဲ"

တုံ့ပြန်မှုမရှိ။

အခန်းလေးက တိတ်ဆိတ်နေ၏။ သူ ဧည့်ခန်းထဲကို သတိနှင့် မျက်လုံးကစားကြည့်လိုက်၏။





ဘာတစ်မှ ခြေရာလက်ရာမပျက်။ လှုပ်ရှားမှုဟူ၍လည်း နံရံထက်က နာရီစက္ကန့်တံတစ်ခုနှင့် မျက်နှာကျက်မှာ တပ်ဆင်ထားသည့် ပန်ကာနှစ်ခုတို့သာ ရှိနေသည်။

သူမ. . . အော်သံကို သေသေချာချာကြားရပြီး သူချက်ချင်း ထွက်လာခဲ့တာပဲ ဖြစ်သည်။ တစ်စုံတစ်ယောက်ကများ သူမကို ဆွဲခေါ်သွားလေသလား. .

အတွေးနှင့် အခန်းတွေထဲကို တစ်ခန်းဝင်တစ်ခန်းထွက် သူ လိုက်ရှာကြည့်မိသည်။ မတွေ့။

"မစ်ကီ. . မစ်ကီ"

သူ စိုးရိမ်ထိတ်လန့်မှုကြောင့် မျက်နှာမှာဇောချွေးတို့ပင် တွဲခိုနေပြီဖြစ်သည်။

သူမမှာ ဘယ်လိုအန္တရာယ်တွေ ကျရောက်နေပြီလဲ. . . ဝရံတာဘက်မှာများ ရှိနေမလား. . အတွေးနှင့်အတူ ဝရံတာဘက်ကိုပြေးကြည့်လိုက်သည်။ မတွေ့. . .။

သူ အတော်ထိတ်လန့်လာခဲ့ပြီဖြစ်သည်။

သူ ဧည့်ခန်းထဲကို စိတ်ပျက်လက်ပျက်နှင့် ပြန်ဝင်လာခဲ့ပြီး စိတ်ကို တည်တည်ငြိမ်ငြိမ်ဖြစ်အောင်ကြိုးစားပြီး အဖြေရှာနေမိသည်။

"ဖျစ်. . . ဖျစ်"

အပေါ်မှလာသော အသံတစ်ခုမှန်း သူ ရိပ်စားမိသွားသည်။

"အပေါ်က ဘာသံတွေလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ ဖြည်းဖြည်းချင်း ခေါင်းကို မော့ကြည့်လိုက်သည်။

"ဟာ. ."

အရာဝတ္ထုတစ်ခု. . လှုပ်လှုပ်ရှားရှားပြုတ်ကျလာနေပြီဖြစ်၏။ သူ့ခေါင်းတစ်ခုလုံး ပူကျင်သွားသည်။

"အား. . ."

တဝီဝီလည်ပတ်ရင်း မျက်နှာကျက်ကနေ ပြုတ်ထွက်ကျလာသော ပန်ကာကြီးတစ်ခုက သူ့ဦးခေါင်းတည့်တည့်ပေါ်သို့ အရှိန်နှင့် ပြေးဝင်ပြုတ်ကျလာခဲ့သည်။

"ဒုတ်"

"အင့်. ."

"ခွမ်း"

သူ ပိုးစိုးပက်စက်လဲကျသွားပါသည်။ ဦးခေါင်း တစ်ခုလုံးလည်း နီရဲသွားသည်။

နောက်. . . သွေးများက ဦးခေါင်းမှတစ်ဆင့် ကိုယ်ခန္ဓာပေါ်သို့ စီးကျလာ၏။

ခြေထောက်တစ်ဖက်အပေါ်မှာ ပြုတ်ကျလာခဲ့သော ပန်ကာကြီးက ပိနေသည်ကြောင့် သူ ရုန်း၍မရ. . ရုန်းဖို့လည်း အင်အားမရှိတော့. .။ ဒဏ်ရာတွေက ဦးခေါင်း၊ ရင်ဘတ်နှင့် သူ့ခြေထောက်တို့မှာ ခံရခက်လှစွာ. .

ကြမ်းပြင်ပေါ်မှာလည်း သွေးစက်တွေက တဖြည်းဖြည်းနှင့်





အိုင်ထွန်း၍လာနေ၏။ သူ့ခေါင်းတစ်ခုလုံးလည်း မူးရီနောက်ကျိနေလေသည်။

သူမ ဘယ်မှာလဲ. . အန္တရာယ်မှကင်းရဲ့လား. .

သူ ဒဏ်ရာများစွာကို သေလုအောင် ခံစားနေရသည့်ကြားမှ ချစ်ရသူ မစ်ကီအတွက် ပူပန်တွေးတောတမ်းတနေမိသေးသည်။

"မစ်ကီ. . မစ်ကီ"

ထိုစဉ်. . အခန်းတစ်ခုထဲမှ သူ လဲကျရာနေရာသို့ အေးဆေးညင်သာစွာ လှမ်းလျှောက်လာနေသောခြေလှမ်းတစ်စုံကို သူ ဝိုးတဝါးမြင်လိုက်ရ၍ သေချာအာရုံစိုက်ပြီး ကြည့်လိုက်မိသည်။

"မစ်ကီ"

ရုတ်တရက် သူ့ကို အကောင်းအတိုင်းတွေ့လိုက်ရသဖြင့် သူ ဝမ်းသာသွားသည်။

"မစ်ကီ. . မင်း ဘာမှမဖြစ်ဘူးနော်. . မောင်. . မောင် ဝမ်းသာလိုက်တာ"

"အဟင်း. . ဟင်း"

သူမက ဟာသမပါဝင်ပါဘဲနှင့် သူ့စကားကို သဘောတကျ ရယ်မောနေခဲ့၏။ သူမမျက်နှာမှာတော့ ရက်စက်စိမ်းကားမှုတို့က နေရာယူပြည့်။ သူမ၏မျက်ဝန်းအစုံကလည်း မကောင်းဆိုးဝါးတစ်ကောင်ရဲ့ မျက်လုံးတွေလို အေးစက်စိမ်းလဲ့နေ၏။

"ဟင်. ."



www.burmeseclassic.com

www.burmeseclassic.com



သူ. . အံ့အားသင့်သလို အထူးအဆန်းသတ္တဝါတစ်ကော
လို သူမကို မှင်သက်ငေးမော ဆွံ့အနေမိသည်။

ဘယ်လိုဖြစ်ရတာလဲ. . ဒါ. . ဘယ်လိုဖြစ်ရတာလဲ. .

ကမ္ဘာကြီးတစ်ခုလုံး ဘာတွေမှားယွင်းလွဲချော်နေပါသလဲ

သွေးထွက်လွန်ကဲမှုနှင့် ခန္ဓာကိုယ်က ဒဏ်ရာဒဏ်ချက်ေ
ကြောင့် သူ နာကျင်မှုဒဏ်ကိုလည်း လူးလိမ့်ခံစားနေရပါသေးသည်

"မစ်ကီ. . မောင့်ကို ဘာရယ်ကြည့်နေတာလဲ. . ဒီခြေထော
ပေါ်က ပန်ကာကြီး. ."

"ဘာ မောင်လဲ. . ဘယ်က မောင်လဲ. . ခေတ်အုပ်စိုး"

သူမက စကားမဆုံးခင် မာကြောခက်ထန်စိမ်းကားလှသော
စကားစုတို့ဖြင့်ဖြတ်ပြောလာခဲ့သဖြင့် သူ အတော်တုန်လှုပ်သွားမိသည်

"ဒီမယ်. . . အုပ်စိုး၊ ရှင်က ရှင့်ကိုယ်ရှင် သိပ်တွက်တာကိုး. .
ကျွန်မစိတ်ထဲမှာလည်း ရှင့်ကို စိတ်ဝင်စားတယ် ဆိုတဲ့အဆင့်အထိ
ရှိပါတယ်. . ဒီထက်တော့ ဘာမှမပိုပါဘူး"

"ဘာ. . ."

"ဟုတ်တယ်. . အားလုံးက ရှင့်ကို ကျွန်မလှည့်စားထားခဲ့တာ
ဘယ်လိုလဲ. . အတော်မှ နေသာထိုင်သာရှိရဲ့လား"

သူမက ရုပ်ပျက်ဆင်းပျက်ဖြစ်နေရသည့်သူ့ကို ကြည့်ပြီး. .
တဟင်းဟင်းနှင့်ရယ်နေသေးသည်။ သူ ဝေဒနာအစုံကြောင့် အတွင်း
ရော အပြင်ရော နာကျင်ခံစားနေရ၏။





"မင်း. . မင်း တော်တော်ကြောက်စရာကောင်းတဲ့မိန်းမပဲ"

"အဟင်း. . ဒါပေမယ့် ရှင် သိပ်ချစ်ခဲ့မိတယ်မို့လား ခေတ်
အုပ်စိုး"

". . . . . . . ."

သူမရဲ့အမှတ်သည်းခြေကြီးမှုအတွက် သူ တကယ်ပဲ အံ့အား
သင့်မိပါသည်။

သူမက လက်ထဲမှ သူ့မိုဘိုင်းလ်ဖုန်းလေးကို မြင်သာအောင်
ထောင်ပြသည်။ call log စာရင်းထဲမှာ *999* ၏အဝင်မှတ်တမ်းကို
သူတွေ့ရ၏။

"မြင်ရတယ်မို့လား. . ရှင့်ဖုန်းထဲကို ပြန်ဝင်လာတဲ့ တခြေဖုန်း
နံပါတ်. . ရှင် သိထားဖို့က *999* က ဘယ်သူပဲ ခေါ်ခေါ် ဖုန်းပိုင်
ရှင်နဲ့ပဲ သက်ဆိုင်တယ်. . ပြီးတော့. . ရှင့်အတွက် ဘေးကင်းလုံခြုံဖို့
တောင်းဆိုခဲ့တယ်ဆိုတာ တကယ်တော့ ကျွန်မ လိမ်ခဲ့တာ"

သူ ထိတ်လန့်အံ့ဩစွာ သူမမျက်နှာကို ငေးကြည့်၍သာ နေ
မိသည်။

"မဟုတ်ရင်. . ရှင်က ဒီနံပါတ်ကို တစ်သက်လုံးခေါ်တော့မှာ
မှ မဟုတ်တာ. . နောက်တစ်ချက်က *999* ရဲ့ဖြည့်ဆီးမှုကို လက်မခံ
ခဲ့ရင် ဘာအကျိုးသက်ရောက်မှုမှမရှိဘူးဆိုတာမှန်ပေမယ့် ဖုန်းခေါ်ပြီး
ဘာမှမပြောဘဲထားခဲ့ရင်လည်း အဲ့ဒီဖုန်းပိုင်ရှင်ကို *999*က အခွင့်တ
ပေးမထားဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ. . ဒါဆို မင်းက. ."

"ဟုတ်တယ်. . ရှင့်ဖုန်းနဲ့ ကျွန်မ ခေါ် ရုံပဲ ခေါ် ခဲ့တာပါ"

"ဟာ. . ."

သူ အတော်သွေးပျက်သွားမိသည်။

သူမကတော့ တဟင်းဟင်းရယ်မောနေလေ၏။

"မစ်ကီ. . မင်းဟာ တကယ်ပဲ တစ္ဆေနက္ခတ်နဲ့လူပဲ"

"ဟုတ်တယ်. ."

"မင်း. . လူတွေ အများကြီးကိုသတ်ခဲ့တာ. . မင်းပဲ"

"အို. . နိုးနိုး. . ရှင် ဒီလိုမပြောပါနဲ့. . ကျွန်မလက်နဲ့သတ်တာကို ရှင်တွေ့ရလို့လား"

". . . . . . . . ."

သူ တွေးကြည့်မိသည်။ သူမ ပြောတာ မှန်နေသည်။ သူ ကိုယ်တိုင်ကိုယ်ကျသတ်ဖြတ်ခဲ့တာ မဟုတ်။

အားလုံးဟာ မတော်တဆပုံစံတွေပဲ. . .

ဒါဆို. . သူမက ဘာလဲ. . ဘယ်လို စေတန်မျိုးလဲ. .

"ဒါပေမယ့် မပူပါနဲ့. . ရှင် သေရမှာပါ အုပ်စိုးရယ်. . ဒီမှာကြည့်"

စကားအဆုံးမှာ သူမက စားပွဲပေါ် မှပန်းအိုးကို လက်ညှိုးထိုးပြလိုက်သည်။သူလည်း သူမ လုပ်သမျှကို မျက်လုံးအပြူးသားနှင့်လိုက်ကြည့်နေမိသည်။





စားပွဲပေါ် မှပန်းအိုးက သူမ လက်လှုပ်ရှားမှုအတိုင်း လေထဲမှာ ရွေ့လျားလာနေ၏။

"ဟင်. ."

သူ အတော်အံ့အားသင့်နေမိသည်။ သူမကတော့ ကြောက်စရာကောင်းလောက်ကို ပြုံးရယ်နေပါ၏။

ပန်းအိုးက တဖြည်းဖြည်းနှင့် မိုးပေါ် ကို မြောက်တက်လာပြီး သူ့ခေါင်းပေါ် တည့်တည့်သို့ရောက်လာခဲ့သည်။

"မစ်ကီ. . မင်း. . မင်း. . ဒါ ဘာလုပ်နေတာလဲ"

ရရှိထားသည့်ဒဏ်ရာများ ပိကျနေသည့် ပန်ကာတို့ကြောင့် သူ ရှောင်တိမ်းလှုပ်ရှား၍မရ။

"မစ်ကီ"

"ဟင်းဟင်း. . ရှင် သိပ်ကြောက်နေသလား အုပ်စိုး"

သူမက လက်ညှိုးလေးကို ရုတ်သိမ်းဖယ်ရှားပစ်လိုက်၏။ သူ့ခေါင်းပေါ် တည့်တည့်မှာ ရပ်တန့်နေသောပန်းအိုးက အထိန်းအချုပ်တင်းမဲ့လှစွာ. . .

သူ မျက်လုံးပြူးသွားမိသည်။

"ခွမ်း"

ပန်းအိုးတစ်ခုလုံး ကွဲကြေသွားသည်။

"အဲဒါ. . ဘယ်သူမှမသိကြတဲ့ ကျွန်မရဲ့လျှို့ဝှက်စွမ်းအင်တစ်ခုပေါ့ အုပ်စိုး. . တမလွန်မှာ သူငယ်ချင်းတွေနဲ့ဆုံစည်းနိုင်ပါစေ"



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းပြင်ပေါ်မှာ ဝိညာဉ်မဲ့ခန္ဓာတစ်ခု ငြိမ်သက်နေသည်၊ ခပ်လှမ်းလှမ်းမှာတော့ *999* အဝင်ကို ပြထားသော မိုဘိုင်းဖုန်းလေး တစ်လုံး. .

ညရဲ့လမ်းမတစ်ခုပေါ်မှာတော့ ကြွက်တံဆိပ်အကျီနဲ့ကောင် မလေးတစ်ယောက် အပူအပင်မဲ့စွာ လမ်းလျှောက်နေသည်ကိုတွေ့ရ သည်။

"ဂိ. . "

ညဥ့်ငှက်တချို့ ထပ်ပျံသွားသည်။

ကောင်းကင်ထက်က လမင်းကြီးကတော့ တောရွာ၊ မြို့ပြ မခွဲခြားဘဲ အေးမြမှုအလင်းစွမ်းအားကို ပေးသနားထားဆဲပင် ဖြစ်လေ တော့၏။

♦





မဂ္ဂဇင်း၊ ဂျာနယ်အချို့တွင် အောက်ပါသတင်းများကို စိတ် မကောင်းကြီးစွာ တွေ့ရှိရမည်ဖြစ်ပါသည်။

**ထူးဆန်းလွန်းသော**
**မတော်တဆသေဆုံးမှုများ၏နောက်ကွယ်. . . ?**

၁၅-၉-၁၃

၂၀၁၃ ခုနှစ်၊ ဇူလိုင်းမှစတင်၍ (. . . . .)တက္ကသိုလ်တွင် (၃)လအတွင်း ကျောင်းသူကျောင်းသားသူငယ်ချင်း ၅ယောက်တို့ သည် မတော်တဆမှုမျိုးစုံဖြင့် သေဆုံးခဲ့သည်။ *999* ထူးဆန်း သော ဖုန်းနံပါတ်နှင့်လည်း တစ်စုံတစ်ရာ ပတ်သက်နေသည်ဟု တာဝန်ရှိသူများက သုံးသပ်မိသဖြင့် သိန်းတစ်ထောင့်ငါးရာကျပ် အထိပင် ဖြေရှင်းအကြံပြုနိုင်သူ မည်သူမဆိုကို ဖိတ်ခေါ်ထားခဲ့ရ ပြီး မည်သူတစ်ဦးတစ်ယောက်ကိုမျှလည်း ၄င်းနံပါတ်ကို မခေါ်ဆို မိစေရန် အထူးကြေညာချက်တစ်ရပ် ထုတ်ပြန်ထားခဲ့ရပါသည်။

ယခု (. . . . )တက္ကသိုလ်တွင်လည်း တစ်လခွဲအချိန်အတွင်း တွင် ကျောင်းသူ/သားသူငယ်ချင်း ၅ယောက်တို့သည် အလားတူ မတော်တဆဖြစ်ရပ်များဖြင့် အံ့အားသင့်ဖွယ်ရာ ဆက်တိုက်သေဆုံး ခဲ့ပြီဖြစ်ပါသည်။ ၄င်းသေဆုံးသူတို့မှာ -

(၁)မောင်ရှိန်းသူ(ပြိုင်ကားမောင်းရာမှ)

(၂)မောင်ဖြိုးမင်းသူ(ခ)မှုန်ကြီး(မှန်လုံကားချောက်ထဲကျရာမှ)

www.burmeseclassic.com

www.burmeseclassic.com



(၃)မောင်သင်းမောင်မောင်(ခ)ဖက်တီး(နေအိမ်မီးလောင်ရာမှ)

(၄)မသွန်းခကြယ်(ခ)မိသွန်း(ကြိုးဆွဲချ၍သေဆုံး)

(၅)မောင်ခေတ်အုပ်စိုး(မျက်နှာကျက်မှပန်ကာပြုတ်ကျရာမှ)

တို့ ဖြစ်ကြသည်။

၄င်းတို့ သေဆုံးသွားသူ အားလုံးတို့၏ မိုဘိုင်းဖုန်းများတွင်လည်း *999* ၏ပြန်လည်ဖုန်းခေါ် ဆိုမှုများကို ထူးဆန်းဖွယ်တွေ့ထားရကြောင်း၊ ၄င်းဖုန်းနံပါတ်၏ဇစ်မြစ်ကို တိတိပပရှာဖွေမဖော်ထုတ်နိုင်သေး၍ ဆုကြေးငွေကို သိန်း(၃၀၀၀)အထိ တိုးမြှင့်လိုက်ကြောင်း၊ တက္ကသိုလ်ကျောင်းများတွင်သာ ဤကဲ့သို့အဖြစ်ဆိုးများများကို ကြုံတွေ့နေရသည်ဖြစ်ကြောင်းနှင့် ၄င်းသေဆုံးသူ၅ယောက်၏သူငယ်ချင်းအသစ်ဖြစ်သူ ကျောင်းသူလေးတစ်ယောက်ကလည်း တခြားတက္ကသိုလ်တစ်ခုသို့ ပြောင်းရွှေ့သွားပြီဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

(. . . . ဂျာနယ်)



BURMESE CLASSIC

## Ending

ပုံမှန်အနေအထားအရ တက္ကသိုလ်တစ်ခု၏ canteenအချိန်များတွင် ကျောင်းသူကျောင်းသား ၈၀%ကျော်သည် ဆန့်ကျင်ဘက်လိင်တစ်ဦးတစ်ယောက်၏အကြောင်းအရာအချို့ကို ပြောဆိုဆွေးနွေး/ရင်ဖွင့်တိုင်ပင်/ရယ်မောအပုပ်ချပြီး သွက်လက်တက်ကြွ ရွှင်မြူးနေရသည်မှာ ဓမ္မတာတစ်ခုလိုပင် ဖြစ်၏။

သို့သော်. . .

"တွေးကြည့်ရင် အဖြစ်အပျက်တွေက တော်တော်ကြောက်စရာကောင်းတယ်နော်"

"ဟုတ်တယ်. . ဒါပေမယ့်. . ဒီအဖြစ်အပျက်တွေရဲ့နောက်ကွယ်မှာ တစ်ခုခုရှိနေတယ်လို့တော့ ငါထင်တယ်"

ပထမလူငယ်လေး၏စကားကို ဒုတိယလူငယ်တစ်ယောက်က ထောက်ခံပေးရင်း မှတ်ချက်တစ်ခုကို ချ၏။ ခေါင်းတညိတ်ညိတ်လုပ်နေသော တတိယလူငယ်လေးကလည်း တွေးတွေးဆဆနှင့်ပင်ပြော၏။

"ငါကတော့ *999* ဆိုတဲ့ ဖုန်းနံပါတ်ကို စိတ်ဝင်စားလို့ခေါ်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သေးတယ်. . ဘာမှတော့ မထူးခြားပါဘူးကွာ. . အဟဲ. . ငါလည်း သိန်း ၃၀ဝဝလေးဘာလေး ရမလားလို့ စမ်းကြည့်တာလေ"

"မင်း ရနိုင်မယ့်လမ်းစလေးတော့ ငါတွေ့ထားတယ်"

စတုတ္ထလူငယ်၏စကားကြောင့် အားလုံးစိတ်ဝင်စားသွားကြသည်။

"ဘယ်လိုမျိုးလဲ"

"ဒီလိုကွ. . ငါတို့ ဖိုင်နယ်တန်းကို တလောကမှ ပြောင်းလာတဲ့ ဟိုတက္ကသိုလ်က ကောင်မလေးတစ်ယောက်ရှိတယ်"

"ဟာ. ."

"ဟင်"

"ဒါများ ရေးကြီးခွင်ကျယ်လုပ်လို့ကွာ၊ ငါတို့အတန်းကို ပြောင်းလာလိုက်တဲ့လူတွေ အများကြီးပဲရှိတာကို"

"မဟုတ်ဘူးကွ၊ ဒီတစ်ယောက်က ဟိုသေသွားတဲ့ ၅ယောက်နဲ့သူငယ်ချင်းတွေတဲ့ကွ"

"ဟေ"

"ဒါဆို. . သူနဲ့ခင်ရင်. . လမ်းစနည်းနည်းတော့ ရှာလို့ရနိုင်ပြီပေါ့နော်"

"အင်း"

စတုတ္ထလူငယ်က 'အင်း'ဟု မပွင့်တပွင့်ဖြေပြီး ဆက်ပြောပြ၏။





"ဒါပေမဲ့ သူနဲ့ခင်ဖို့က လွယ်တော့မလွယ်ဘူးနော်. . ငါ သိရသလောက် သူက တစ်ယောက်တည်း သီးသီးသန့်သန့်နေတတ်တာ၊ ဘယ်သူ့ကိုမှမရောဘူးတဲ့. . ဆုံးသွားတဲ့ သူငယ်ချင်းတွေအတွက် စိတ်ထိခိုက်နေတာလည်း ပါမှာပေါ့"

"ဘာပဲဖြစ်ဖြစ်. . ငါကတော့ သူနဲ့ရအောင်ခင်မယ်. . မင်း သူ့ကို မြင်ဖူးလား"

"အေး"

"ဒါဆို. . ငါတို့ သူ့ကိုသွားရှာကြည့်ရအောင်"

". . . ."

လူငယ်လေး လေးယောက်တို့သည် တက်ကြွသောခြေလှမ်းများဖြင့် canteen အတွင်းကနေ ထွက်ခွာသွားခဲ့ပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်ပန်းခြံအတွင်းရှိ ခုံတန်းလေး တစ်ခုပေါ်တွင်. . ကောင်မလေးတစ်ယောက်သည် စာအုပ်တစ်အုပ်ကို ငြိမ်သက်စူးနစ်စွာ ဖတ်ရှုနေသည်ကို သင်တို့ မြင်ယောင်ကြည့်လိုက်ပါ။

ထိုကောင်မလေးသည် Micky Mouse Logo (မစ်ကီမောက်အမှတ်တံဆိပ်) ပါ အဖြူရောင်အင်္ကျီတစ်ထည်ကို တင့်တယ်လိုက်ဖက်စွာ ဝတ်ဆင်ထားသည်ကို သင်တို့ ကောင်းကောင်းကြီး သတိထားမိနေပါလိမ့်မည်။



BURMESE CLASSIC

# WARNING....

| DANGER x NUMBER |
|---|
| " *999* " |
| Never, You Don't Called... |



www.burmeseclassic.com

www.burmeseclassic.com



ကုတ်ကဲ့. . .

တရွှေနက္ခတ်နဲ့ကောင်မလေးတစ်ယောက်သည်
'ကြွက်'အမှတ်တံဆိပ် အဖြူရောင်အင်္ကျီတစ်ထည်ကို
ဝတ်ဆင်ပြီး
စာအုပ်တစ်အုပ်ကို (အမှန်တကယ်)ဖတ်နေပါသည်။

ဇာတ်လမ်းတစ်ပုဒ် ပြီးဆုံးသွားတဲ့အခါ
နောက်ထပ်ဇာတ်လမ်းတစ်ပုဒ်က
အစပျိုးဖို့အတွက်
အဆင်သင့်ဖြစ်နေစမြဲပါပဲ. .

လေးစားကြိုးစားလျက်မှ. .
မင်းတခေတ်
(7-3-13 - 11:45:00 PM)

E.mail-mintakhit 11 @ gmail.com
Face book - မင်းတခေတ်

ခေါင်းညှပ်ဖြာဆိုစာပေ

မှ မင်းတခေတ် ၏ထွက်ရှိပြီးစာအုပ်များ
Min Ta Khit




ရှိဘော့(တ်)



ပရော်ဖက်ရှင်နယ်






www.burmeseclassic.com